# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း(၁၀)ရက် ၊ အင်္ဂါနေ့ ၊ (6-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၀၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် မေ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စာမျက်နှာ ၁၆ ကော်လံ ၁

**မြန်မာနိုင်ငံ သင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅) ပြဋ္ဌာန်း** စာမျက်နှာ- ၁၈

**ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ** စာမျက်နှာ- ၁၇

**ကျန်စစ်သားနန်းတည်ကျောက်စာနှင့် နန်းတော်ရာတူးဖော်မှု ဆောင်းပါး** စာမျက်နှာ- ၄

## နိုင်ငံတကာက ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများကို ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ



တရုတ်၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့မှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မေ ၅

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်၊ အလှူရှင်များ၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဧပြီ ၂၁ ရက်မှ ၂၇ ရက်ထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီးဖြစ်သည်။ စာမျက်နှာ ၂၃ ကော်လံ ၁


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံအထိုင်ဈေးဖြင့် လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ ပို့ကုန်နှစ်ဆတိုးမြှင့်စို့

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အဓိကထုတ်လုပ်လျက်ရှိသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်နှစ်ဆတိုးမြှင့်ကြရန် နိုင်ငံတော်က နှိုးဆော်တိုက်တွန်းအားပေးလျက်ရှိသည်။

ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများအောင်မြင်စေရန် မဟာဗျူဟာများချမှတ်ရာတွင် ကမ္ဘာ့ဈေးကွက်၌ နိုင်ငံများ၏ စီးပွားရေးအောင်မြင်မှုကို တိုင်းတာနိုင်မှုမှာ ပို့ကုန်ပမာဏပင်ဖြစ်သည်။ ပို့ကုန်မြှင့်တင်ရေး အစီအစဉ်များကိုဆောင်ရွက်ရာတွင် နိုင်ငံတော်က နိုင်ငံ၏ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်တွင် နေရာရယူရေးအတွက် ကူညီပံ့ပိုးပေးခြင်းသည် အဓိကကျသောအခန်းကဏ္ဍတွင် တည်ရှိနေပေသည်။

ပြည်ပသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှုတိုးမြှင့်ထုတ်လုပ်ရမည် ဖြစ်သကဲ့သို့ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန်လည်း လိုအပ်သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မတိုင်မီ ပြည်ပတင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်ရှိသော်လည်း ၂၀၁၉-၂၀၂၀၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မတိုင်မီကထက် ၈၀ ရာခိုင်နှုန်းအထိ ပိုမိုတင်ပို့နိုင်ခဲ့ သည်ကိုတွေ့ရသဖြင့် ယခုဘဏ္ဍာနှစ်တွင်လည်း ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

မြန်မာ့ပြည်ပပို့ကုန်များ၏ အဓိကဈေးကွက်မှာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ဖြစ်သည်။ ပို့ကုန် စုစုပေါင်း ၂၅ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ ပဲမျိုးစုံတင်ပို့မှု၏ ၅၂ ရာခိုင်နှုန်းခန့်ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း တင်ပို့လျက်ရှိသည်။ မြန်မာပို့ကုန်အများစုမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေး ထုတ်ကုန်များဖြစ်ရာ အပင်ရောဂါနှင့်ပိုးမွှားကင်းစင်ရေးနှင့် အခြားစံချိန်စံညွှန်းဆိုင်ရာပြဋ္ဌာန်းချက် များနှင့် ကိုက်ညီစွာထုတ်လုပ်နိုင်မှသာလျှင် ဈေးကွက်ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ပို့ကုန်နှစ်ဆမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍမြင့်မားအောင် ဆောင်ရွက်ကြရာတွင် နိုင်ငံတွင်ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ကို အခြေခံသည့် ထုတ်ကုန်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပေသည်။ မိမိ တို့နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍအားနည်းရခြင်းနှင့်စပ်လျဉ်း၍ အခြေခံအကြောင်းရင်းများအပေါ် သုံးသပ်မှုအမျိုးမျိုးရှိသော်လည်း အဓိကအချက်မှာ အကျိုးအမြတ်ရရှိမှုနှင့် သက်ဆိုင်သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် မြန်မာနိုင်ငံအနေဖြင့် သီးနှံများအလိုက် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်မည်ဆိုလျှင် ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် ကုန်ထုတ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ကုန်ထုတ်လုပ်မှုလည်း မြင့်မား လာမည်ဖြစ်သည်။ သို့ဖြစ်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းထုတ်ကုန်များကို ပို့ကုန်တိုးမြှင့်တင် ပို့နိုင်ရေးနှင့် ကုန်စည်တစ်မျိုးချင်းအပေါ် လျာထားချက်နှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားမြင့်မားလာစေရေးအတွက် ထုတ်ကုန်များတိုးမြှင့်ထုတ် လုပ်၍ ပို့ကုန်များနှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတွင် ထိုင်းနိုင်ငံဆေးကုသရေးအဖွဲ့က ငလျင်ဘေးသင့်ပြည်သူများကို ဆေးဝါးများကုသပေးနေမှုကြည့်ရှုအားပေး




**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများသည် မေ ၄ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတွင် ထိုင်းနိုင်ငံ ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ငလျင်ဘေး သင့်ပြည်သူများအား ဆေးဝါး များ ကုသပေးနေမှုကို ကြည့်ရှု အားပေးခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်သည် နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာ ဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာ နာယကချုပ် ဆရာတော်အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုလ္လာနွော ဘာသာဘိဝံသအားဖူးမြော်သည်။ ဆက်လက်၍ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးရှိ ဆွမ်းစား ဆောင်တွင် ထိုင်းနိုင်ငံဆေးကုသ ရေးအဖွဲ့က သံဃာတော်များနှင့် ငလျင်ဘေးသင့်ပြည်သူများအား ဆေးဝါးများ ကုသပေးနေမှုကို လိုက်လံကြည့်ရှု အားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ကုလားပဲများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ ခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကုလားပဲများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ် ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်း မြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၀၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ ကြောင်း၊ အဆိုပါစိုက်ပျိုးထား သော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ် သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၁၆ ဒသမ ၇၈ တင်းထွက်ရှိ ကြောင်း သိရသည်။

"အရာတော်မြို့နယ်မှာ ဆောင်း ကုလားပဲ ၅၀၀၂ ဧကထိ စိုက်ပျိုး နိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ လက်ရှိအချိန် မှာတော့ ဧကအားလုံးရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည် အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ပံ့ပိုးပေးခဲ့ပါ တယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်း မြင့်က ပြောပြသည်။

အရာတော်မြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီ ပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုး များကို စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျ ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင် သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ် သဃ်န်းဒေါင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေကြည် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် သဃ်န်းဒေါင့် ကျေးရွာအုပ်စု သဃ်န်းဒေါင့်ကျေး ရွာ၌ ကျေးရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုကို မေ ၄ ရက် နံနက်ပိုင်း က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ရေကြည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေ နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်း များက မြစိမ်းရောင်ကျေးရွာစီမံ ကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် အတူ သဃ်န်းဒေါင့်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်း ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ကွန်ကရစ်လမ်း ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေး မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

သဃ်န်းဒေါင့်ကျေးရွာတွင် လမ်း အရှည်ပေ ၅၆၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၈၉ သိန်း၊ ပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၄၀ စုစုပေါင်းငွေကျပ် ၁၂၉ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှု တို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသား များကိုယ်တိုင် ယခုနှစ် မတ် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကြို့ပင်ကောက်မြို့နယ်၌ ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် မေ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သည့် ရွာသာယာကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသာယာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။ **သန်းလွင်(မကွေး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ပြင်ဦးလွင်မြို့ အနီးစခန်းနေ ဦးသောင်း-ဒေါ်ခင်ပုံ မိသားစုက ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဖူးစားပြောင်းအဖူးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဖူးစားပြောင်း အဖူးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အကြီးလေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ဒေသထွက် ဖူးစားပြောင်းအဖူးရေ ၈၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ဖူးစားပြောင်း အဖူးရေ ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီလအတွင်းက ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်း အဖူးရေအများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ များများတင်ပို့ရောင်းချနေရတော့ ပြောင်းစိုက်ပျိုးသူတွေနဲ့ ကုန်သည်တွေ အဆင်ပြေလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်" ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အကြီးလေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက် ဖူးစားပြောင်းများကို ဝယ်ယူပြီး ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊အဆိုပါ ဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၁၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွား မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်သာကျေးရွာတွင် နို့စားနွား မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဘုတလင်မြို့နယ်တွင် နေကြာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၇ ဒသမ ၂၉ တင်းထွက်ရှိ

**ဘုတလင် မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၇ ဒသမ ၂၉ တင်းထွက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၈၁၉၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာသီးနှံ ၁၈၁၉၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိမှာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာဘဲ စိုက်ကြပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မာရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# ကျန်စစ်သားနန်းတည်ကျောက်စာနှင့် နန်းတော်ရာတူးဖော်မှု

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာသမိုင်းပညာရှင်များက ပုဂံဘုရင်ကျန်စစ်သားမင်းသည် မွန်မြန်မာချစ်ကြည်ရေးကို အထူးအလေးပေးခဲ့သည့် ဘုရင်ဖြစ်ကြောင်း ရေးသားလေ့ရှိကြသည်။ ထိုသို့ ရေးသားဖော်ပြကြခြင်း၏ အကြောင်းရင်းများတွင် ကျန်စစ်သားမင်းသည် မွန်ဘာသာဖြင့်သာ ကျောက်စာများကို ရေးထိုးခဲ့ခြင်းသည် အကြောင်းတစ်ရပ်ဖြစ်ဖွယ် ရှိပေသည်။

ရှာဖွေတွေ့ရှိထားသည့် ကျန်စစ်သားမင်းရေးထိုးခဲ့သည့် ကျောက်စာများအားလုံးသည် မွန်ဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာများသာဖြစ်၍ ထိုကျောက်စာများအားလုံးကို ရှေးဟောင်းသုတေသနဝန်ထောက် ဆရာကြီး ဦးချစ်သိန်းက စုစည်း၊ တည်းဖြတ်ကာ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ ကျန်စစ်သားသည် မိမိရေးထိုးသည့် မွန်ကျောက်စာများကို ပုဂံဒေသတွင် နေရာလေးခု၌ စိုက်ထူခဲ့ရာ နန်းတည်ကျောက်စာများကို ကျန်စစ်သားအတ္ထုပ္ပတ္တိ ကျောက်စာကဲ့သို့ပင် ခမ်းနားစွာရေးထိုးခဲ့သည်။ သို့သော် အတ္ထုပ္ပတ္တိကျောက်စာနှင့် နန်းတည်ကျောက်စာများသည် ခမ်းနားပုံမတူကြချေ။

ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိကျောက်စာတွင် မိမိသည် ဘုရားရှင်၏ ဗျာဒိတ်တော်ရမင်းဖြစ်ကြောင်းကို ခမ်းနားစွာရေးထိုး၍ နန်းတည်ကျောက်စာတွင်မူ ကြီးကျယ်ခမ်းနားသော မင်းခမ်းမင်းနားများ အကြောင်းကို ရေးထိုးထားသည်။ နန်းတည်ကျောက်စာတိုင်များကို ပုဂံမြို့ဟောင်းအဝင် သရပါတံခါး အနီးမှရရှိခဲ့ပြီး ယခုအခါတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင်ထိန်းသိမ်းကာ မြန်မာဘာသာပြန်ဆိုချက်များနှင့်အတူ ကျောက်စာပြသထားသည်။

**ပုဂံဘုရင်ကျန်စစ်သား**

မြန်မာရာဇဝင်များတွင် ထင်ရှားသည့် ပုဂံသူရဲကောင်းများတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ကျန်စစ်သားသည် သမိုင်းအထောက်အထား အခိုင်အမာရှိသော ဘုရင်တစ်ပါးဖြစ်သော်လည်း ကျန်သူရဲကောင်းများဖြစ်သည့် ငထွေရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့မှာမူ ခိုင်မာသော အထောက်အထားများ မတွေ့ရှိရသေးပေ။

ကျန်စစ်သားသည် ဧရမန်ကန်းကို အောင်နိုင်ပြီးနောက် သက္ကရာဇ် ၄၂၆ ခု ကဆုန်လပြည့် အင်္ဂါနေ့တွင် မိဖုရားအပယ်ရတနာနှင့်ဘိသိက်ခံယူပြီး မင်းဖြစ်တော်မူကြောင်း၊ မင်းဖြစ်တော်မူလျှင် နန်းတော်ရာမြေရပ်ကိုကြည့်၍ မြောက်ကား ပျူစောထီးဥဒ္ဓံမြုပ်ရာ၊ အရှေ့ကား အနော်ရထာမင်းစော ပြာသာဒ်ငါးဆောင်နှင့်နေတော်မူရာ၊ အနောက်ကား မုဋ္ဌော၊ ထိုအရပ်သည် မြတ်သောမြေရပ်ဖြစ်သည်ဟု နန်းတော်ဆောက်၍ နန်းတက်တော်မူ၏ဟု တွင်းသင်းမဟာရာဇဝင်သစ်တွင် ကျန်စစ်သားနန်းတည်မှုကို ဖော်ညွှန်းရေးသားထားသည်။ သို့သော် ပျူစောထီးဥဒ္ဓံမြုပ်ရာဟူသည့် အသုံးအနှုန်းသည် ယုံမှားသံသယဖြစ်ဖွယ် ဒဏ္ဍာရီစကားတစ်ရပ်ဖြစ်နေခဲ့ပေသည်။

ထီးလှိုင်မင်း ခေါ် ကျန်စစ်သားကို ချင်းတွင်းမြစ်အောက်ပိုင်းရှိ ပရိမ္မတွင် ဖွားမြင်ခဲ့ကြောင်းနှင့် ကျန်စစ်သား၏ ခမည်းတော်သည် အနော်ရထာမင်းဖြစ်ကြောင်း အများပြောစကားများရှိသော်လည်း အတိအကျမှန်မည်ဟု မဆိုနိုင်ကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ထောက်ပြခဲ့သည်။ ထို့အတူ ထီးလှိုင်အရပ်တွင် ဖွားမြင်ခဲ့သည်ဟုလည်း ပြောကြရာ ထီးလှိုင်အရပ်သည် ဝမ်းတွင်းမြို့၏ အနောက်တောင်ဘက်တွင် တစ်နေရာ၊ ရမည်းသင်းမြို့၏အရှေ့တောင်ဘက်တွင် တစ်နေရာ၊ တောင်ငူမြို့၏မြောက်ဘက်တွင် တစ်နေရာနှင့် ရှမ်းပြည်နယ်မြေလပ်တွင် တစ်နေရာရှိနေသဖြင့် မည်သည့်ထီးလှိုင်ဟု အတိအကျပြောနိုင်မည် မဟုတ်ချေ။ သို့သော် သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ကျန်စစ်သားကို မွေးဖွားခဲ့သည့် ထီးလှိုင်သည် ဝမ်းတွင်းမြို့အနီးမှ ထီးလှိုင်ကသာ ဖြစ်နိုင်ခြေများကြောင်း ယူဆခဲ့သည်။

ကျန်စစ်သား၏ ခမည်းတော်သည် အနော်ရထာဖြစ်ကြောင်း ရာဇဝင်ကျမ်းအချို့တွင် ရေးသားကြသော်လည်း ကျောက်စာများတွင် အထင်အရှားဖော်ပြထားခြင်းကို မတွေ့ရချေ။ သို့သော် ကျန်စစ်သားသည် အနော်ရထာ၏သားတော်ဖြစ်ကြောင်း လက်ခံသူများက မန္တလေးနန်းတွင်းကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် လှည်းထောင်ဘုရားကျောက်စာကို ကိုးကားထောက်ပြလေ့ရှိကြသည်။ မတ္တရာမြို့နယ် တောင်ပြုံးအရပ်မှ ရရှိခဲ့သည့် ထိုကျောက်စာ၏ ပထမစာကြောင်းတွင် "မင်းကြီးနော်ရထာ သားချစ်တမူလည်းဖြစ်ထသော ထီးလှိုင်အရှင် ကလန်



ကျန်စစ်သားနန်းတည် ကျောက်စာတိုင်ကို တွေ့ရစဉ်။

စစ်သား"ဟု ရေးထိုးထားသည်။ သို့သော် ပညာရှင်များက ထိုကျောက်စာကို ဗဒုံမင်းလက်ထက်ရောက်မှ သက္ကရာဇ်နောက်ဆုတ်ကာ ထိုးခဲ့သည့် ကျောက်စာဟု သတ်မှတ်ကြသဖြင့် ထိုစာကြောင်းတစ်ခုတည်းဖြင့် ကျန်စစ်သားသည် အနော်ရထာ၏ သားတော်ဖြစ်သည်ဟူသည့်အချက်ကို လက်မခံကြချေ။(လှည်းထောင်ဘုရားကျောက်စာကို ဦးငြိမ်းမောင်ပြုစုသည့် ရှေးဟောင်းမြန်မာကျောက်စာများစာအုပ် ပထမတွဲတွင် ဖော်ပြထားသည်။)

**ကျောက်စာပါ ပုဂံခေတ် ယုံကြည်ကိုးကွယ်မှုများ**

မွန်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားချက်အရ ကျန်စစ်သားနန်းတည်ကျောက်စာသည် စာပေလက်ရာအဖြစ်ထက် မှတ်တမ်းအဖြစ်သာ ပိုမိုတန်ဖိုးရှိကြောင်းနှင့် ထိုခေတ်ကာလက ဘာသာရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်အချို့ကို ဆင်ခြင်ဖွယ်ရာတွေ့ရှိရကြောင်း ဆရာစောလူက သုံးသပ်ခဲ့သည်။

ဆရာစောလူကပင် ကျောက်စာမြန်မာပြန် အပိုင်း(ဃ)တွင် ဖော်ပြထားသည့် "ထိုနေရာ၌ အခင်းကိုခင်း၍ ထိုအခင်းထက်၊ ရွှေဆင်းတုဘုရားတစ်ဆူ၊ သခင်ဂဝံပတိဆင်းတုတစ်ဆူ၊ ဝိနည်း၊ သုတ်၊ အဘိဓမ္မာကျမ်း ပိဋကသုံးပုံတို့ကို တည်ထား၏" ဟူသည့်စာသားကိုထောက်၍ ထိုခေတ်က ယုံကြည်ကိုးကွယ်မှုအခြေအနေကို သိနိုင်ကြောင်း ရေးသားခဲ့သည်။

ကျန်စစ်သားမင်းသည် မွန်များ အထွတ်အမြတ်ထားသည့် ဂဝံပတိမထေရ်ကို နန်းတော်တည်သည့် အခမ်းအနားတွင် ဘုရားရှင်ရုပ်ပွားတော်၊ ပိဋကသုံးပုံနှင့်အတူ ဦးထိပ်ပန်ဆင်ခဲ့ခြင်းဖြင့် မွန်တို့၏ ချစ်ကြည်မှုကိုရယူရန် ကြိုးပမ်းခဲ့သည်။ မွန်တို့က ရဟန္တာဂဝံပတိမထေရ်သည် အတိတ်ဘဝက သထုံပြည့်ရှင် သီဟရာဇာဖြစ်ခဲ့ကြောင်းနှင့် ထိုဘဝက စုတေပြီးနောက် ဘုရားရှင်၏ သာဝကတစ်ပါးဖြစ်ခဲ့ကြောင်း ယုံကြည်ကြသည်။ ထို့အတူ မွန်ရာဇဝင်သမိုင်းအားလုံးကို ရဟန္တာဂဝံပတိက ဟောကြားခဲ့သည်ဟု လက်ခံထားကြသည်။ ထို့ကြောင့် ဂဝံပတိအကြောင်း ရေးသားခြင်း၊ ဂဝံပတိကို ကိုးကွယ်ခြင်းတို့သည် ကျန်စစ်သားမင်းကြီးက မွန်တို့ကို စည်းရုံးခြင်းတစ်မျိုးဖြစ်မည်ဟု မွန်စာပေပညာရှင် နိုင်ပန်းလှက ကျန်စစ်သားမင်းကြီးနှင့် မွန်ဘာသာဆောင်းပါးတွင် ရေးသားခဲ့သည်။

ကျန်စစ်သားမင်းနန်းတည်ရာတွင် ဗုဒ္ဓဘုရားရှင်ကိုသာမက ဂဝံပတိ ကိုးကွယ်မှုကိုပါ တွေ့ရှိကြရပြီး အခမ်းအနားကို ဦးဆောင်သည့် ပုဏ္ဏား၊ ဟူးရား၊ ဗိသုကာများသည် ဗိသနိုးနှင့် နဂါးတို့ကိုလည်း ရှိခိုး၍ ငှက်ပျောသီးငယ်၊ ကြံတို့ဖြင့် ပြင်ဆင်ထားသော ငှက်ပျောပွဲများ၊ ထမင်းခေါ်ခွက်များဖြင့် ပူဇော်ခဲ့ကြသည်။ ရွှေငွေ ကလသာအိုး၊ နေဇာမြက်၊ ဆန်ရင်းထည့်ထားသော ခရုသင်းရေ၊ ရွှေပန်း သံတုတ်ပေါင်းလန်း၊ ဆီမီးဒေါင်းလန်း စသည်တို့ကိုလည်း စီစဉ်ခဲ့သည်။ အခမ်းအနားတွင် မဟာထေရ်အရဟံ အမှူးပြုသော ရဟန်း ၄၁၀၈ ပါးသည် ပရိတ်တော်များကို ရွတ်ဖတ်ခဲ့ကြသည်။

ထိုအချိန်က ပုဂံတွင် ယုံကြည်ကိုးကွယ်မှုများ ကွဲပြားရောနှောနေရုံသာမက လူမျိုးများလည်း ရောနှောနေထိုင်ခဲ့ကြမည်ဟု ခန့်မှန်းရကြောင်း သုံးသပ်နိုင်မည်ဖြစ်သည်။ နန်းတော်တည်ဆောက်ရာတွင် မွန်လူမျိုးက ဦးဆောင်လုပ်ကိုင်ခဲ့ဟန်ရှိကာ နန်းတော်တည်ဆောက်နေစဉ် ဥပုသ်ရက်များ၌ ရဟန်းတော်များသည် နန်းတော်ဇေတဝန်ဆောင်၌ သီတင်းသုံးခဲ့ကြရာ ညနေချမ်းအချိန်များတွင် မွန်အကြီးအကဲများ၏သားများက ရဟန်းတော်များထံမှောက်သို့ သွားရောက်ခဲ့ကြသည်။ ထို့အတူ ပုဏ္ဏား၊ ဟူးရားတို့၏ သမီးငယ်များကလည်း နေရာပေးခံကြရသည်။ ညသန်းခေါင်ချိန်တွင် ရှင်အရဟံနှင့် သံဃာများသည် ပရိတ်ရွတ်မည့် အိမ်သို့ဝင်ကာ သီတင်းသုံးကြသည်။

တေးသီချင်းများ သီဆိုကြချိန်တွင် မြန်မာသီချင်း၊ မွန်သီချင်း၊ ပျူသီချင်း၊ မင်သီချင်းများကို သီဆိုကြကြောင်းရေးထိုးထားရာ မင်သည် မည်သည့် လူမျိုးဖြစ်ကြောင်း မခန့်မှန်းနိုင်သော်လည်း ထိုအချိန်က ပုဂံတွင် မြန်မာ၊ မွန်နှင့် ပျူများရှိခဲ့ကြောင်းကား ထင်ရှားနေခဲ့ပေသည်။

**နန်းတည်ကျောက်စာ**

ကျန်စစ်သားနန်းတည်ကျောက်စာကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည့် ဆရာကြီးဦးချစ်သိန်းသည် ကျောက်စာများကို အပိုင်း (က) မှ (ဒ)အထိခွဲကာ ဖော်ပြခဲ့သည်။

ကျောက်စာတွင် ရေးထိုးသည့် ခုနှစ်သက္ကရာဇ်ကို ဖော်ပြမထားသော်လည်း ကျောက်စာအစ၌ တန်ဆောင်မုန်းလဆန်း နှစ်ရက်၊ တနင်္လာနေ့ရောက်သောအခါ သံဗျင်ကြီး၊ သံဗျင်ငယ်၊ ကလန်သူကြီး၊ ပုဏ္ဏား၊ ဟူးရား၊ ဗိသုကာနှင့် ဝေါထမ်းပုဏ္ဏားတို့သည် အတွင်းအကျီတို၊ အပြင်အကျီရှည်၊ ပုဆိုးဖြူတို့ကို ဝတ်ဆင်ကြ၏။ ထို့နောက် ၁၂၆ ယောက်သော မွန်လူမျိုးတို့သည် ပုဆိုးဖြူနှင့်တကွ ကြေးကလသာအိုး၊ မြေကလသာအိုးတို့ကို ပိုက်ပွေ့ထားကြ၏ဟု အစချီကာ နန်းတော်ဆောက်လုပ်မည့် ဥရုတိုင်၊ ကြငှန်းတိုင် ၂၀၊ အလုံးစုံသောတိုင်များနှင့် ကိရိယာ တန်ဆာပလာများကို ဆေးကြောကြပုံများကို ရေးထိုးခဲ့သည်။

ကျောက်စာ အပိုင်း(ခ)တွင် တပို့တွဲလဆန်း ၅ ရက် စနေနေ့၊ တပေါင်းလဆန်း ၅ ရက် တနင်္ဂနွေနေ့နှင့် တပေါင်းလဆန်း ၆ ရက် တနင်္လာနေ့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းကိစ္စများကို ရေးထိုးခဲ့သည်။ ကျန်ကျောက်စာအပိုင်းများတွင် ပျက်နေသည့်စာသားများကို မြန်မာဘာသာသို့ ပြန်ဆိုနိုင်ခဲ့ခြင်း မရှိချေ။ ကျောက်စာနောက်ဆုံးပိုင်းတွင် တောက်ပသောရွှေဖြင့်ပြီး၍ များလှစွာသောရတနာတို့ဖြင့် စီခြယ်အပ်သည့် သီဟာသနပလ္လင်ထုလုပ်ထားပုံကို အသေးစိတ်ဖော်ပြကာ ကျောက်စာကို အဆုံးသတ်ခဲ့သည်။

ကျန်စစ်သားတည်ခဲ့သည့် နန်းတော်သည် မည်သည့်ခုနှစ်တွင်ပြီးဆုံးကြောင်း ကျောက်စာတွင် ဖော်ပြခဲ့ခြင်းမရှိသော်လည်း ကျန်စစ်သားမင်းသည် ပုဂံဘုရင်ဖြစ်လာပြီးနောက် မိမိစံမည့်နန်းတော်ကို တည်ဆောက်ခဲ့ခြင်းသည်ကား အထင်အရှားပင်ဖြစ်သည်။

**ပုဂံနန်းတော်ရာ တူးဖော်မှုများ**

ရှေးဟောင်းသုတေသနဆိုင်ရာ မှတ်တမ်းများအရ ပုဂံကို အေဒီ ၁၀၈ ခုနှစ်တွင် သမုဒ္ဒရာဇ်မင်းက ပထမဆုံး တည်ခဲ့သည်ဟုဆိုသည်။ ပုဂံတည်စအချိန်မှ ပုဂံပျက်သုဉ်းသည့် ခရစ်နှစ် ၁၃၆၈ ခုနှစ်ထိ ဘုရင် ၅၅ ပါးစိုးစံခဲ့ကာ နှစ်ပေါင်း ၁၂၀၀ ကြာသည့်တိုင် တည်တံ့ခဲ့သည်။ (ပုဂံမင်းဆက်ကို တွင်းသင်းမဟာရာဇဝင်သစ်တွင် ၅၆ ပါးပြဆို၍ မှုံရွေးမဟာရာဇဝင်ကျော်တွင် ၅၈ ပါးပြဆိုသည်။)

ပုဂံကို လေးကြိမ်တည်ထောင်ခဲ့ရာ အရိမဒ္ဒနာ၊ သီရိပစ္စယာနှင့် တမ္ပဝတီအမည်တို့ဖြင့် ထင်ရှားချိန်က သစ်တပ်မြို့ရိုးသာ ရှိခဲ့ဟန်တူကာ ကျုံးနှင့် အုတ်မြို့ရိုး မရှိခဲ့ပေ။ ပုဂံကို နောက်ဆုံးတည်ခဲ့သူသည် ပျဉ်ပြားမင်း (ခန့်မှန်း ၈၄၆- ၈၇၆)ဖြစ်ကြောင်း လက်ခံထားကြသည်။ ပုဂံကို လေးကြိမ်တည်ခဲ့သည်ဟုဆိုသော်လည်း ပုဂံအဝန်းအဝိုင်းအတွင်းမှာပင် တည်ခဲ့ခြင်းကြောင့် အားလုံးသည် ပုဂံသာဖြစ်ပေသည်။

ပုဂံ၌အနော်ရထာမင်းနန်းတော်ရာနှင့် ကျန်စစ်သားမင်းနန်းတော်ရာဟု နန်းတော်ရာ နှစ်ခုရှိခဲ့သည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ပုဂံမြို့နိဒ္ဒေသမှတ်တမ်းနှင့် မြို့သူကြီးဦးစိန်ဘူး၏ပုရပိုက်ကို ၁၉၆၄ ခုနှစ်က ကူးယူခဲ့ရာ နန်းတော်ရာနေရာကို ဖော်ပြထားကြောင်းတွေ့ရှိခဲ့သည်။ ပုရပိုက်တွင်ပြထားသည့် နန်းတော်ရာနေရာသည် သရပါတံခါး၏ အနောက်ဘက် ၁၄၉ တာ (၁၅၆၄ ဒသမ ၅ ပေ)၊ တောင်ဘက်မြို့ရိုးမှ ၁၁၆ တာ (၁၂၁၈ ပေ)အကွာဖြစ်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အနော်ရထာနန်းတော်ရာနေရာကို

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံမြေပဲ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၅၉ ဒသမ ၅၂ တင်း ထွက်ရှိ



**ခင်ဦး မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်မြေပဲ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၄၀၂၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၉ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၃၄၀၂၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကိုအထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီ ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

နှစ်ကြိမ်တူးဖော်ခဲ့ရာ တူးဖော်ခဲ့သည့်နေရာတွင် ပေါ်ထွက်လာခဲ့သည့် မြေအဆောက်အအုံထောင့်သည် ပုရပိုက်ပါနန်းတော်ရာနေရာနှင့် ကိုက်ညီနေသဖြင့် အနော်ရထာမင်း၏ နန်းတော်ရာနေရာ ဟု အထောက်အထားခိုင်မာစွာ ပြသနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲက bagan.museummyanmar.gov.mm web page တွင် ထုတ်ပြန်ထားသည်။

ထို့အတူ ကျန်စစ်သားနန်းတော်ရာနေရာကို ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၇ ခုနှစ်တွင် တူးဖော်သုတေသနပြုခဲ့သည်။ နန်းတော်ရာနေရာသည် ပုဂံ အရှေ့ဘက်မြို့ရိုးနှင့် နီးကပ်စွာတည်ရှိပြီး နန်းတော် အရှေ့ဘက်အုတ်ခုံနှင့် ပုဂံအရှေ့ဘက်မြို့ရိုးသည် ပေ ၅၀၀ သာကွာဝေး၍ တောင်ဘက်မြို့ရိုးနှင့် ပေ ၉၅၀ ကွာဝေးသည်။နန်းတော်အုတ်ခုံသည် ပုဂံအနောက်ဘက်မြို့ရိုးမှ ၁၇၆၄ ပေ နှင့် မြောက်ဘက်မြို့ရိုးမှ ၁၀၆၅ ပေ ကွာဝေးကြောင်း တွေ့ရှိရသည်။

ကျန်စစ်သားနန်းတော်ရာကို တူးဖော်ခဲ့ချိန်တွင် ပန္နက်ခုံနှင့် အုတ်ပတ်တိုင်ကျင်းရာများကို တွေ့ရှိခဲ့ရပြီး အုတ်ရိုးတန်းများမှာ ၁၅ တန်းဖြစ်၍ အုတ်ဖြင့်ပတ်ထားသည့် တိုင်ရာများမှာ ၁၀၇ တိုင်ဖြစ်သည်။ ထို့အတူ နန်းတော်၏ အရပ်မျက်နှာလေးဘက်ရှိ အရံပြာသာဒ်ဆောင်လေးဆောင်၏ ခန်းမဆောင် ပန္နက်အုတ်ခုံများကို တူးဖော်တွေ့ရှိခဲ့သည်။ ထိုပြာသာဒ်ဆောင် လေးဆောင်နှင့် ဆက်စပ်နေသည့် ခန်းဆောင်များ၏ ပန္နက်ရာများကိုလည်း တွေ့ရှိခဲ့ရပေသည်။

ကျန်စစ်သားန န်းတော်ရာ အရှေ့ဘက်တွင် ခန်းမကြီးတစ်ခုကိုတွေ့ရှိရပြီး ခန်းမကြီး၏မြောက်ဘက်တွင် အခန်းငယ်အုတ်ရိုးတန်းများနှင့် နန်းတော်ရာ၏ အရှေ့မြောက်ဘက်ပိုင်းတွင် အကျယ် ၇ ပေနှင့် အနက် ၂၅ ပေရှိသော အုတ်ရေတွင်းတစ်ခုကို တူးဖော်တွေ့ရှိရကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၏ ထုတ်ပြန်ချက်တွင် ဖတ်ရှုရပေသည်။

ပုဂံဘုရင်ကျန်စစ်သား(၁၀၈၄-၁၁၁၃)သည် ခမ်းနားထည်ဝါခဲ့မည်ဖြစ်သည့် နန်းတော်ကြီးကိုတည်ဆောက်ကာ နန်းတည်ကျောက်စာကို ရေးထိုးစိုက်ထူခဲ့သဖြင့် ပုဂံသုတေသီများက ခိုင်မာသော ပုဂံသမိုင်းအထောက်အထားမှတ်တမ်းတစ်ရပ်အဖြစ် အကိုးအကားပြုနိုင်ခဲ့ကြပေသည်။

**ကိုးကား**

- **ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်(ဦးချစ်သိန်း)**
- **ပုဂံခေတ် မြန်မာစာ(စောလူ)**
- **ပုဂံဆက် ပုဂံခေတ် မြန်မာရာဇဝင် (ဒေါက်တာသန်းထွန်း)**
- **တွင်းသင်းမဟာရာဇဝင်သစ်(ဦးထွန်းညို)**

## ပညာသည် မြတ်ရွှေအိုး

- ပညာသည် မြတ်ရွှေအိုး
ချစ်မြတ်နိုး သင်ယူပါ၊
လောကဝယ် ပညာပန်း
ဆင်မြန်းကြကာ၊
ပညာခေတ် ရောက်လို့သာ
ရတနာ အမှန်ဖြစ်၊
ထူးချွန်အောင် အစဉ်ကြိုးစား
နိုးကြားဖွင့်လှစ်။

- ပညာသင် မောင်မယ်များ
အစဉ်ရိုးသား တန်ဖိုးဝင်၊
ပန်းတိုင်ကို ရောက်စေရေး
တွေးတောစေချင်၊
အမှားမလုပ် အမှန်ပြင်
စိတ်ကြည်လင် သင်ယူစို့၊
တိုးတက်ရာ ပညာလမ်း
ရှင်လန်းမည်ဗျို့။

- ပညာအမွေ လက်ဆင့်ကမ်း
သယ်ရွက်ထမ်း တာဝန်ကျေ၊
ခေတ်မီကာ နိုင်ငံအလှ
သုခများဝေ၊
မိမိတို့ နိုင်ငံမြေ
အကျိုးတွေ ဖြစ်စေရေး၊
ပညာကို အပျင်းမဖက်
ရှေ့ဆက်သင်ပေး။ ။

ဖြိုးထက်(ရေစကြို)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတကာ သတင်းများ

## ပြည်ပ၌ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်ကားများကို ၁၀၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ရန် သမ္မတဒေါ်နယ်ထရန့်ညွှန်ကြား

**ဝါရှင်တန် မေ ၅**

ပြည်ပနိုင်ငံများ၌ ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်ကားများကို ၁၀၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မေ ၄ ရက်တွင် ပြောကြားခဲ့သည်။

ဟောလီးဝုဒ်ရုပ်ရှင်လောကသားများကို ဆွဲဆောင်ရေးအတွက် ပြည်ပနိုင်ငံများက ကမ်းလှမ်းနေသည့်မက်လုံးများကြောင့် ဟောလီးဝုဒ်ရုပ်ရှင်လောကမှာ သေဆုံးလုနီးပါဖြစ်နေကြောင်း သမ္မတဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ပနိုင်ငံများ၏ အဆိုပါ လုပ်ရပ်များသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက်ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က ဝေဖန်ခဲ့သည်။

သို့ဖြစ်ရာ ပြည်ပ၌ ရိုက်ကူးထုတ်လုပ်ပြီး အမေရိကန်နိုင်ငံသို့ တင်သွင်းပြသမည့် ရုပ်ရှင်ဇာတ်ကားများကို ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ရန် ကုန်သွယ်ရေးဝန်ကြီးဌာနကို ညွှန်ကြားထားကြောင်း သမ္မတဒေါ်နယ်ထရန့်က ပြောကြားထားသည်။

သမ္မတ ဒေါ်နယ်ထရန့်၏ အဆိုပါညွှန်ကြားချက် စတင်၍ အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဟိုးဝပ်လပ်နစ်ခ်က လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

သို့ရာတွင် ပြင်ပ၌ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်ကားများအပေါ် မည်သို့အခွန်စည်းကြပ်မည်ကို သမ္မတဒေါ်နယ်ထရန်နှင့် ကုန်သွယ်ရေးဝန်ကြီးတို့က ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ငံတကာလေကြောင်းလိုင်းများ ပါကစ္စတန်လေပိုက်နက်ကို ရှောင်ကွင်းပျံသန်း




**ပဲရစ် မေ ၅**

ပြင်သစ်အခြေစိုက် အဲဖရင့်စ်နှင့် ဂျာမနီအခြေစိုက် လုဖ်သန်ဆာလေကြောင်းလိုင်းများ အပါအဝင် နိုင်ငံတကာလေကြောင်းလိုင်းများ ပါကစ္စတန် လေပိုင်နက်ကို ရှောင်ကွင်းပျံသန်းနေကြကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ ကတ်ရှ်မီးယားဒေသ၌ ဧပြီ ၂၂ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကို အကြောင်းပြု၍ ပါကစ္စတန်နှင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေစဉ် ပါကစ္စတန်လေပိုင်နက်ကို နိုင်ငံတကာလေကြောင်းလိုင်းများက ရှောင်ကွင်းပျံသန်းနေကြခြင်းဖြစ်သည်။

ဧပြီ ၂၂ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှာ တစ်ဖက်နှင့်တစ်ဖက်လေပိုက်နက် ဝင်ရောက်ခွင့်ပိတ်ပင်မှုများ ပြုလုပ်ထားကြသည်။

သို့ရာတွင် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် နိုင်ငံတကာလေကြောင်းလိုင်းများ အတွက် ဝေဟင်ပိုင်နက် အသုံးပြုခွင့်များ ပုံမှန်အတိုင်း ဆက်လက်ပေးထားကြောင်း သိရသည်။

ပါကစ္စတန်ဝေဟင်ပိုင်နက်ကို ရှောင်ရှားပျံသန်းနေရမှုကို အဲဖရင့်စ်လေကြောင်းလိုင်းနှင့် လုဖ်သန်ဆာလေကြောင်းလိုင်းတို့က အတည်ပြု သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အယ်လ်ကာထရက်ဇ် အကျဉ်းထောင်ကိုပြန်လည်တည်ဆောက်ဖွင့်လှစ်ရန် ညွှန်ကြား



**နယူးယောက် မေ ၅**

ဆန်ဖရန်စစ္စကိုပင်လယ်အော်ရေပြင်အတွင်း၌ တည်ရှိသော အယ်လ်ကာထရက်ဇ် အကျဉ်းထောင်ကို ပြန်လည်တည်ဆောက်ဖွင့်လှစ်ရန် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားထားကြောင်း မေ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိက၏ အဆိုးရွားဆုံး ဒုစရိုက်သမားများကို ထားရှိရေးအတွက် အယ်လ်ကာထရက်ဇ် အကျဉ်းထောင်ကို ပြန်လည်တည်ဆောက်ဖွင့်လှစ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

ထို့ပြင် အယ်လ်ကာထရက်ဇ် အကျဉ်းထောင်ကို တိုးချဲ့တည်ဆောက်၍ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဖက်ဒရယ်အကျဉ်းထောင်များဗျူရို၊ အမိမြေလုံခြုံရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဌာနများကို မိမိညွှန်ကြားထားကြောင်း သမ္မတဒေါ်နယ်ထရန့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် အတည်ပြု ပြောကြားခဲ့သည်။

အယ်လ်ကာထရက်ဇ်အကျဉ်းထောင်သည် ဆန်ဖရန်စစ္စကိုပင်လယ်အော်အတွင်းရှိ အယ်လ်ကာထရက်ဇ်ကျွန်းပေါ်၌ တည်ရှိပြီး အမေရိကန်နိုင်ငံ၏ လုံခြုံမှုအရှိဆုံး အကျဉ်းထောင်အဖြစ်ထင်ရှားသည်။

နာမည်ကျော် ရာဇဝတ်သားများကိုထားရှိခဲ့ဖူးသော အယ်လ်ကာထရက်ဇ်အကျဉ်းထောင်ကို ၁၉၆၃ ခုနှစ်တွင် အမေရိကန်အစိုးရက ပိတ်သိမ်းခဲ့သည်။

လက်ရှိတွင် အယ်လ်ကာထရက်ဇ်အကျဉ်းထောင်သည် လော့စ်အိန်ဂလိစ်မြို့၏ ခရီးသွားဧည့်သည် ဝင်ရောက်မှုအများဆုံးနေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## လေဒီဂါဂါ၏ ဂီတဖျော်ဖြေပွဲကို ဗုံးခွဲတိုက်ခိုက်မည့်အစီအစဉ် ဘရာဇီးရဲတပ်ဖွဲ့ တားဆီးနိုင်ခဲ့

**ရီယိုဒီဂျနေးရိုး မေ ၅**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့ ကိုပါကာဘာနာကမ်းခြေ၌ ကျင်းပခဲ့သော အမေရိကန် အမျိုးသမီးပေါ့ပ်အဆိုတော် လေဒီဂါဂါ၏ ဂီတဖျော်ဖြေပွဲအား ဗုံးခွဲတိုက်ခိုက်မည့် အစီအစဉ်ကို ဘရာဇီးရဲတပ်ဖွဲ့က တားဆီးနိုင်ခဲ့ကြောင်း မေ ၄ ရက် သတင်းများတွင် ဖော်ပြထားသည်။



လေဒီဂါဂါ၏ ဂီတဖျော်ဖြေပွဲကို ဗုံးခွဲတိုက်ခိုက်ရန် ဆယ်ကျော်သက်များကို အစွန်းရောက်များအဖြစ် စည်းရုံးပုံသွင်းနေသော အုပ်စုတစ်ခုက ဗုံးခွဲတိုက်ခိုက်ရန် ကြိုးစားမည့်အစီအစဉ်ကို မိမိတို့အနေဖြင့် တားဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မေ ၃ ရက်တွင် ကျင်းပခဲ့သည့် လေဒီဂါဂါ ဂီတဖျော်ဖြေပွဲသည် ပရိသတ်နှစ်သန်းကျော် တက်ရောက်ခဲ့ရာ လေဒီဂါဂါအတွက် သမိုင်းဝင်ဂီတဖျော်ဖြေပွဲ ဖြစ်ခဲ့ရသည်။

ဘရာဇီးရဲတပ်ဖွဲ့က ကြိုတင်လက်ဦးမှုရယူ ဖမ်းဆီးနိုင်ခဲ့သည့် အုပ်စုသည် လေဒီဂါဂါ၏ ဂီတဖျော်ဖြေပွဲကို လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ၊ ဓာတ်ဆီပုံးများဖြင့် တိုက်ခိုက်ရေးအတွက် ဆယ်ကျော်သက်လူငယ်များကို စည်းရုံးထားကြောင်း သိရသည်။

အဆိုပါ အုပ်စုခေါင်းဆောင်နှင့် အဖွဲ့ဝင်အချို့ကို ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန်ဒီဒိုဆောလ်ပြည်နယ်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်နှင့် ဖိလစ်ပိုင်စစ်ဘက်တို့က ပစ်မှတ်တုစစ်သင်္ဘောနစ်မြုပ်မှုကြောင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖျက်သိမ်းခဲ့

**မနီလာ မေ ၅**

ရေတပ် စစ်ရေးလေ့ကျင့်မှု ပြုလုပ်ချိန်တွင် ပစ်မှတ်အဖြစ် အသုံးပြုမည့် စစ်သင်္ဘောဟောင်းတစ်စီး လေ့ကျင့်မှုမစတင်မီ ယနေ့နံနက်ပိုင်းတွင် မမျှော်လင့်ဘဲ နစ်မြုပ်ခဲ့ရာ စစ်ရေးလေ့ကျင့်မှု အစီအစဉ်ကို အမေရိကန်နှင့် ဖိလစ်ပိုင်တပ်များက ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များသည် ယနေ့တွင် ပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုအတွက် ဖိလစ်ပိုင်ရေတပ်က ၂၀၂၁ ခုနှစ်တွင် အနားပေးခဲ့သော ဘီအာရ်ပီမီဂွဲလ်မယ်လ်ဗာ အမည်ရှိ စစ်သင်္ဘောဟောင်းကို ပစ်မှတ်တုအဖြစ်အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အဆိုပါပစ်မှတ်တု စစ်သင်္ဘောဟောင်းမှာ ယနေ့နံနက်ပိုင်းတွင် နစ်မြုပ်ခဲ့ရာ စစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း ဖိလစ်ပိုင်နှင့် အမေရိကန်စစ်ဘက်တို့က သတင်းထုတ်ပြန်ထားသည်။

ဘီအာရ်ပီမီဂွဲလ် မယ်လ်ဗာ စစ်သင်္ဘောသည် ဖိလစ်ပိုင်နိုင်ငံ အနောက်ပိုင်း ဇမ်ဘာလပိန်ပြည်နယ်ကမ်းရိုးတန်း ကမ်းလွန်ရေမိုင် ၃၀ ခန့်အကွာ တောင်တရုတ်ပင်လယ် ရေပြင်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

သင်္ဘောနစ်မြုပ်ချိန်တွင် ယင်းသင်္ဘောပေါ်၌ မည်သူတစ်ဦးတစ်ယောက်မျှ မရှိခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်တာဝန်ရှိသူများက ပြောကြားထားသည်။

ဘီအာရ်ပီမီဂွဲလ် မယ်လ်ဗာ စစ်သင်္ဘောသည် အမေရိကန်ရေတပ်အတွက် ၁၉၄၀ ပြည့်နှစ်ကပင် တည်ဆောက်ခဲ့သော ကင်းလှည့်သင်္ဘောဖြစ်ပြီး နောက်ပိုင်းတွင် ဖိလစ်ပိုင်ရေတပ်က စစ်သင်္ဘောအဖြစ် ဆက်လက်သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တောင်ကိုရီးယား၏ Hanwha Systems ကုမ္ပဏီက အနိမ့်ပျံဒုံးကျည်ကာကွယ်ရေးရေဒါစနစ်ကို တီထွင်ထုတ်လုပ်မည်



တောင်ကိုရီးယားနိုင်ငံ၏ Hanwha Systems ကုမ္ပဏီသည် Korean Iron Dome ဟု ရည်ညွှန်းမှည့်ခေါ်ထားသော တောင်ကိုရီးယားနိုင်ငံ၏ အနိမ့်ပျံဒုံးကျည်ကာကွယ်ရေးစနစ်အတွက် ရေဒါစနစ်တစ်မျိုးကို တီထွင်ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက မေ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Hanwha Systems ကုမ္ပဏီသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝမ် ၁၃၁ ဒသမ ၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၁ သန်းဝန်းကျင်) ဝယ်ယူရေးသဘောတူစာချုပ်ကို တောင်ကိုရီးယားစစ်ဘက်နှင့် ချုပ်ဆိုနိုင်ခဲ့ပြီး ၂၀၂၈ ခုနှစ် နိုဝင်ဘာလတွင် အပြီးသတ် အကောင်အထည်ဖော်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

စာချုပ်အရ အစ္စရေးနိုင်ငံထုတ် Iron Dome လေကြောင်းထက် ပိုမိုသာလွန်စေရန် ရည်ရွယ်ထားသည့်စွမ်းဆောင်ရည်များဖြင့် မျိုးဆက်သစ်ရေဒါစနစ်၏နမူနာပုံစံသစ်ကို တီထွင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေဒါစနစ်သည် ခြိမ်းခြောက်မှုမြင့်မားသော ပတ်ဝန်းကျင်အခြေအနေမျိုးတွင် တစ်ပြိုင်နက်တည်း ပစ်မှတ်များစွာကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းနိုင်စွမ်းရှိမည်ဖြစ်သည်။ ၎င်းရေဒါစနစ်သည် ထောက်လှမ်းခြင်း၊ ခြေရာခံခြင်း၊ အီလက်ထရွန်နစ်စစ်ပွဲ၊ ဒုံးကျည်လမ်းညွှန်ထိန်းကျောင်းမှု၊ ရန်သူ၊ မိတ်ဆွေခွဲခြားသတ်မှတ်ခြင်းနှင့် ရှုပ်ထွေးသောစစ်မြေပြင်ရှိ ပစ်မှတ်များစွာအတွက် ကြားဖြတ်ပစ်ချရန် အတည်ပြုပေးခြင်းကဲ့သို့သော ရေဒါအများအပြား၏ အင်္ဂါရပ်များကို တစ်စုတစ်စည်းတည်း ပေါင်းစပ်အသုံးချနိုင်မည်ဖြစ်သောကြောင့် ဘက်စုံသုံးရေဒါဟု ခေါ်ဆိုနိုင်သည်။ အဆိုပါရေဒါသည် ကန့်သတ်နေရာ တားမြစ်ဧရိယာတစ်ခုအတွင်း အစုလိုက်အပြုံလိုက် ပျံသန်းဝင်ရောက်လာနိုင်သည့် ရာနှင့်ချီသော ဒုံးကျည်များနှင့် ရော့ကတ်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခြေရာခံနိုင်မည်ဟု မျှော်မှန်းထားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ တာဝေးပစ်အမြောက်များ ခြိမ်းခြောက်မှုကို တန်ပြန်ရန် LAMD စီမံကိန်းကို ၂၀၂၂ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့သည်။ ၎င်း LAMD သည် အနိမ့်ပျံ၊ တာတိုပစ်ဒုံးကျည်များနှင့် အမြောက်ကျည်အများအပြားကို ကြားဖြတ်ဟန့်တားရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ Iron Dome မှ အတုယူဆင်းသက်လာသော LAMD စီမံကိန်းသည် မြို့တော်ဧရိယာရှိ အချက်အချာနေရာ၊ အချက်အချာဧရိယာများအတွက် နောက်ဆုံးဒိုင်း တစ်နည်းဆိုရသော် နောက်ဆုံးခံစစ်စည်းဖြစ်လာစေရန် ရည်ရွယ်သည်။ ဇန်နဝါရီလတွင် တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးစီမံခန့်ခွဲရေးရုံးမှ အစိုးရအနေဖြင့် အဆိုပါ Korean Iron Dome စီမံကိန်း၊ အတွက် ဝမ် ၂ ဒသမ ၈၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၆ ဘီလီယံ) သုံးစွဲမည်ဟု ကြေညာခဲ့ပြီး လာမည့် ၂၀၂၈ ခုနှစ်တွင် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ရန် မျှော်မှန်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Hanwha Wins ‘Korean Iron Dome’ Radar Development Project** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်စစ်ဘက်က စစ်အခြေစိုက်စခန်းများကို ဒရုန်းဖြင့်တိုက်ခိုက်ခံရပါက တန်ပြန်ရန်အဆင်သင့်မဖြစ်သေး

အမေရိကန်စစ်ဘက်က နိုင်ငံ၏ ပြည်တွင်း၊ ပြည်ပစစ်အခြေစိုက်စခန်းများကို ဒရုန်းဖြင့်တိုက်ခိုက်ခံရပါက တန်ပြန်ရန် အဆင်သင့်မဖြစ်သေးဘဲ အမေရိကန်စစ်ဘက်၏ စွမ်းဆောင်ရည်တွင် သိသာထင်ရှားသော ကွာဟချက်ဖြစ်ပေါ်နေမှုကို ပင်တဂွန်စစ်ဌာနချုပ်မှ အရာရှိများက အသိအမှတ်ပြု ဝန်ခံခဲ့ကြသည်ဟု The Defense Post သတင်းဌာနက မေ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကယ်လီဖိုးနီးယားပြည်နယ်ရှိ မရိန်းတပ်စခန်း၌ ဒရုန်းဝင်ရောက်မှု၏ စိုးရိမ်စရာပုံစံအပါအဝင် မကြာသေးမီက ဖြစ်ရပ်များကြောင့် အဆိုပါစိုးရိမ်မှုများကို မီးမောင်းထိုးပြခဲ့ပြီး တရားဝင်ခွင့်ပြုချက်မရှိဘဲ ဒရုန်းများသည် ခြောက်ရက်အတွင်း ကန့်သတ်ထားသော တားမြစ်လေပိုင်နက်အတွင်းသို့ ခြောက်ကြိမ်တိတိ ဝင်ရောက်လာခဲ့ကြကြောင်း သိရသည်။

မကြာသေးမီက အောက်လွှတ်တော်ကြီးကြပ်ရေးကော်မတီ ကြားနာမှုတွင် တာဝန်ရှိသူများက လွန်ခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်စစ်ဘက်ပြည်တွင်း၊ ပြည်ပ အခြေစိုက်စခန်းများအပါအဝင် နေရာ ၁၀၀ ကျော်တွင် မောင်းသူမဲ့လေယာဉ်အစင်းရေ ၃၅၀ ကျော် ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း အခိုင်အမာ ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

ဤဖြစ်ရပ်များသည် ပင်တဂွန်စစ်ဌာနချုပ်၏ လက်ရှိတန်ပြန်ဒရုန်းရန် ကာကွယ်တိုက်ဖျက်ရေး မဟာဗျူဟာမှာ ပြီးပြည့်စုံ၊ လုံလောက်မှုမရှိကြောင်း ရီပတ်ပလစ်ကန်နှင့် ဒီမိုကရက်တစ်ပါတီနှစ်ရပ်စလုံးမှ လွှတ်တော်အမတ်များက တညီတညွတ်တည်းသဘောတူညီခဲ့ကြသည်။

“ကျွန်ုပ်တို့၏ရန်သူသည် ထောက်လှမ်းခြင်းသို့မဟုတ် တိုက်ခိုက်ရန်အတွက် ဒရုန်းများကိုအသုံးပြုရန် ရွေးချယ်လာပါက ကျွန်ုပ်တို့၏အမိမြေကို လုံလောက်စွာ ကာကွယ်စောင့်ရှောက်ရန် ကျွန်ုပ်တို့အသင့်ဖြစ်မည်မဟုတ်ဟု အမေရိကန်ရေတပ် ပူးတွဲစစ်ဦးစီးချုပ်များဆိုင်ရာ စစ်ဆင်ရေး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး Paul Spedero Jr. က ပြောကြားခဲ့သည်။

အမေရိကန်သည် ထိုးစစ်ဆင်နိုင်သော ဒရုန်းစွမ်းရည်များ တိုးတက်မြင့်မားနေသော်လည်း ၎င်းဒရုန်းများ၏ရန်မှ ကာကွယ်တိုက်ဖျက်ရေးသည် ဆိုးရွားစွာ အားနည်းနေသေးသည်ဟု တာဝန်ရှိသူများက ထပ်လောင်းမှတ်ချက်ပြုခဲ့ကြသည်။




မကြာသေးမီနှစ်များအတွင်း အမေရိကန် စစ်ဘက်နေရာများအနီးတွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ ဒရုန်းပျံသန်းလှုပ်ရှားမှုများ မြင့်တက်လာခဲ့ပြီး စောင့်ကြည့်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ခြိမ်းခြောက်မှုများ တိုးမြင့်လာခြင်းတို့အပေါ် စိုးရိမ်မှုများမြင့်တက်လာစေခဲ့တော့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ဂျော်ဒန်နိုင်ငံရှိ အခြေစိုက်စခန်းတစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒရုန်းဖြင့် တိုက်ခိုက်ခံရမှုတစ်ခု ဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးခဲ့ရပြီး အမေရိကန်ကြည်းတပ်အတွက် မကြာသေးမီက အမှတ်ရဖွယ်အဖြစ်ဆုံး အဖြစ်ဆိုးများထဲမှ တစ်ခုလည်းဖြစ်သည်။

ထိုဖြစ်စဉ်အပြီး ငါးလအကြာတွင် မောင်းသူမဲ့လေယာဉ်နှစ်စင်းသည် အီရတ်ရှိ ညွှန့်ပေါင်းအခြေစိုက်စခန်း တစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်လာခဲ့ပြီး စစ်ဆင်ရေးလှုပ်ရှားနယ်မြေများတွင် တပ်ဖွဲ့ဝင်များကို ဒရုန်းရန်ကာကွယ်ရေးနှင့် ပတ်သက်၍ အသစ်တစ်ဖန် မေးခွန်းထုတ်စရာဖြစ်လာသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အမည်မသိ ဒရုန်းများသည် အမေရိကန်တပ်ဖွဲ့ဝင်များတပ်စွဲထားရာ ဗြိတိန်ရှိ တော်ဝင်လေတပ်အခြေစိုက် စခန်းများပေါ်တွင် ပျံသန်းဝင်ရောက်လာမှုများကို မြင်တွေ့ခဲ့ရသည်။

ဒီဇင်ဘာလတွင် အိုဟိုင်းယိုးပြည်နယ်ရှိ Wright-Patterson လေတပ် အခြေစိုက်စခန်းသည် မောင်းသူမဲ့လေယာဉ်များကိုအကြိမ်ကြိမ်မြင်တွေ့ပြီးနောက် ၎င်းလေပိုင်နက်ကို ယာယီပိတ်ထားခဲ့ရပြီး နောက်ရက်ပိုင်းအကြာတွင် ဒရုန်းကျူးကျော်မှုများ ပိုမိုများပြားလာသည်ဟု သိရသည်။

**US Military Not Ready for Drone Attacks on Bases, Say Pentagon Officials** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

## နိုင်ငံတကာ အားကစားသတင်းများ

# မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ကွင်းလယ်ကစားသမားပယ်မာ ထုတ်ဖော်ပြောကြား

**လန်ဒန် မေ ၅**

လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းက ကမ်းလှမ်းမှု ပြုလုပ်လာပါက ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ပယ်မာက ထုတ်ဖော်ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ပယ်မာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းအတွက် ပြိုင်ပွဲစုံ သွင်းဂိုး ၂၅ ဂိုးထိ သွင်းယူ၍ ပရီးမီးယားလိဂ် တစ်နှစ်တာ လူငယ်အကောင်းဆုံး ကစားသမားဆုနှင့် ချဲလ်ဆီးအသင်း၏ တစ်နှစ်တာအကောင်းဆုံး ဆုများ ဆွတ်ခူးရရှိခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ဂိုးရရှိရန် ခက်ခဲလာခဲ့ကာ ပြိုင်ပွဲစုံ ၁၈ ပွဲဆက်တွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အသက် ၂၂ နှစ်ရှိ ကစားသမားအနေဖြင့် ချဲလ်ဆီးအသင်းမှထွက်ခွာ၍ မွေးရပ်မြေ မန်ချက်စတာမြို့မှ နည်းပြအာမိုရင်၏ မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိခဲ့ပြီး လာမည့်နွေရာသီတွင် ပြောင်းရွှေ့ကစားနိုင်ရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိသည်။

ပယ်မာသည် ယခုနှစ် နည်းပြမာရက်စ်ကာ လက်အောက်တွင် ပုံစံကောင်း ပျောက်ဆုံးခဲ့သဖြင့် ဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီး အသင်းအနေဖြင့်လည်း ချန်ပီယံလိဂ် ဝင်ခွင့်တစ်နေရာရရှိရေး ကြိုးပမ်းနေရသဖြင့် ချဲလ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်မရပါက လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာရန် သေချာနေကြောင်း သိရသည်။

လက်ရှိတွင် လူငယ်ကစားသမား ပယ်မာသည် အသင်းနှင့် ၂၀၃၃ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေပြီး ဥရောပထိပ်သီး အသင်းကြီးများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းအနေဖြင့် မန်ယူအသင်းသို့သာ ပြောင်းရွှေ့ရန် ဆန္ဒရှိကြောင်း ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

- စကော့တလန်လိဂ် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆဲလ်တစ်အသင်း တိုက်စစ်မှူး မာအီဒါက အသင်းဖော် ကစားသမားများဖြစ်သည့် မက်ဂရီဂေါ်၊ နီကိုလပ်စ်နှင့် ဒန်ဒီးယူနိုက်တက်ကစားသမား မာရေးတို့ကိုကျော်ဖြတ်၍ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။
- စီးရီးအေကလပ် ကိုမိုအသင်းနှင့်အတူ အကောင်းဆုံး စွမ်းဆောင်ပြနိုင်သည့် နည်းပြဖာဘရီဂတ်စ်ကို လီဗာပူးအသင်း နည်းပြဟောင်း ကလော့က လိုက်ပ်ဇစ်အသင်းကိုတာဝန်ယူရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။
- နွေရာသီကစားသမား အပြောင်းအရွှေ့ကာလမတိုင်မီ နေရာအလိုက် တန်ကြေးအများဆုံး ကစားသမားစာရင်းတွင် အာဆင်နယ်အသင်းမှ ငါးဦးထိပါဝင်ခဲ့ကြောင်း သိရသည်။

ML

# ဘိုင်ယန်မြူးနစ်အသင်းနှင့် ဆုဖလားရယူနိုင်သည့် တိုက်စစ်မှူးဟယ်ရီကိန်း ကစားသမားဘဝ ပထမဆုံးဆုဖလားရရှိ



**ဘာလင် မေ ၅**

တနင်္ဂနွေနေ့က ကစားခဲ့သည့် ဖရိုင်းဘတ်အသင်းနှင့် လေဗာကူဆင်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းက ဆုဖလားရရှိခဲ့သောကြောင့် တိုက်စစ်မှူး ဟယ်ရီကိန်းအနေဖြင့် ကစားသမားဘဝ ပထမဆုံးအကြိမ် အဓိကဆုဖလား ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းအနေဖြင့် စနေနေ့က ကစားခဲ့သည့် လိုက်ပ်ဇစ်အသင်းနှင့် ပွဲစဉ်ကို နိုင်ပွဲရပါက ဆုဖလားရရှိမည်ဖြစ်သော်လည်း အဆိုပါပွဲစဉ်တွင် လိုက်ပ်ဇစ်တိုက်စစ်မှူး ပေါလ်ဆင်၏ နောက်ကျချေပဂိုးကြောင့် သုံးဂိုးစီ သရေလဒ်ထွက်ပေါ်ခဲ့သဖြင့် အောင်ပွဲခံမှုပြုလုပ်နိုင်ခြင်း မရှိခဲ့ဘဲ အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူးဟယ်ရီကိန်းမှာ ပွဲပယ်ပြစ်ဒဏ်ကျခံနေရသဖြင့် ပါဝင်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် အမှတ်ပေးပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် ရမှတ် ၇၆ မှတ်ဖြင့် ဒုတိယနေရာမှ လေဗာကူဆင်အသင်းကို ရမှတ်ကိုးမှတ် ဖြတ်တောက်နိုင်ခဲ့ပြီး ဆုဖလားရရှိရန် သေချာနေသော်လည်း လေဗာကူဆင်အသင်းက ဖရိုင်းဘတ်အသင်းကို အနိုင်ရပါက လာမည့်ပွဲစဉ်များကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်သော်လည်း လေဗာကူဆင်အသင်း အနေဖြင့် ဖရိုင်းဘတ်အသင်းကို သရေရလဒ်သာ ကစားနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင် ဘိုင်ယန်မြူးနစ်အသင်းက ရမှတ်ရှစ်မှတ် ဖြတ်တောက်နိုင်ခဲ့ပြီး ဆုဖလားရယူနိုင်ခဲ့ကာ တိုက်စစ်မှူး ဟယ်ရီကိန်းကလည်း ကစားသမားဘဝ ပထမဆုံး အဓိကဆုဖလား ရယူနိုင်ခဲ့သည်။

အသက် ၃၁ နှစ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတွင် ချန်ပီယံလိဂ် ဖိုလ်လုပွဲ၊ ကွာရာဘောင်းဖလားဖိုလ်လုပွဲ ယူရိုပါလိဂ်ဖိုလ်လုပွဲတို့သို့ တက်ရောက်နိုင်ခဲ့သော်လည်း ဒုတိယနေရာဖြင့် အဆုံးသတ်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်တွင်လည်း ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီးနောက် ၂၀၂၃ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့ချိန်တွင် ပြိုင်ပွဲစုံ ၈၉ ပွဲတွင် သွင်းဂိုး ၈၀ ထိ သွင်းယူကာ တစ်ဦးချင်းဆုတံဆိပ်နှင့် မှတ်တမ်းကောင်းများရရှိခဲ့သည့်အပြင် ဆုဖလားရယူနိုင်ခြင်းမရှိသည့် မှတ်တမ်းဆိုးကို ယခုအခါ ချေဖျက်နိုင်ခဲ့ကြောင်း သိရသည်။ Ref : Espn

Trs : ML

# စူပါဘင်တန်ဝိတ်တန်း၌ စိန်ခေါ်သူ ကာဒီနက်စ်ကို အနိုင်ရရှိခဲ့သည့် နာအိုယာ ပြိုင်ဘက်ကင်းချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့

**လက်စ်ဗီးဂတ်စ် မေ ၅**

ကမ္ဘာ့ စူပါဘင်တန်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဘွဲ့အား ဆွတ်ခူးရရှိထားသည့် ဂျပန်လက်ဝှေ့သမား နာအိုယာသည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ အမေရိကန်နိုင်ငံသား ကာဒီနက်စ်နှင့် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်တွင် ယနေ့ထိုးသတ်ခဲ့ရာ နာအိုယာက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်များအား ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

နာအိုယာအနေဖြင့် စိန်ခေါ်ပွဲပေါင်း ၃၀ ထိ ထိုးသတ်ပြီး ရှုံးပွဲမရှိသေးသည့်စံချိန်ကို ထိန်းသိမ်းနိုင်ခဲ့သလို ၂၇ ပွဲထိ ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ထိုးသတ်ထားသည့် လက်ဝှေ့သမား အဖြစ်လည်း မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိထားသည်။

နာအိုယာက “ကျွန်တော့်ကို အံ့အားသင့်စေခဲ့တဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်။ ဒုတိယအချီမှာ ထင်မှတ်မထားတဲ့ထိုးချက်ကြောင့် ကျွန်တော်လဲကျခဲ့တယ်။ ကျွန်တော့်ဘဝမှာ ထိုးသတ်နေရင်း ဒုတိယအကြိမ်မြောက် လဲကျခဲ့ခြင်းလည်း ဖြစ်ပါတယ်။ အမှားအယွင်းရှိနေပြီလို့ ခံစားမိတဲ့အတွက်ကြောင့် အမှားတွေကိုပြင်ဆင်နိုင်ဖို့အတွက် ပွဲအပေါ်အာရုံစိုက်ခဲ့တယ်။ ရှစ်ချီမြောက်မှာတော့ ကျွန်တော့်အတွက် အကောင်းဆုံးအခွင့်အရေး ရရှိလာခဲ့တဲ့အတွက် အခွင့်အရေးကို အကောင်းဆုံး အသုံးချနိုင်ခဲ့ပါတယ်”ဟု ပြောကြားခဲ့သည်။

ကာဒီနက်စ်အနေဖြင့် လက်ဝှေ့သမားဘဝ စိန်ခေါ်ပွဲပေါင်း ၂၈ ပွဲ ထိုးသတ်ခဲ့ပြီးနောက် ဒုတိယမြောက်ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL




# လာမည့်နွေရာသီတွင် အလာဘာနှင့် လမ်းခွဲရန် ရီးရဲလ်မက်ဒရစ်အသင်းဆုံးဖြတ်

**မက်ဒရစ် မေ ၅**

ရီးရဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်ကစားသမား အလာဘာသည် ဒဏ်ရာမကြာခဏ ရရှိနေသည့်အတွက် အသင်းတာဝန်ရှိသူများက လာမည့်နွေရာသီတွင် အလာဘာနှင့် လမ်းခွဲသွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ခံစစ်ကစားသမား အလာဘာသည် ၂၀၂၁ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် ဘောလုံးရာသီတွင် ဒဏ်ရာခြောက်ကြိမ်ရရှိခဲ့ပြီး ဒုတိယဘောလုံးရာသီတွင်လည်း တံကောက်ကြောဒဏ်ရာနှင့် ကြွက်သားဒဏ်ရာများကြောင့်လည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် အရွတ်ထိခိုက်ဒဏ်ရာကြောင့်လည်းကောင်း ကာလရှည် အနားယူခဲ့ရသူဖြစ်သည်။

၎င်းအနေဖြင့် ယခုနှစ် ဘောလုံးရာသီတွင်လည်း ဒဏ်ရာပြဿနာကြောင့် အနားယူခဲ့ရသည့်အပြင် ကြံ့ခိုင်မှုလိုအပ်ချက် ရှိနေသဖြင့် အသင်းနှင့် ပြိုင်ပွဲစုံ ၁၄ ပွဲသာ ပါဝင်ကစားနိုင်သောကြောင့် အသင်းတာဝန်ရှိသူများက လာမည့် နွေရာသီတွင် လမ်းခွဲရန်ဆုံးဖြတ်ခဲ့သည်။

အသက် ၃၂ နှစ်ရှိ ခံစစ်ကစားသမား အလာဘာသည် ဗဟိုခံစစ်ပိုင်းတွင်သာမက တောင်ပံခံစစ်ပိုင်းတွင်လည်း ပါဝင်ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ရီးရဲလ်မက်ဒရစ် အသင်းအတွက် ပြိုင်ပွဲစုံ ၁၁၆ ပွဲတွင် သွင်းဂိုး ငါးဂိုး သွင်းယူနိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် အသက်အရွယ်အရ အကျပိုင်း ရောက်လာသည့်အပြင် ဒဏ်ရာ ပြဿနာများကြောင့် ကြံ့ခိုင်မှုပြည့်ဝခြင်း မရှိတော့သဖြင့် အသင်းအနေဖြင့် လာမည့်နွေရာသီတွင် ပြန်လည်ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။

Ref : 90min

Trs : ML

## The CJ Cup Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို စကော့တီရှက်ဖလာဆွတ်ခူး

**တက္ကဆက် မေ ၅**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပခဲ့သည့် The CJ Cup Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၃၁ ချက်လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား အဲရစ်ဗန်ရိုယန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၃ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဆမ်စတီဗင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

စကော့တီ ရှက်ဖလာသည် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေသည့် အဲရစ်ဗန်ရိုယန်အား ရိုက်ချက် ရှစ်ချက်အထိ ကွာဟအောင် ရိုက်နိုင်ခဲ့ပြီးနောက် The CJ Cup Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲ သမိုင်းတွင် သတ်မှတ်ရိုက်ချက်ထက် အများဆုံး လျော့ရိုက်နိုင်ခဲ့သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

စကော့တီရှက်ဖလာက "လွန်ခဲ့တဲ့ ၁၁ နှစ်က ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကကို ဝင်ရောက်လာတော့ ဒီပြိုင်ပွဲမှာ ပွဲဦးထွက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲ့ဒီတုန်းက ကျွန်တော့်ရဲ့ ကက်ဒီကလည်း ကျွန်တော့် ညီမလေးပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲက ကျွန်တော့်အတွက် အမှတ်တရတွေ အများကြီး ရှိခဲ့ပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ အောင်မြင်မှု ဆွတ်ခူးနိုင်ခဲ့တာကို အရမ်း ဝမ်းသာဂုဏ်ယူမိပါတယ်ဟု"ပြောကြားခဲ့ကြောင်း သိရသည်။




**Ref : RT**
**Trs : AZL**

## ရီးရဲလ်မက်ဒရစ်အသင်းက ရိုဒရီဂိုအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ သတ်မှတ်

**မက်ဒရစ် မေ ၅**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းနှင့် အနာဂတ်မရေမရာ ဖြစ်နေသည့် လူငယ်တောင်ပံကစားသမား ရိုဒရီဂိုအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၀၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ရိုဒရီဂိုသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ဘရာဇီး ကလပ် ဆန်းတိုစ့်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အစောပိုင်းက ပွဲကစားခွင့် နည်းပါးခဲ့ပြီး လူစားဝင်ကစား သမားအဖြစ်သာ ပါဝင်ခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီမှ စတင်ပြီး ပွဲကစားခွင့်များ ပြန်လည်ရရှိခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းတိုက်စစ်ပိုင်းတွင် အမ်ဘက်ပီ၊ ဗင်နီးစီးယက်စ်တို့နှင့် အတူ အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိသူဖြစ်သည်။

ရိုဒရီဂိုသည် ပြီးခဲ့သည့်ရက်ပိုင်းက အသင်းထံ လုပ်ခလစာ တိုးမြှင့်ပေးရန်အတွက် တောင်းဆိုခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းကလည်း ရိုဒရီဂိုကို လုပ်ခလစာ တိုးမြှင့်ပေးချေလိုခြင်းမရှိသည့်အတွက် လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန် စတင်ပြင်ဆင်လာခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ရရှိပါက လက်လွှတ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

## ကပ်စပါရုဒ်က ဒရပ်ပါကိုအနိုင်ယူကာ မက်ဒရစ်အိုးပင်းချန်ပီယံဆုဖလား ဆွတ်ခူးရရှိ



**မက်ဒရစ် မေ ၅**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် မက်ဒရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် နော်ဝေ တင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ဗြိတိန်တင်းနစ်ကစားသမား ဒရပ်ပါတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကပ်စပါရုဒ်က (၇-၅၊ ၃-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကပ်စပါရုဒ်အတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် Masters 1000 တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ပထမဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။

ကပ်စပါရုဒ်သည် ပြိုင်ပွဲအတွင်း ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး အဆိုပါဒဏ်ရာဖြင့် ပြိုင်ပွဲ၏အဆင့်ဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်၊ ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် အာဂျင်တီးနား တင်းနစ်ကစားသမား စီရန်ဒိုလိုတို့အား ကျော်ဖြတ်ကာ ဗိုလ်လုပွဲအဆင့်တွင် အကောင်းဆုံးပုံစံရနေသည့် ဒရပ်ပါကိုပါ အနိုင်ကစားနိုင်ခဲ့ခြင်း ဖြစ်သည်။

ကပ်စပါရုဒ်က "ပရော်ဖက်ရှင်နယ် တင်းနစ်လောကထဲကို ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်း ငယ်ရွယ်စဉ်ကတည်းက အရမ်းကိုလိုချင်ခဲ့တဲ့ Masters 1000 တင်းနစ်ပြိုင်ပွဲရဲ့ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တာ ဝမ်းသာဂုဏ်ယူပါတယ်။ အိပ်မက်တွေ အမှန်တကယ်ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ ဒရပ်ပါကလည်း အကောင်းဆုံးကစားသွားနိုင်ခဲ့ပြီးတော့ ချန်ပီယံဆုနဲ့ ထိုက်တန်ကြောင်းကို ပြသသွားနိုင်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ ဗိုလ်လုပွဲအဆင့်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က မယုံကြည်နိုင်လောက်အောင် စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

## သတ်မှတ်ပွဲအရေအတွက်ပြည့်မြောက်ခဲ့သည့် ချီဆာ ပရီးမီးယားလိဂ် ချန်ပီယံဆုတံဆိပ်ရရှိမည်




**လန်ဒန် မေ ၅**

လီဗာပူးအသင်း တိုက်စစ်ကစားသမား ချီဆာသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သတ်မှတ်ပွဲအရေအတွက် ပြည့်မြောက်ခဲ့သည့်အတွက် ပရီးမီးယားလိဂ် ချန်ပီယံဆုတံဆိပ်ကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

ချီဆာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၅)အဖြစ် ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် ပွဲချိန် ၈၂ မိနစ်တွင် လူစားဝင်ကစားခွင့် ရရှိခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ငါးပွဲပြည့်မြောက်ခဲ့သည့်အတွက် ချန်ပီယံဆုတံဆိပ်ကို လက်ခံရရှိမည်ဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် စည်းမျဉ်းများအရ ကစားသမားတစ်ဦးအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကစားသည့်ပွဲအရေအတွက် ငါးပွဲမပြည့်ပါက ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဆိုပါကလည်း လက်ခံရယူနိုင်မည် မဟုတ်သည့်အတွက် အစောပိုင်းက ချီဆာအနေဖြင့် လေးပွဲတည်းသာ ကစားခွင့်ရရှိထားသော်လည်း ယခုအခါ ငါးပွဲပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၇ နှစ်ရှိ ချီဆာသည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဂျူဗင်တပ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီ လီဗာပူးအသင်းတွင် ပွဲကစားခွင့် အနည်းငယ်သာရရှိနေပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂ ပွဲ ကစားထားသော်လည်း အက်ဖ်အေဖလား၊ ကွာရာဘောင်းဖလားတို့တွင်သာ ကစားခွင့်ရရှိခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချဲလ်ဆီးအသင်းနှင့်ပွဲစဉ် အပါအဝင် ငါးပွဲသာ ကစားခွင့်ရရှိထားသူဖြစ်သည်။

ချီဆာသည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ဆုဖလား ဆွတ်ခူးနိုင်ခဲ့သော်လည်း ပွဲကစားခွင့်များ နည်းပါးနေသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေကြောင်း သိရသည်။

**Ref : B/R Football**
**Trs : STA**

## MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ
## မြဝတီအက်ဖ်စီနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ မြဝတီအက်ဖ်စီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြကြောင်း သိရသည်။

MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ဆေးဗားစတားအသင်းတို့ ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် သီဟအောင်၊ ပွဲချိန် ၄၄ မိနစ်၊ ၇၆ မိနစ်နှင့် ၈၃ မိနစ်တို့တွင် နိုင်ဇင်ထက်၊ ပွဲချိန် ၇၈ မိနစ်တွင် ကောင်းထက်လင်း၊ ပွဲချိန် ၈၈ မိနစ်တွင် သူသူအောင်တို့က သွင်းယူနိုင်ခဲ့ပြီး ဆေးဗားစတား အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် ညီညီထွန်းက သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက တက္ကသိုလ် အားကစားကွင်းတွင် ရခိုင်ယူနိုက်တက် အသင်းနှင့် Glory Goal အသင်းတို့ ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရခိုင်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်၊ ၅၅ မိနစ်၊ ၇၅ မိနစ်နှင့် ၈၈ မိနစ်တွင် ခင်ကျော်ဝင်း၊ ပွဲချိန် ၁၄ မိနစ်တွင် သန်းကျော်ဌေး၊ ပွဲချိန် ၄၅ မိနစ်တွင် ရိုမီယို၊ ပွဲချိန် ၈၄ မိနစ်တွင် မင်းခန့်ကျော်နှင့် ပွဲချိန် ၈၇ မိနစ်တွင် ဇင်မင်းထွန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။




ဆက်လက်ပြီး ညနေ ၄ နာရီ သုဝဏ္ဏအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ချင်းလန်းအသင်းတို့ ကစားခဲ့ရာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး YUSC အားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**STA**

ကုံကော်ဖူး

# အများအကျိုးသယ်ပိုးထမ်းဆောင်သည့် ကြက်ခြေနီ

မေ ၈ ရက်သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် မွန်မြတ်လှသည့် ကြက်ခြေနီလူမှုကရုဏာလှုပ်ရှားမှုများနှင့် အဆိုပါလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကြသည့် စေတနာလုပ်အားရှင်များကိုဂုဏ်ပြုသည့် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။ ကြက်ခြေနီအသင်း၏ အဓိကရည်ရွယ်ချက်မှာ လူနာတစ်ဦးကို ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသို့မဟုတ် အချိန်ပိုင်းအတွင်းမပို့ဆောင်နိုင်ပါက လူနာ၏ အသက်အန္တရာယ်ကို ရှေးဦးသူနာပြုစုနည်းလမ်းဖြင့်ကူညီ၊ ကာကွယ်စောင့်ရှောက်ကယ်တင်ခြင်းဖြစ်သည်။

**ကမ္ဘာ့ကြက်ခြေနီနေ့၏သမိုင်းကြောင်း**

ကမ္ဘာ့ကြက်ခြေနီနေ့သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီကို စတင်တည်ထောင်သူ ဟန်နရီဒူးနန့် မွေးဖွားခဲ့သည့် မေ ၈ ရက်ကို ဂုဏ်ပြုခြင်းဖြစ်သည်။ ဟန်နရီဒူးနန့်သည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာလှုပ်ရှားမှုများ၏ ဖခင်ကြီးဖြစ်ပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ တည်ထောင်သူအဖြစ်လူသိများသည်။ ဟန်နရီဒူးနန့်ကို ၁၈၂၈ ခုနှစ် မေ ၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ မွေးဖွားခဲ့သည်။

ဟန်နရီဒူးနန့်သည် ၁၈၅၉ ခုနှစ်တွင် ဆိုလ်ဖရီနိုတိုက်ပွဲကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရပြီးစစ်မြေပြင်တွင် ဒဏ်ရာရသူများကို ဆေးဝါးစောင့်ရှောက်မှုမပေးဘဲ လူသားချင်းစာနာထောက်ထားမှုကင်းမဲ့စွာ ပစ်ထားခဲ့ကြသည်ကို မြင်တွေ့ခဲ့ရသည်။ ထို့ပြင် ဆေးကုသရေးစနစ် မလုံလောက်မှုကြောင့် ဒဏ်ရာရသူများဆုံးရှုံးမှုများခဲ့သည်။ ထို့ကြောင့် ဟန်နရီဒူးနန့်သည် ဆိုလ်ဖရီနိုတိုက်ပွဲတွင် ဒဏ်ရာရသူများကို ရန်သူမိတ်ဆွေမခွဲခြားဘဲ ဆေးဝါးကုသမှုဖြင့် ပြုစုကူညီပေးခဲ့သည်။ ဟန်နရီဒူးနန့်သည် နေရပ်ပြန်ရောက်ရှိပြီး ကြုံတွေ့ခဲ့ရသောအကြောင်းအရာများကို A Memory of Solferino စာအုပ်တွင် ရေးသားပြုစုခဲ့သည်။ ထိုစာအုပ်ကိုရေးသားဖြန့်ဝေပြီးနောက် ၁၈၆၃ ခုနှစ်တွင် သူ၏အားထုတ်မှုဖြင့် ဂျနီဗာမြို့၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီကို တည်ထောင်ခဲ့သည်။ ထို့နောက် ၁၈၆၄ ခုနှစ်တွင် ဂျနီဗာသဘောတူညီချက်ကို ချမှတ်ကာ စစ်ဖြစ်ပွားစဉ် ဒဏ်ရာရသူများ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် အရပ်သားများအားကာကွယ်ရန် စံနှုန်းများသတ်မှတ်ခဲ့သည်။ ၎င်း၏ လူသားချင်းစာနာမှုဆိုင်ရာလုပ်ဆောင်ချက်များကြောင့် ၁၉၀၁ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကိုရရှိခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ အမှတ်တံဆိပ်၊ ကြက်ခြေနီအမှတ်အသားသည် ဘေးအန္တရာယ်ကျရောက်ချိန်၊ စစ်မက်ဖြစ်ပွားချိန်၌ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်သောအပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)နှင့် အမျိုးသားကြက်ခြေနီအသင်းများ၊ လူပုဂ္ဂိုလ်များကလူမှုကရုဏာလုပ်ငန်းများတွင် အသုံးပြုသောအမှတ်အသားဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အစည်းနှင့် လခြမ်းနီအဖွဲ့အစည်း လူမှုရေးလှုပ်ရှားမှုအဖွဲ့အစည်းကြီးသည် နိုင်ငံတကာဆိုင်ရာလူသားချင်းစာနာသော လှုပ်ရှားမှုတစ်ခုဖြစ်ပြီး ထိုအဖွဲ့အစည်းတွင် ကမ္ဘာလုံးဆိုင်ရာအဖွဲ့ဝင်ပေါင်း ၉၇ သန်းခန့်ဖြင့် ဖွဲ့စည်းထားသည်။

**❖ ရန်လိုမုန်းတီးမှုကိုဖယ်ရှားလျက် တစ်ဦးနှင့်တစ်ဦးစောင့်ရှောက်ကူညီသော အကျင့်သိက္ခာကောင်းဖြင့်သာ လူ့ဘောင်လောကသည် သာယာလှပဖွံ့ဖြိုးမည်ဖြစ်သော်လည်း အမုန်းတရားများ၊ အာဃာတများသည် လူ့ဘောင်လောကတွင် လွှမ်းမိုးနေဆဲဖြစ်သဖြင့် လူသားတို့၏ဘဝနှင့် ကျန်းမာရေးကိုကာကွယ်ရန်၊ လူသားတို့အတွက် ဝေဒနာခံစားနေရသောဒုက္ခများမှ ကာကွယ်တားဆီးပေးရန်၊ အသားအရောင်၊ အသက်အရွယ်၊ အဖိုအမ၊ လူမျိုးနှင့်ဘာသာရေး၊ အဆင့်အတန်း စသည်တို့ခွဲခြားခြင်းမရှိသည့် ကူညီမှုများပေးနိုင်ရန်အတွက် ကြက်ခြေနီအသင်းကြီးဖြစ်ပေါ်လာခြင်းဖြစ်သည်။❖**

**သက်တမ်းအရှည်ကြာဆုံး လူမှုကရုဏာအဖွဲ့အစည်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဘေးအန္တရာယ်ကျရောက်သူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သောဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကြက်ခြေနီလုပ်ငန်းများကို ၁၉၂၀ ပြည့်နှစ်မှစတင်ကာ အိန္ဒိယနိုင်ငံကြက်ခြေနီအသင်း၏အသင်းခွဲအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် ဗမာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က အသိအမှတ်ပြုခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏ အသင်းဝင်ဖြစ်လာခဲ့သည်။

နိုင်ငံတော်အစိုးရသည် ဗမာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကို ၁၉၅၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး အမြဲတမ်းလူမှုကရုဏာအသင်းအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အဆိုပါအက်ဥပဒေကို ၁၉၆၄ ခုနှစ်၊ ၁၉၇၁ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် ထပ်မံပြင်ဆင်ခဲ့သည်။ အဆိုပါ အက်ဥပဒေအရ စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့ကို ကြက်ခြေနီသူနာပြုတပ်ဖွဲ့အဖြစ် ဗမာနိုင်ငံကြက်ခြေနီအသင်းတွင် ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ဥပဒေပြဋ္ဌာန်းချက်အရ ဗမာနိုင်ငံကြက်ခြေနီအသင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတကြီးဦးသိန်းစိန်ကလက်မှတ်ရေးထိုးကာအတည်ပြုပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံတွင် ကြက်ခြေနီရှေ့ဆောင်လမ်းပြတစ်ဦးဖြစ်သူ စိုင်းအောင်လှိုင်မြင့်သည် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ ဧရာဝတီမြစ်ထဲသို့ နစ်မြုပ်သွားသော စစ်ထရပ်ကားအတွင်းမှ ယာဉ်မောင်းရဲဘော်ကို သက်စွန့်ဆံဖျားရေငုပ်၍ အသက်ကယ်ခဲ့သည်။ အဆိုပါလူငယ်ကို ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ အမြင့်ဆုံးဆုဖြစ်သည့် ဟန်နရီဒူးနန့်ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ခဲ့သဖြင့် နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကိုတက်စေခဲ့သည်။

**၂၀၂၁-၂၀၂၅ ပန်းတိုင်များနှင့်မဟာဗျူဟာ**

၂၁ ရာစုတွင် လူမှုကရုဏာဆိုင်ရာအခြေအနေပြောင်းလဲလာခြင်းနှင့်အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူထုအခြေပြုဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ခဲ့သည်။ အရည်အချင်းပြည့်ဝသောစေတနာလုပ်အားရှင်များသည် ရပ်ရွာလူထုကို ဒေသတွင်ဖြစ်ပွားလေ့ရှိသည့် ဘေးအန္တရာယ်များနှင့် အားသာချက်များကိုသိရှိနိုင်စေရန် အကူအညီပေးပြီး ရပ်ရွာလူထုအနေဖြင့် ရင်ဆိုင်ရသည့်အခက်အခဲများကို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများရရှိလာစေရန် ကူညီပံ့ပိုးပေးခဲ့သည်။ အသင်း၏ ဆောင်ရွက်မှုစီမံကိန်းတိုင်းသည် ရေရှည်တည်တံ့ရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မဟာဗျူဟာပန်းတိုင်များအနက် ပန်းတိုင်(၁)တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအခြေအနေများ၊ အရေးပေါ်ကျန်းမာရေးအခြေအနေများ၊သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများ၊ အကြမ်းဖက်မှုအခြေအနေများ၏ သက်ရောက်မှုများကိုလျော့ပါးစေခြင်းဖြင့် ထိခိုက်ခံစားရသောရပ်ရွာလူထုအပေါ် ပိုမိုတိုးမြှင့်ထောက်ပံ့ပေးရန်၊ ရပ်ရွာလူထု၏ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ရန်၊ ကျန်းမာရေး၊ ရှေးဦးပြုစုခြင်း၊ ရေနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ဘေးအန္တရာယ်လျော့ပါးရေး၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအခြေအနေများ၊ အမိုးအကာနှင့် အသက်မွေးဝမ်းကျောင်း စသည့်ရပ်ရွာလူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ အသင်းအဆင့်တိုင်းတွင် ထိရောက်သောတုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကောင်းမွန်သောကြိုတင်ပြင်ဆင်မှုဆိုင်ရာစွမ်းရည်ပြည့်ဝရေးဆောင်ရွက်ရန်ဖြစ်သည်။

**ခွဲခြားခြင်းမရှိသည့် ကြက်ခြေနီ**

ရန်လိုမုန်းတီးမှုကိုဖယ်ရှားလျက် တစ်ဦးနှင့်တစ်ဦးစောင့်ရှောက်ကူညီသော အကျင့်သိက္ခာကောင်းဖြင့်သာ လူ့ဘောင်လောကသည် သာယာလှပဖွံ့ဖြိုးမည်ဖြစ်သော်လည်း အမုန်းတရားများ၊ အာဃာတများသည် လူ့ဘောင်လောကတွင် လွှမ်းမိုးနေဆဲဖြစ်သဖြင့် လူသားတို့၏ဘဝနှင့် ကျန်းမာရေးကိုကာကွယ်ရန်၊ လူသားတို့အတွက်ဝေဒနာခံစားနေရသောဒုက္ခများမှ ကာကွယ်တားဆီးပေးရန်၊ အသားအရောင်၊ အသက်အရွယ်၊ အဖိုအမ၊ လူမျိုးနှင့်ဘာသာရေး၊ အဆင့်အတန်း စသည်တို့ခွဲခြားခြင်းမရှိသည့် ကူညီမှုများပေးနိုင်ရန်အတွက် ကြက်ခြေနီအသင်းကြီးဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် မည်သည့်အချိန်၊ မည်သည့်နေရာသို့ ရောက်ရှိနေသည်ဖြစ်စေကြုံတွေ့ကြရသည့် လူသားများ၏ ဆင်းရဲဒုက္ခ၊ သောကဝေဒနာများကိုကရုဏာစိတ်ထားများဖြင့်အကြင်နာလက်၊ အပြုံးမျက်နှာဖြင့် ကိုယ်ကျိုးစွန့်လွှတ်ကာ အများအကျိုးသယ်ပိုးထမ်းဆောင်သည့်အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းကြီးနှင့် စေတနာ့ဝန်ထမ်းများဖြစ်ကြသောကြက်ခြေနီမောင်မယ်များကို ယခုဆောင်းပါးဖြင့် ဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

-https://www.redcross.org.mm/my_MM/

# ရန်ကုန်ဆိပ်ကမ်းသို့ လျှပ်စစ်သုံးမော်တော်ယာဉ်များ ရောက်ရှိ



**နေပြည်တော် မေ ၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar SWM Motor Co.,Ltd.က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KAIYI E-QUTE 04 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Myanmar Construction & Development Infrastructure Co.,Ltd.က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW VOLKSWAGEN ID-6 CROZZ အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ FAW VOLKSWAGEN ID-7 VIZZION အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် FAW VOLKSWAGEN ID-4 CROZZ အမျိုးအစားလျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မကွေးမြို့ရှိ မြသလွန်စေတီတော်ကြီးတွင် ကဆုန်လပြည့်နေ့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲကို စည်ကားစွာကျင်းပသွားမည်



မကွေး မေ ၅

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မြသလွန်စေတီတော်ကြီးတွင် ကဆုန်လပြည့်နေ့၌ သံဃာတော်အပါး ၁၀၀၀ ကျော်အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြသလွန်စေတီတော်ကြီး ဂေါပကအဖွဲ့ထံမှ သိရသည်။

မြသလွန်စေတီတော်ကြီးတွင် ကဆုန်လပြည့်နေ့၌ ကျင်းပမည့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မကွေးတိုင်းဒေသကြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေးဦးစီးကော်မတီက ကြီးမှူး၍ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ ၁၃၈၇ ခုနှစ် ကဆုန်လပြည့် မေ ၁၁ ရက်တွင် မကွေးမြို့ မြသလွန်ဘုရားကွင်းပြင်၌ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

"မြသလွန်စေတီတော်ကြီးမှာ ကဆုန်လပြည့်နေ့ နံနက်ပိုင်းမှာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပသွားမှာဖြစ်ပါတယ်။ မကွေးမြို့ပေါ်က ဘုန်းတော်ကြီးကျောင်းတွေနဲ့ စာသင်တိုက်အသီးသီးက သံဃာတော်အပါး ၁၀၀၀ ကျော်ကို ဆွမ်းဆန်စိမ်းလောင်းလှူမှာ ဖြစ်ပါတယ်"ဟု မြသလွန်စေတီတော်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောပြသည်။

ထို့ပြင် ကဆုန်လပြည့်နေ့ ညနေပိုင်းတွင် နှစ်စဉ်ရိုးရာမပျက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မကွေးမြသလွန် ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြသလွန်စေတီတော်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

ASH

# Thunderbolts ဇာတ်ကားပထမသီတင်းပတ်ကုန် ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၇ သန်းထိ ရရှိနိုင်

နယူးယောက် မေ ၅

မာဗယ်စတူဒီယို၏ Thunderbolts ရုပ်ရှင်ဇာတ်ကား၏ ပထမသီတင်းပတ်ကုန် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇၃ သန်းနှင့် ၇၇သန်းကြားထိရှိလာနိုင်ကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

မာဗယ်စတူဒီယိုသည် Thunderbolts ဇာတ်ကားကို မေ ၂ ရက်က စတင်ရုံတင်ပြသခဲ့ရာ ထိုနေ့တစ်နေ့တည်းမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁ ရက်တွင် ပြုလုပ်ခဲ့သည့် ပွဲကြိုရုံတင်ပြသမှုတွင်လည်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ သန်းရရှိထားရာ Thunderbolts ဇာတ်ကား၏ ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇၃ သန်းနှင့် ၇၇ သန်းကြား ရှိလာနိုင်ကြောင်း ရုပ်ရှင်ဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

Thunderbolts ဇာတ်ကားသည် မင်းသမီး ဖလောရင့်ပက်နှင့် မင်းသား ဆီဘက်စတီရန်စတန်းတို့ ဦးဆောင်ပါဝင်ထားသော စူပါဟီးရိုး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် မျိုးကျော့မြိုင်၊ ဖြိုးပြည့်စုံ၊ နေမင်းအိမ်တို့၏ တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel တွင် ပြုလုပ်မည်ဖြစ်

ရန်ကုန် မေ ၅

တေးသံရှင် မျိုးကျော့မြိုင်၊ ဖြိုးပြည့်စုံ၊ နေမင်းအိမ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ လာမည့် မေ ၁၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် နေမင်းအိမ်က ပြောပြ၍သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ လာမည့် မေ ၁၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"မိုးရာသီလဲ ရောက်တော့မှာဆိုတော့ မိုးဦးအကြိုကာလလေးကို အလိုက်ဖက်ဆုံး ပံ့ဖော်သီဆိုပေးသွားဖို့ အလိုက်ဖက်ဆုံး၊ အကောင်းဆုံး သီချင်းတွေကို ရွေးချယ်တင်ဆက်ပေးသွားမှာပါ။ သုံးယောက်စလုံးက ဆိုခဲ့တဲ့အတွက် ဆိုတုန်းမှာအကောင်းဆုံးဖြစ်အောင် စီစဉ်ထားပါတယ်"ဟု တေးသံရှင် နေမင်းအိမ်က ပြောပြသည်။

တေးသံရှင် မျိုးကျော့မြိုင်၊ ဖြိုးပြည့်စုံ၊ နေမင်းအိမ်တို့၏ တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden Hoel တွင် မေ ၁၆ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Judgement Day ဇာတ်ကားတွင် မင်းသမီးဟိုင်ဒီဂါဒနာနှင့် ဘောဘီရေးတို့ပါဝင်မည်ဖြစ်

နယူးယောက် မေ ၅

Amazon MGM ၏ Judgment Day အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဟိုင်ဒီဂါဒနာနှင့် ဂေါက်သီးအားကစားသမား ဘောဘီရေးတို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၄ ရက် သတင်းများအရ သိရသည်။

Judgment Day ဇာတ်ကားတွင် ဟိုင်ဒီဂါဒနာနှင့် ဘောဘီရေးတို့သည် မင်းသား ဇီလျံဖာရဲလ်၊ ဇက်အက်ဖရွန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

ဟာသဇာတ်ကားအမျိုးအစားဖြစ်သည့် Judgement Day ဇာတ်ကားကို ဒါရိုက်တာ နီကိုလပ်စတော်လာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Judgment Day ဇာတ်ကားသည် ထောင်မှထွက်ပြေးလာသူ လူငယ်တစ်ဦးက စတူဒီယိုရိုက်ကွင်း တရားခွင်ကိုအသုံးပြု၍ ၎င်းတွင် အပြစ်မရှိကြောင်း ပြသရန် ကြိုးစားပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Judgment Day ဇာတ်ကား၌ ဟိုင်ဒီဂါဒနာနှင့် ဘောဘီရေးတို့ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများကို မသိရသေးကြောင်း၊ အလားတူ ဇာတ်ကားရိုက်ကူးမည့်နေ့နှင့်ရုံတင်ပြသမည့် အချိန်တို့ကို Amazon MGM က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# မန္တလေးလျှော်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို ဒဂုံမြို့နယ် အမျိုးသားဇာတ်ရုံတွင် ကျင်းပပြုလုပ်သွားမည်

ရန်ကုန် မေ ၅

မန္တလေးလျှော်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

အဆိုပါ မန္တလေးလျှော်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို အမျိုးသားဇာတ်ရုံတွင် လာမည့် မေ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်တို့တွင် ညနေ ၅ နာရီခွဲမှ စတင်ကာ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး မေ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မေ ၁၁ ရက်တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မေ ၁၂ ရက်တွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှ တင်ဆက်ကပြ ဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

"အနုပညာလောကသားတွေက လတ်တလောဖြစ်ပေါ်လာခဲ့တဲ့ သဘာဝလျှော်ဘေးသင့် ပြည်သူတွေ ခံစားနေရတာတွေကို စိတ်မကောင်းဖြစ်မိပါတယ်။ ဒါကြောင့် အနုပညာ လောကသားတွေက လျှော်ပြန်လည် ထူထောင်ရေးအတွက် ရန်ပုံငွေပဒေသာကပွဲ စီစဉ်ဖြစ်တာပါ။ သုံးရက်တိုင်တိုင် ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။ ပွဲလက်မှတ်တွေ ရောင်းချရင်း ပါဝင်လှူဒါန်းရင်းနဲ့ အလှူငွေပါဝင်နိုင်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ ရန်ပုံငွေပဒေသာကပွဲတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်သူ စည်သူအောင်၏ "ချစ်ဆုံးအပေါင်ဆိုင်" အမည်ရှိ ဟာသတစ်ခန်းရပ်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ပြီး ၎င်းပြဇာတ်ကို ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ သန်းထိုက်(ရွှေရိပ်)က ပံ့ဖော်ဖန်တီးမည်ဖြစ်ပြီး သရုပ်ဆောင် ကျော်ထက်အောင်၊ ကျော်ထက်ဇော်၊ ကိုကိုဦး၊ သီဟအောင်၊ မင်းပိုင်၊ ခင်ဇာခြည်ကျော်၊ အေးတတ်ရည်သောင်း၊ ဆောင်းအိမ်ရွှေထွန်းတို့က ပါဝင်တင်ဆက် ကပြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing to pay goodwill visit to Russian Federation at invitation of President of Russian Federation Mr. Vladamir Putin

**Nay Pyi Taw May 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, at the invitation of President of the Russian Federation Mr. Vladamir Putin will pay a goodwill visit to the Russian Federation to attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945) to be held in Moscow, the Russian Federation, within a few days.

During the goodwill visit, the Senior General will attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945) and relevant events, hold exclusive talks with heads of state who will attend the events and work toward strengthening of strategic cooperation in economic, security and multiple sectors between the two countries and the two peoples.

Similarly, wife of the Senior General Daw Kyu Kyu Hla will accompany the Senior General during the visit at the invitation of Speaker of the Federation Council of the Russian Federation Mrs. Valentina Matvienko and hold talks with her.

On the goodwill visit, members of the SAC, union ministers and senior officers will accompany the Senior General and wife.

100

# Winter chickpeas plantations harvested in YeU Township

**YeU May 5**

Local farmers have harvested all sown acreage of chickpeas planted in cold season in YeU Township of Sagaing Region, according to the statistics of YeU District Agriculture Department.

In YeU Township, during the winter crop season, chickpeas were cultivated on up to 9,353 acres of croplands. Harvesting of these chickpea plantations began in January this year and has been fully completed by now, with 100 per cent of the planted area harvested. It was reported that the yield reached 24.41 baskets per acre.

"The winter crop season in YeU Township saw chickpea cultivation on up to 9,353 acres. Currently, 100 per cent of those fields have been harvested. Chickpea cultivation has expanded beyond the initially estimated acreage, and it has been improving year by year. To improve yield and quality of the chickpea crops, we collaborated with farmers to provide quality seeds, necessary inputs, and post-harvest technologies," said District Head of Agriculture Department U Zaw Myint Tun.

In cultivating chickpeas in YeU Township, the locally suitable and high-yielding varieties Yezin-8 and Yezin-11 were chosen. It is reported that the cost of cultivating one acre of chickpeas is over K300,000.

For various pulse crops, collaboration with farmers continues to ensure quality yields by providing good quality seeds, inputs, and post-harvest technical assistance. Moreover, awareness and training on the use of Trichoderma, a beneficial fungus, during the planting season were organized through lead farmers.

Sagaing Region is the largest producer of various pulse crops in the country in terms of cultivation area. These crops are grown not only as main crops but also as secondary or relay crops. As such, farmers continue to grow them as income-generating crops. 206

# Number of nipa thatching from Ngaputaw Township sent to Yangon market in April

**Ngaputaw May 5**

Businesspersons from Ngaputaw Township of Ayeyawady Region sent a large number of sheets of nipa thatch to Yangon market in April, said Daw Ni Ni Win, the owner of nipa thatching trading in Ngaputaw Township.

Ngaputaw Township is a region where nipa palm thrives, and the harvested nipa thatch is being sold not only in the local market but also in the Yangon market. As of this year, during the past March alone, up to 650,000 sheets of nipa thatch were successfully sold to the Yangon market. Furthermore, In April, a total of 850,000 sheets of nipa thatch were exported and sold within a single month.

"A large volume of nipa thatch was exported and sold to the Yangon market within a month. The nipa thatch exported from this region is not only in high demand but also of good quality. Over the past month, demand from the Yangon market has been strong. Thanks to this strong demand, local nipa palm plant cultivators and nipa thatch workers have been experiencing better conditions," said Daw Ni Ni Win, a nipa trading operator from Ngaputaw Township.

In Ngaputaw Township, nipa plant cultivation is widely practised by locals from 14 villages. Currently, the price of 100 sheets of nipa thatch has reached up to K26,500. Due to the increasing demand for nipa thatch, cultivators, thatch workers, and trading operators are reportedly doing well.

Kyaw Kyaw Lin

# Chickpeas fully harvested in Wetlet Township



Chickpeas being harvested with the use of machinery.

**Wetlet May 5**

Chickpeas planted during the winter crops planting season have been harvested in Wetlet Township, Shwebo District, Sagaing Region, according to the statistics from the Department of Agriculture for Wetlet Township.

In Wetlet Township, 55,988 acres of chickpeas were planted during the winter crops planting season, and the chickpea fields that were planted have been harvested since January this year, so far all of the chickpeas have been harvested, yielding 24.50 baskets per acre.

"More than the target acres can be planted. Chickpea cultivation has been improving year by year. We have been working with farmers to provide them with good quality seeds, inputs, and post-harvest technology to improve the yield and quality of chickpeas," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

Sagaing Region is the largest region in the country in terms of area for bean and pulses production. Since it can be grown as an intercropping, farmers are growing it as an income-generating crop. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Onion harvest completed on 7,853 acres in Monywa Township during winter crop season


Workers sorting out newly harvested onions.

**Monywa May 5**

According to records from the Monywa Township Agriculture Department, the onion cultivation covering 7,853 acres during the winter crop season in Monywa Township, Sagaing Region, has been fully harvested.

During the winter crop season, Monywa Township successfully cultivated onions across 7,853 acres. Harvesting began in January of this year and has now been completed, achieving a yield of 4,571.58 viss per acre.

U Soe Thet Aung, the township agriculture officer of Monywa, stated: "In Monywa Township, we were able to cultivate onions on 7,853 acres during the winter crop season. All the cultivated onion fields have now been fully harvested. Currently, onion cultivation has exceeded the planned acreage. We have also facilitated market connections to ensure farmers get good prices."

The Monywa Township Agriculture Department has assisted onion farmers by connecting them to better markets, providing storage techniques to extend shelf life, and promoting Good Agricultural Practices (GAP) to improve onion quality.

Onion farmers spend approximately 1.8 million kyats per acre on cultivation, with an average yield of 5,000 viss per acre.

In Sagaing Region, onions are widely cultivated, with the highest production in Monywa, Yinmabin, Chaung-U, Shwebo, and Myinmu townships. 206

# Peanut harvest completed on 9,426 acres in Homalin Township during winter crop season

**Homalin May 5**

According to records from the Homalin Township Agriculture Department, the peanut cultivation covering 9,426 acres during the winter crop season in Homalin Township, Sagaing Region, has been fully harvested.

During the winter crop season, Homalin Township successfully cultivated peanuts across 9,426 acres. Harvesting began in February of this year and has now been completed, achieving a yield of 65.62 tins per acre.

Daw Su Su Htwe, the township agriculture officer of Homalin, stated: "In Homalin Township, we were able to cultivate peanuts on 9,426 acres during the winter crop season. All the cultivated peanut fields have now been fully harvested. We exceeded the planned acreage for peanut cultivation, and the production has been successful. As an oil crop, peanuts have performed well, and cultivation has been improving year after year."

In Homalin Township, peanut cultivation requires 1.5 baskets of seeds per acre. The total cost, including seeds, labor, fertilizers, and pesticides, exceeds 200,000 kyats per acre, with an average yield of over 50 baskets per acre.


Newly harvested peanuts seen in a field.

To ensure successful peanut cultivation, prevent pest infestations, and keep fields free from weeds, staff from the township agriculture department conducted field inspections and maintained monitoring records. 206

# Green grams fully harvested in Kalay District

**Kalay May 5**

Green grams planted during the winter crops planting season in Kalay District have been harvested, according to the statistics of the Department of Agriculture for Kalay District.

In Kalay District, 5,604 acres of winter green grams were planted during the winter crops planting season, and the fields that were planted have been harvested since January this year. So far, 100% of the acres have been harvested, with an output of 19.57 baskets per acre.

"During the winter crops planting season, we also conducted field visits to provide necessary technologies, varieties, and pest and disease prevention methods," said U Aung, head of the Department of Agriculture for Kalay District.

The cultivation of green beans in Kalay District is as per following: 683 acres in Kalay Township, 1,919 acres in Kalewa Township, and 3,002 acres in Minkin Township.

The Township Agriculture Department has provided farmers in Kalay District with information on obtaining good and clean varieties that are suitable for the region, proper planting methods, pest control, systematic use of fertilizers, and good yields. 206

# Iraqi PM, Qatari minister meet on transportation cooperation

**Baghdad May 5**

Iraqi Prime Minister Mohammed Shia' al-Sudani met visiting Qatari Transport Minister Sheikh Mohammed bin Abdulla bin Mohammed Al Thani here on Sunday to discuss transportation cooperation.

The two sides reviewed bilateral cooperation and ways to strengthen it, with a focus on enhancing partnership and investment in the transportation, logistics, and port sectors, according to a statement issued by al-Sudani's media office.

They discussed advancing the Iraq-proposed Development Road project and exploring opportunities to establish integrated ventures along the route to boost economic growth, said the statement.

Iraq proposed the Development Road project in May 2023, aiming to build a south-north rail and road corridor linking its Grand Faw Port in the south up to the country's border with Türkiye to boost economic integration. In April 2024, a quadrilateral memorandum of understanding was signed between Iraq, Türkiye, Qatar, and the United Arab Emirates to cooperate on the project.

Xinhua

# German official opposes tariffs, calls for stronger economic ties with China

**Berlin May 5**

Escalating trade tensions and punitive tariffs imposed by the United States could harm the global economy and pose serious risks to Germany's manufacturing sector, Hubert Aiwanger, deputy minister president of the German state of Bavaria, warned in a recent interview.

Speaking during a visit to Chinese electric vehicle maker NIO's battery swap station in Zusmarshausen, near Munich, Aiwanger stressed the importance of a rules-based international trade system and expressed strong support for continued economic cooperation with China.

From Bavaria's perspective, he said, punitive tariffs - whether imposed by the European Union (EU) on China or by the United States on China or the EU - are self-defeating. "Trade barriers only lead to retaliation and economic harm," he noted. "What our businesses and citizens need is open, fair, and stable international cooperation."

His comments come amid rising concern in Germany over the Trump administration's plans to introduce sweeping new tariffs, which will deal a blow to global automakers like BMW, headquartered in Bavaria, that depend heavily on global supply chains and international production networks.

Xinhua


A woman shops at a supermarket in Frankfurt, Germany, April 22, 2022.

# မီးနဲ့ရေ၊ ဒေါသနှင့်မေတ္တာ

ရွာသားဖိုးမောင်

**❖တရားတော်မှသိရမြင်ရတဲ့ စကားအဆုံးအမနဲ့ တရားဘာဝနာ နှလုံးသွင်းခြင်း၊ မိမိကိုယ်ကို စိတ်နှလုံးယဉ်ကျေးနူးညံ့အောင် ပြုပြင်ဆုံးမခြင်း ပြုသင့်ကြပါတယ်။ မိမိဘဝကိုကောင်းအောင်၊ ဆိုးအောင်လုပ်ဆောင်နိုင်တဲ့ စိတ်နှစ်မျိုးရှိတယ်။ အဲဒါက ဒေါသစိတ်နဲ့ မေတ္တာစိတ်ပါပဲ။ မိမိဘဝကို မုချတိုးတက်အောင်ဖြစ်စေ၊ ဆုတ်ယုတ်နစ်မွန်းအောင်ဖြစ်စေ ဖန်တီးခြယ်လှယ်နိုင်တဲ့ စိတ်နှစ်မျိုး ရှိပါတယ်။ ဒါကတော့ မေတ္တာသဘောစိတ်နဲ့ ဒေါသသဘောစိတ်ထားပဲ။ ဒေါသရဲ့အပြစ်ကိုမြင်အောင်ကြည့်ပါ။ မေတ္တာတရားရဲ့ အကျိုးကိုသိအောင်ကျင့်ပါ။❖**

လောကမှာတော့ လူအမျိုးမျိုးပေါ့။ ဘယ်တိုင်းပြည်၊ ဘယ်နိုင်ငံဖြစ်ဖြစ်၊ ဘယ်မြို့၊ ဘယ်ရွာဖြစ်ဖြစ် လူကောင်း၊ လူဆိုးအမျိုးမျိုးကိုတော့ ရှောင်လွှဲမရအောင် တွေ့ဆုံနေကြရဦးမှာပဲမဟုတ်လား။ ဒါဟာ ခုအချိန်မှ၊ ခေတ်ကာလ ယနေ့မှမဟုတ်ပါဘူး။ ရှေးရှေးပဝေသဏီလူပေါ်စ နှစ်သန်းပေါင်း ၂၆၀၀ ကျော်ဆီကတည်းက အရိုင်းအစိုင်းဘဝမှာလည်း လူသားကအုပ်စုနဲ့၊ မိသားစုနဲ့၊ အသိုင်းအဝိုင်းနဲ့ စုဖွဲ့နေထိုင်တတ်တဲ့ သတ္တဝါမျိုးမို့ တစ်ကောင်ကြွက်၊ သင်းကွဲမျောက်လိုမျိုး နေလေ့မရှိခဲ့ဘဲကိုး။

လူလူချင်း ပေါင်းသင်းဆက်ဆံပြီး လူမိသားစုများမှ လူမျိုးတွေပေါက်ဖွားတိုးပွားလာခဲ့ကြတာပဲလေ။ လူဟာ တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး။ နှာခေါင်းပေါက်ပါတာချင်းတူသော်လည်း အသက်ရှူပုံချင်းကွဲတယ်တဲ့။ ရှေးဆိုရိုးစကားကြားဖူးကြမှာပါ။ ဩော် ဘာကွဲတာလဲဆိုရင် ကွဲပုံကွဲနည်းလည်းအများကြီးပါပဲ။ အသားဖြူတဲ့လူကဖြူ၊ ဝါတဲ့လူကဝါ၊ ညိုတဲ့လူကညို၊ နက်တဲ့လူကနက်။ အသားအရောင်သာ ကွဲပြားတာမဟုတ်ဘူး။ အရပ်အနိမ့်အမြင့် လူချင်းတူကြတာမဟုတ်ဘူး။ ဥရောပသားများက အာရှတိုက်သားတွေထက် ခြေဆံလက်ဆံရှည်ကြတယ်လေ။ ခြေတံလက်တံရှည်တယ်ဆိုပါတော့။

လူမျိုးချင်းလည်း ဓလေ့ထုံးစံ၊ စရိုက်အကြိုက်၊ အနေအထိုင်၊ အစားအသောက် မတူကြဘူး။ ဂျပန်နဲ့တရုတ်လည်းကွဲတယ်။ ထိုင်းနဲ့မလေးလည်းကွဲတယ်။ ဗီယက်နမ်နဲ့ စင်ကာပူလည်းကွဲတယ်။ မြန်မာနဲ့ ဘင်္ဂါလီလည်းကွဲတာပဲ။ လူမျိုးချင်းရဲ့ သမိုင်းနောက်ခံနဲ့ စိတ်နေသဘောထား မတူကြဘူး။ ယူမိတဲ့ ဘာသာတရားအဆုံးအမကြောင့် လောကအမြင်ကွဲပြားတာလည်းရှိနိုင်တာပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာ လက်ရှိလူဦးရေသန်းပေါင်း ၈၀၀၀ နီးပါး(သန်း ၇၅၀၀ကျော်) နေထိုင်ကြရာမှာ လူမျိုးကိုအကြောင်းပြုလို့ဖြစ်စေ၊ နိုင်ငံကိုအကြောင်းပြုလို့ဖြစ်စေ၊ လူတွေဟာ အေးအေးချမ်းချမ်း ချစ်ချစ်ခင်ခင် အတူတကွ စုပေါင်းကာ အပြန်အလှန်လေးစားကူညီကြတဲ့ အချိန်အခါ အခြေအနေများလည်း လူ့သမိုင်းတစ်လျှောက်မှာ ရှိခဲ့ကြတယ်။

သမိုင်းစာမျက်နှာတွေမှာ လက်နက်ကိုင်အုပ်စုတွေအလိုက် သွေးသွေးကြေကြေ သွေးသံရဲရဲ၊ ရက်ရက်စက်စက်တိုက်ခိုက်ခဲ့ကြတဲ့ စစ်ပွဲကြီး၊ စစ်ပွဲငယ်တွေလည်း ရှိခဲ့ကြတာပဲ။ ကမ္ဘာမှာဖြစ်ပေါ်ခဲ့တဲ့ ဒေသန္တရစစ်များအပြင် နိုင်ငံအုပ်စုလိုက်ဖွဲ့ပြီး တိုက်ခိုက်ခဲ့ကြတဲ့ လူသားသန်းပေါင်းများစွာ ပါဝင်တိုက်ခိုက်သေကျေခဲ့ရတဲ့ ကမ္ဘာစစ်ကြီးတွေလည်း နှစ်ကြိမ်တောင်ဖြစ်ခဲ့ဖူးသေးတယ်။

လူသားအချင်းချင်း နိုင်ငံအလိုက် ပါဝင်တိုက်ခိုက်ကြတဲ့ ကမ္ဘာစစ်ကြီးတွေပဲဖြစ်ဖြစ် ဒေသငယ်တစ်ခုခုထဲက အုပ်စုငယ်တစ်ရွာနဲ့တစ်ရွာ တုတ်တပြက်ဓားတပြက် ခုတ်ကြထစ်ကြ၊ ပစ်ကြခတ်ကြ၊ သတ်ကြဖြတ်ကြတဲ့ စစ်ပွဲကြီးများမှ အုပ်စုရန်ပွဲထိ အားလုံးသောအကြမ်းဖက် ပဋိပက္ခတွေရဲ့ အရင်းအမြစ်ကတော့ လူသားရဲ့စိတ်အာရုံထဲမှာရှိတဲ့ ဖျက်ဆီးတိုက်ခိုက်လိုခြင်းဒေါသ၊ အမုန်း၊ အာဃာတ၊ သတ်ဖြတ်နှိပ်စက်လိုခြင်းအမျက် အမိုက်အမှားပါပဲ။ အရင်းမူလ ဒေါသစိတ်ဖြစ်ကြောင်း ခတ်ခွဲခန်းထဲမှာ မှန်ဘီလူးနဲ့ကြည့်ရသလိုမြင်ခဲ့ပြီးတဲ့ အဖြေကတော့ မြတ်စွာဘုရားရဲ့ ပဋ္ဌာန်းတရား အစရှိတဲ့ အဘိဓမ္မာအပိုင်းမှာ အထင်အရှားရှိခဲ့ပြီးသားပါ။

ဒေါသရဲ့ဆန့်ကျင်ဘက်ကဘာလဲ။

ဒေါသရှိလျှင် ကင်းမဲ့နေတာက မေတ္တာပဲ။

မေတ္တာရှိနေလျှင် ဒေါသလုံးဝမနေနိုင်ပါ။

မေတ္တာနဲ့ဒေါသက ဝင်ရိုးစွန်းနှစ်ဖက်ပမာ ဆန့်ကျင်ဘက်ပဲ။ မျက်နှာမူရာမတူ၊ လားရာမတူ၊ အကျိုးဆက်မတူကွဲပြား၊ တစ်လမ်းစီသွားစေတယ်။ အဲဒီစိတ်သဘောထားဟာ ဘယ်သူ့မှာမဆိုရှိနေနိုင်တယ်။ ဒေါသရှိနေခိုက်မှာတော့ မေတ္တာမနေနိုင်ဘူး။ မေတ္တာရှိနေစဉ်မှာ ဒေါသမဝင်နိုင်ဘူး။ အပူနဲ့အအေးလိုပဲ။ အမာနဲ့အပျော့လိုဘဲ။ မတူရုံမက ဆန့်ကျင်ဘက်အနေအထားမျိုးပါ။

စစ်ဖြစ်ရခြင်းအကြောင်းရင်းမူလက ဒေါသတရား။ လူသားအချင်းချင်း ကြင်နာဖေးမ၊ ကယ်ဆယ်ကူညီ၊ ကယ်တင်၊ အားပေးစည်းလုံးကြခြင်းသဘောကတော့ မေတ္တာတရားစိတ်ထားက အရင်းခံလို့ပါပဲ။ ဒေါသကိုလူတိုင်းဖြစ်ဖူးလောက်အောင် ရင်းနှီးကျွမ်းဝင်ပါတယ်။ မကြာခဏ ဒေါသဖြစ်တတ်သူနဲ့ တစ်ခါတစ်ရံမှဖြစ်ပြီး ဒေါသဖြစ်ခဲ့တဲ့လူရယ်ပဲ ကွာခြားနိုင်ပါတယ်။ ဒေါသဘာလို့ဖြစ်သလဲဆိုတဲ့ အကြောင်းရင်းကလဲ အများကြီးပါပဲ။ မနာလိုမှု၊ ဝန်တိုမှု၊ ထောင်လွှားမှု၊ ခက်ထန်မောက်မာအနိုင်ယူလိုမှု၊ ယုတ်မာရက်စက်လိုမှု၊ ကလဲ့စားချေလိုမှု၊ အငြိုးအတေးရှိခဲ့မှု စသည်ဖြင့် လောဘကြောင့်လည်း ဒေါသဖြစ်တတ်တာပဲ။ မောဟ(မသိမိုက်မဲမှု)ကြောင့်လည်း ဒေါသဖြစ်နိုင်တာပဲ။

ဒေါသဖြစ်ပေါ်လာပုံ၊ ဒေါသရဲ့အကြောင်းရင်းတရား၊ ဒေါသရဲ့မြင်သာတဲ့လက္ခဏာများ၊ ဒေါသနဲ့ယှဉ်တွဲတတ်တဲ့ အခြားစိတ်များ၊ ဒေါသဖြစ်ပြီးတွေးတောကြံစည်မှု(မနောကံ)၊ ပြောဆိုခက်ထန်မှု(ဝစီကံ)နဲ့ ရိုင်းစိုင်းကြမ်းတမ်းမှု(ကာယကံ)အပြုအမူ၊ လုပ်ဆောင်ချက်ကြောင့် ပေါ်ထွက်လာတဲ့ အမှားအယွင်း၊ အလွဲအချော်၊ အဆိုးအပြစ်တွေကြောင့် ယခုလက်ငင်းချက်ချင်းဖြစ်စေ၊ မကြာမတင်ကာလအတွင်းမှာဖြစ်စေ၊ (မိမိဇောစွမ်းအားအလျောက်) နောက်နောင်ဘဝများစွာမှာဖြစ်စေ၊ ဆင်းရဲပူလောင်ရတဲ့ ငရဲအမျိုးမျိုးကို လေ့လာသိမြင်သင့်တယ်။ ဆရာတော်ဘုရားကြီးများရဲ့ တရားတော်တွေမှာ ပါလေ့ရှိပါတယ်။ တရားနာကြားခြင်းဟာလည်း စာကောင်းပေကောင်း လေ့လာမှတ်သားတာနဲ့ အတူတူပါပဲ။ အသက်အရွယ်မခွဲခြားဘဲ နေ့စဉ် ၁၀ မိနစ် ၁၅ မိနစ်ဖြစ်စေ၊ တစ်နာရီ၊ တစ်နာရီခွဲလောက်ဖြစ်စေ၊ အွန်လိုင်းမှာရှာပြီး တရားနာကြားခြင်း၊ တရားတော်မှ သိရမြင်ရတဲ့ စကားအဆုံးအမနဲ့ တရားဘာဝနာ နှလုံးသွင်းခြင်း၊ မိမိကိုယ်ကို စိတ်နှလုံးယဉ်ကျေးနူးညံ့အောင် ပြုပြင်ဆုံးမခြင်း ပြုသင့်ကြပါတယ်။

မိမိဘဝကိုကောင်းအောင်၊ ဆိုးအောင် လုပ်ဆောင်နိုင်တဲ့ စိတ်နှစ်မျိုးရှိတယ်။ အဲဒါက ဒေါသစိတ်နဲ့ မေတ္တာစိတ်ပါပဲ။

မိမိဘဝကိုမုချတိုးတက်အောင်ဖြစ်စေ၊ ဆုတ်ယုတ်နစ်မွန်းအောင်ဖြစ်စေ ဖန်တီးခြယ်လှယ်နိုင်တဲ့ စိတ်နှစ်မျိုးရှိပါတယ်။ ဒါကတော့ မေတ္တာသဘောစိတ်နဲ့ ဒေါသသဘောစိတ်ထားပဲ။

ဒေါသရဲ့အပြစ်ကိုမြင်အောင်ကြည့်ပါ။ မေတ္တာတရားရဲ့ အကျိုးကိုသိအောင်ကျင့်ပါ။ ခေါမခေတ်ပညာရှိ ပလေတိုတို့၊ အရစ္စတိုတယ်တို့ခေတ်ကပင် (ဘီစီ ၄ ရာစု၊ ၅ ရာစုကာလ) လူတွေအတွက် အရေးအကြီးဆုံးသိစရာနဲ့ အဓိကအကျဆုံးအကြောင်းအရာက "မိမိကိုယ်ကိုသိခြင်း" "Know Yourself" ဖြစ်ပါသတဲ့။

အခြေအနေအချိန်အခါအလျောက် မိမိစိတ်ထဲမှာ ပေါ်ပေါက်လာနိုင်တဲ့ဒေါသကို သိဖို့လိုတာပေါ့။ စာရေးသူကတော့ ကံကောင်းထောက်မစွာ အထက်တန်းကျောင်းသားအရွယ်မှာပင် အစ်ကိုဝမ်းကွဲတစ်ယောက်ရဲ့စာအုပ်စင်မှ မောင်းထောင်သာသနာပိုင်ဆရာတော် စကားပြေနဲ့ရေးခဲ့တဲ့ "**ဒေါသကထာစာအုပ်**"ကို ဖတ်ခွင့်ရခဲ့တယ်။ လွယ်လွယ်ရှင်းရှင်းရေးထားတဲ့ စကားပြေမို့ ဖတ်ရမှတ်ရလွယ်ကူနားလည်တယ်။

စာရေးသူဘဝကို နူးညံ့ယဉ်ကျေးအောင်ပြုပြင်ပြောင်းလဲစေတဲ့ စာအုပ်ထူးတစ်အုပ်ကိုလည်း အဲဒီရှစ်တန်း၊ ကိုးတန်းကျောင်းသားဘဝမှာပဲ အစ်ကိုဝမ်းကွဲအထက်တန်းပြဆရာက "ငါ့ညီဖတ်ကြည့်ပါလားကွာ"ဆိုပြီး ပေးလို့ဖတ်ရတယ်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားအရှင်ဇနကာဘိဝံသရေးသားတော်မူတဲ့ "**ကိုယ်ကျင့်အဘိဓမ္မာ**"ဆိုတဲ့ စာအုပ်ပါပဲ။ မြန်မာစကားပြေကိုဖတ်ချင်စဖွယ် ပြေပြစ်ညက်ညောအောင် ရေးတတ်တဲ့ ကမ္ဘာကျော်သာသနာပြုစာသင်တိုက်ကြီး ထူထောင်လမ်းပြခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ မန္တလေးအမရပူရဘက်ရောက်ရင် တောင်သမန်အင်းစောင်းမှာရှိတဲ့ အဲဒီကျောင်းကို ရောက်အောင်သွားကြည့်ပါ။ နိုင်ငံခြားသားတွေ တသဲသဲလာလေ့လာနေတာ တွေ့ရမယ်။ ကိုယ်ကျင့်အဘိဓမ္မာ ကျမ်းပြုဆရာတော်ရဲ့ သီလ၊ သမာဓိနဲ့ ပညာသိက္ခာကြီးမြင့်တော်မူကြောင်း အထင်အရှားမျက်မြင်တွေ့စေချင်လို့ အဲဒီမဟာဂန္ဓာရုံကျောင်းကို သွားရောက်ကြည့်ညိုဖို့ တိုက်တွန်းမိတာပါ။

ကိုယ်ကျင့်အဘိဓမ္မာကို မဖတ်ဖူးခင်က လူ့ဘဝကို ကလေးအမြင်ပဲမြင်တတ်တဲ့ ဆယ်ကျော်သက်ရွယ်လူငယ်တစ်ယောက်ဟာ ဤကမ္ဘာလောကကြီးမှာ ငါ့မှာပြုပြင်ပြောင်းလဲနိုင်တာက အဘိဓမ္မာနိယာမသဘောအရ ငါ့ရဲ့ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တစ်ခုခုကိုဖြစ်စေတဲ့ စိတ်အမျိုးမျိုး အားအကောင်းဆုံး၊ အမှန်ကန်ဆုံး၊ အသင့်တော်ဆုံး၊ အကျိုးအရှိဆုံးရွေးချယ်နိုင်သူဟာ အခြားလူမဟုတ်(အခြားအရာများလည်းမဟုတ်၊ ဖန်ဆင်းရှင်၊ တန်ခိုးရှင်လည်းမဟုတ်ကြပါ) မိမိကိုယ်တိုင်ကသာ သတိတရားလက်ကိုင်ထား၍ ရွေးချယ်နိုင်ပါလားလို့ နားလည်သိမြင်ခဲ့ပါတယ်။

မိမိမှာရှိထားတဲ့ စိတ်၊ စေတသိက်၊ ဇောတို့ရဲ့ သဘောသဘာဝကို နည်းနည်းပါးပါး သိထားတာကြောင့် ကြောက်စရာရှိလည်း (သူများတကာ တုန်လှုပ်ချောက်ချားတာမျိုး) မကြောက်တော့ဘူး။ ဝမ်းနည်းစရာကြုံရင်လည်း (လူအချို့ ဣန္ဒြေပျက်လောက်အောင် ပူဆွေးငိုကြွေးပေမယ့်လည်း) မိမိအကြီးအကျယ်စိတ်လှုပ်ရှားတာမျိုး မဖြစ်မိတော့ပါဘူး။ ဒါတွေဟာ ခဏပါပဲ။ ဖြစ်ပြီးရင် ပျက်သွားမှာပဲ။ ကြောက်လန့်နေလည်း အလကားပဲ။ ငိုယိုနေလို့လည်း အပိုပဲဆိုတာ သတိချပ်လိုက်တော့ အေးအေးဆေးဆေးနေတတ်လာတာပေါ့။ (သူများတကာထက်ပိုထူးပြီး တရားသိလို့တော့မဟုတ်ပါ) စိတ်ရဲ့သဘောသဘာဝကို မဟာဂန္ဓာရုံဆရာတော်ရဲ့ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ဖတ်ပြီးကတည်းက အထိုက်အလျောက် အသိအမြင်ရင့်ကျက်သွားခဲ့လို့ပါ။

ချစ်သူခင်သူများကိုလည်း မိမိအကျင့်အတိုင်း ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ကို နှစ်ကျပ်၊ သုံးကျပ်ခေတ်အခါကပင် ဝယ်ပြီးပေးဝေလှူဒါန်းခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးထွန်းကြည် ကုန်သွယ်ရေးဝန်ကြီးဖြစ်တဲ့အချိန်မှာ အဲဒီ "ကိုယ်ကျင့်အဘိဓမ္မာစာအုပ်"ကို အပြင်စာအုပ်ဈေးတွေထက် ထက်ဝက်လောက်ဈေးချိုချိုနဲ့ ပုံနှိပ်ထုတ်ဝေခဲ့ဖူးပါတယ်။ ဗိုလ်ချုပ်ကြီးထွန်းကြည်က စာအတော်နှံ့စပ်အောင် ဖတ်လေ့ရှိပါတယ်။ အစိုးရကုန်သွယ်ရေးကစက္ကူနဲ့ဈေးချိုတဲ့ ဒီစာအုပ်ကို အုပ်ရေ ၄၀၊ ၅၀ ဝယ်ယူပြီး မိတ်ဆွေတွေကို ဖတ်ဖြစ်စေချင်လို့ တွေ့သူတိုင်းကို ပေးလှူခဲ့ပါတယ်။

တကယ်တော့ ဗုဒ္ဓအဘိဓမ္မာဆိုတာ မိမိစိတ်၊ မိမိကိုယ်ကိုအမှန်အတိုင်းရှုမြင်ဆင်ခြင်နိုင်အောင် မှန်ကြီးတစ်ချပ်ကိုယ်လုံးပေါ်ထောင်ပြတာလေ။ သိရတာတန်ဖိုးသိပ်ရှိတောပေါ့။ ဒါဆိုရင် ဘာထူးမှာလဲ။ ကောင်းကျိုးတရားတွေ ရေတွက်လို့မကုန်နိုင်အောင်များတာပေါ့ဗျာ။ မေတ္တာဆိုတာ ကုသိုလ်စိတ်ဗျ။ ကုသိုလ်ဟိတ်(ဟေတုပစ္စယော) ကောင်းကျိုးရလာတဲ့ အသီးအပွင့်တွေဆိုတာ စားလို့မကုန်၊ ပေးဝေလို့မခန်း၊ ဘဝအတွက်စည်းစိမ်ဥစ္စာ၊ ရာထူး၊ ဂုဏ်ကျက်သရေဆိုတာတွေ(ဆုတောင်းစရာမလိုဘဲ) အလိုလိုရွှေမိုးငွေမိုးရွာစေတာ ကိုယ်တွေ့တင်ပြတာပါ။ ကြွားတယ်တော့မထင်ပါနဲ့။ မြင်သာအောင် ပြောတာပါ။

အစည်းအဝေးခန်းထဲမှာ လူတကာရှေ့မိမိကိုငေါက်လားငမ်းလား အရှက်ခွဲ ပုတ်ခတ်တဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်နဲ့ကြုံဖူးတယ်။ စိတ်ထဲတော့ မကောင်းဘူး။ ဒါပေမယ့် သတိနဲ့မေတ္တာထားနိုင်အောင်ကြိုးစားပြီး နှလုံးသွင်းကြည့်တယ်။ ရပြီ။ မိမိမျက်နှာဟာ မေတ္တာဓာတ်နဲ့ကြည်လင်ရှင်းလင်းနေတာ အစည်းအဝေးတက်နေကြသူအားလုံး မြင်ကြတာကိုး။ ထိုသူဘယ်ရောက်နေလဲ။ မိမိဘယ်ရောက်နေလဲကြည့်ရင် သိသာပါတယ်။ ဒေါသလောင်မြိုက်သူဟာ ရောဂါထူပါတယ်။

စာဖတ်သူ သဘောပေါက်လောက်ပါပြီ။ နိဂုံးချုပ်ပါတယ်။ ဒေါသရဲ့အပြစ်ကို မြင်အောင်ကြည့်ပါ။ မေတ္တာတရားရဲ့ ကောင်းကျိုးကို သိအောင်ကျင့်ပါ။ မိမိဘဝကို မိမိကိုယ်တိုင် ကြိုးကိုင်ခြယ်လှယ်နိုင်တာပါ။

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မတ်ပဲကေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ဒီပဲယင်း မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မတ်ပဲကေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရွေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၄၅၉၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၁၄၅၉၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ရွေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မတ်ပဲ စိုက်ပျိုးတောင်သူများကို မြို့နယ်ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောပြသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ခုံးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ခုံးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်သင်းလှိုင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ပင်လယ်ခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် မတ်လ အတွင်းက ခုံးပိဿာချိန် ၄၉၀၀၀ ထိ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ခုံးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြည်တွင်းမှာကို ခုံးတွေက အဝယ်လိုက်နေတာပါ။ ပြီးခဲ့တဲ့ မတ်လကထက် ဧပြီလမှာ ခုံးတွေ ပိဿာချိန် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ မေလထဲမှာလဲ ပင်လယ်ခုံးတွေကို ရန်ကုန်ဈေးကွက်ထဲ အများအပြားတင်ပို့ရောင်းချနေရပါတယ်။ လပွတ္တာမြို့နယ်ဘက်ကနေ ထွက်တဲ့ ပင်လယ်စာခုံးတွေအပါအဝင် ရေထွက်ကုန်တွေကို လပွတ္တာမြို့ ပွဲရုံလုပ်ငန်းရှင်တွေက ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ အခုလို ကုန်အရောင်းအဝယ်တွေ အားကောင်းကောင်းနဲ့လည်ပတ်နေတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိပြီး အဆင်ပြေလာတာတွေ့ရပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်သင်းလှိုင်ကပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းအမျိုးမျိုးအပြင် ပင်လယ်ခုံးများကို စနစ်တကျ သန့်စင်ထုပ်ပိုးပြီး ရန်ကုန်မြို့ဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်တန်းမြို့နယ် ခနောင် (အရှေ့) ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**ကျောက်တန်း မေ ၅**

ရန်ကုန်တိုင်းဒေသကြီးသန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများ တစ်နိုင်တစ်ပိုင်အသေးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့်ငွေကြေးအရင်းအနှီး ရရှိစေရန်အတွက် ခနောင်(အရှေ့) ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း VRFP ချေးငွေ ပဉ္စမအကြိမ်မြောက်ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း VRFP ၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေ ကျပ် ၃၉ သန်းကို ခနောင် (အရှေ့) ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ခနောင် (အရှေ့) ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များကစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၉ ဦးအားမတည်ရန်ပုံငွေကျပ် ၃၉ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျောက်တန်းမြို့နယ် ခနောင် (အရှေ့) ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း VRFP ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါ စီမံကိန်းမတည်ရန်ပုံငွေများဖြင့်ကျေးရွာသူကျေးရွာသားများ တစ်နိုင်တစ်ပိုင်ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က ပြောပြ၍ သိရသည်။

**အိပိုးပိုး**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စစ်ဆေး



**ရန်ကုန် မေ ၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးထားကြောင်း ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောပြ၍ သိရသည်။

**ကိုသက်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များကိုရင်ဆိုင်နိုင်ရေးအတွက် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနည်းပညာများ အသုံးပြုဆောင်ရွက်နိုင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့(Search and Rescue Team)များကို ဒေသအလိုက်စုဖွဲ့လေ့ကျင့်ပြီး အသင့်ပြင်ဆင်ဆောင်ရွက်ထား

နေပြည်တော် မေ ၅

၇၉ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မီးသတ်ဝန်ထမ်းဟောင်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် သေဆုံးသွားသူများကိုဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သပြီး ၇၉ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးကဂုဏ်ပြုအမှာစကားပြောကြားရာတွင် မီးသတ်တပ်ဖွဲ့အနေဖြင့်ပြည်ထဲရေးဝန်ကြီးဌာန၏ဦးဆောင်မှုများနှင့်အညီ ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့်အချက်များကို နားလည်သဘောပေါက်အောင် အသိပညာပေးစည်းရုံးဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတပ်ဖွဲ့၏ရပ်တည်ချက်များ၊ရည်မှန်းချက်တာဝန်များနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို ကောင်းမွန်စွာသိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အထူးလိုအပ်ပါကြောင်း၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့်အင်အားပြင်း မန္တလေးငလျင်




ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့်ဒေသများတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခဲ့ရာ အသက်ရှင်သူ ၆၅၃ ဦးနှင့် သေဆုံးသူ ၇၈၉ ဦးတို့ကို ရှာဖွေကယ်ဆယ်ထုတ်ယူနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များမှ မီးသတ်ဦးစီးဌာနအပေါ် လေးစားချီးကျူးရသည်ထိ နိုင်ငံတကာအဆင့်မီ စွမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ဖြေရှင်းရန် လက်ရှိအခြေအနေနှင့်နောင်အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သော စိန်ခေါ်မှုများကို မျှော်မှန်းပြီး မီးသတ်တပ်ဖွဲ့အနေဖြင့် အသွင်သဏ္ဌာန်သာမက အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် Man Power Equipment Power နှင့် Technological Power တို့ကို ဟန်ချက်ညီညီတည်ဆောက်သွားရမှာဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်ရေးအတွက် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနည်းပညာများ အသုံးပြုဆောင်ရွက်နိုင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့(Search and Rescue Team)များကို ဒေသအလိုက်စုဖွဲ့လေ့ကျင့်ပြီး အသင့်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်သူလူထုမီးဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးသီချင်းဖြစ်သည့် မီးသတိပြုသီချင်းကိုသီဆိုခဲ့သူ အဆိုတော် ဦးထွန်းရွှေ၊ မီးသတ်လုပ်ငန်းတာဝန်များကိုကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အသက် ၉၀ နှင့်အထက် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး၊ ရဲသူရတံဆိပ်ရရှိသူ သန္ဓေတပ်ဖွဲ့ဝင်နှစ်ဦးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရဲဗလတံဆိပ်ရရှိသူနှစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၌ စံပြဆုရရှိသူတစ်ဦး၊ နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲတွင် အဖွဲ့လိုက်ဆုရရှိသူများနှင့် လူမှုထူးချွန် (ပထမဆင့်)ရရှိသူတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးသတ်စွမ်းရည်သရုပ်ပြခြင်းအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး မီးသတ်ပစ္စည်းကိရိယာပြခန်းနှင့် လေ့ကျင့်ရေးကွင်းအတွင်းခင်းကျင်းပြသထားသည့် ရှေးဟောင်းနှင့် ခေတ်မီမီးသတ်ယာဉ်၊ စက်ပစ္စည်းကိရိယာများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး ၇၉ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

သမိုင်းကြောင်းအရ ၁၉၄၆ ခုနှစ် မေ ၅ ရက် တနင်္ဂနွေနေ့၌ မြန်မာတစ်နိုင်ငံလုံးရှိ ၁၉ ခရိုင်မှ ခရိုင်၊ မြို့နယ်အဆင့် မီးသတ်အစည်းအရုံးခွဲများမှ စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ကိုယ်စားလှယ် ၁၉၇ ဦးကို စုစည်းပြီး ပထမဆုံးအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကြီးကို ရန်ကုန်မြို့ ကန်တော်လေးတွင်ကျင်းပခဲ့ရာ ထိုညီလာခံသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တက်ရောက်မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ ထိုနေ့ကိုအစွဲပြုကာ နှစ်စဉ်မီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြောင်း၊ ခေတ်အဆက်ဆက် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တို့တွင် အစဉ်တစိုက်စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသောမီးသတ်တပ်ဖွဲ့ဝင်များကို ယနေ့ကျင်းပသည့် ၇၉ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရှေ့ဖုံးမှအဆက်**

ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊စီးပွားရေး၊လုံခြုံရေးဆိုင်ရာများနှင့်ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တစ်ပါတည်းသွားရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက မဟာမုနိရုပ်ရှင်တော် ကျောင်းတော်ကြီး၏ထီးတော်ရှိ ငှက်မြတ်နားတော်အား ခေတ္တအပူဇော်ခံမည့်နေရာသို့ ပင့်ဆောင်ပူဇော်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ မရှိခဏစေတီ၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများအတွက် ယာယီရုံးဖွင့်လှစ်ရန် Modular House များတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးတက္ကသိုလ် လျှင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ(PE) အဖွဲ့များက SOPအတိုင်း လိုက်လံစစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီတို့၌ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကို ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အောင်မြေဘုံစံကျောင်းတိုက် သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများနှင့် သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း လျှင်ဘေးသင့် ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့၏ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့်နန်းဦးမြို့သစ်ရှိ မရှိခဏစေတီတို့တွင် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများ၊ ပါရမီရပ်ကွက်ရှိ သက္ကနိမ္မိတသီလရှင်စာသင်တိုက်၊ ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကြိုကျောင်းတို့၌ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် စာသင်ဆောင်အဆောက်အအုံများကိုစက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ လျှင်ဘေးဒဏ်သင့်ပြည်သူများသောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံမှ ဧရာဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတက္ကသိုလ်ရှိ လျှင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မန်းသပြေကျောင်းဆောင်၊ ထမင်းစားဆောင်၊ ရွှေမန်းကျောင်းသူဆောင်၊ သစ္စာကျောင်းဆောင်အဆောက်အအုံများကို အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE)အဖွဲ့များက SOP အတိုင်းစစ်ဆေးနေမှုများ၊ Level-1 အဆင့်စစ်ဆေးပြီးအဆောက်အအုံများကို ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့်အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများကို လိုက်လံကြည့်ရှု၍ လျှင်ဒဏ်သင့် ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တာဝန်ရှိသူများကို လျှင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအနက် အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE)အဖွဲ့များက SOP အတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပြီးစီးသည့် အဆောက်အအုံများကို ဦးစားပေးအဆင့်အလိုက် ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြသွားရန်နှင့် အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများကို စနစ်တကျပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရဆုတောင်းပြည့်မြတ်စွာဘုရား၊မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ရွှေကူကြီးဆုတောင်းပြည့်မြတ်စွာဘုရား၊အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ပလစ(၂)အခြေခံပညာနှင့် စက်မှု၊စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်းတို့၌ လျှင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများ၊ အပျက်အစီးများဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများကို မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်သို့သွားရောက်၍ မန္တလေးငလျင်ကြီးလှုပ်ခတ်စဉ်ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော် ကျောင်းတော်ကြီး၏ထီးတော်ရှိ စိန်ဖူးတော်နှင့်ထုပိကာတို့ကို ပြန်လည်မွမ်းမံ ပြုပြင်ဆင်နိုင်ရန်အတွက် မဟာမုနိရုပ်ရှင်တော် ထီးတော်ကြီးအား တန် ၂၀ ဝန်ချီစက်ကြီးဖြင့် ခေတ္တအပူဇော်ခံမည့်နေရာသို့ အဆင့်ဆင့်ပင့်ဆောင်နေမှုတို့အား ပူဇော်ကြည်ညို၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများအတွက် ယာယီရုံးဖွင့်လှစ်ရန် Modular House များ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံး၌ Modular House များ ထပ်မံတည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ သောက်သုံးရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်ထားရှိရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ကျောက်ဆည်မြို့ ရဲစုရပ်ကွက်နှင့် ဆူးကုန်းရပ်ကွက်တို့ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံများကို ယန္တရားများဖြင့်ရှင်းလင်းနေမှု အေးမြကြည်လင်ရပ်ကွက်ရှိ RC သုံးထပ်အဆောက်အအုံသည် နံဘေးတိုက်အပေါ် ယိုင်နဲ့ထိစပ်နေခြင်းဖြစ်ပေါ်နေသည့်အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီးကြိုးများကို စနစ်တကျကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းခွင်အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများမဖြစ်ပေါ်စေရန် အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း လျှင်ဒဏ်သင့်အဆောက်အအုံများကို SOP စနစ်ဖြင့်ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိအဆောက်အအုံ ၆၀၆၇ လုံးကို စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၅၇၇၃ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့်အန္တရာယ်ရှိ အဆောက်အအုံ ၂၉၄ လုံးမှ အဆောက်အအုံ ၂၅၈ လုံးကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အဆောက်အအုံ ၃၆ လုံးဖြစ်ကြောင်း သိရှိရသည်။

၎င်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ လျှင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့်ပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် Modular Houseများ လှူဒါန်းပေးအပ်ပွဲနှင့် ကျောက်သေတ္တာစေတီပြုပြင်ထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်၍ အလှူငွေများလက်ခံပေးပြီး အလှူရှင်များ၊ မြို့မိမြို့ဖများအား Modular House များလှူဒါန်းပေးမှုအပေါ်ကျေးဇူးတင်ရှိကြောင်း၊ ကျောက်သေတ္တာစေတီကြီးကိုလည်း ပြည်သူများအန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အဆင့် ပြင်ဆင်မွမ်းမံနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ Modular House များကိုလည်း အမှန်တကယ်လိုအပ်လျက်ရှိသော နေရာများတွင် တွန်းအားပေးတည်ဆောက်ပေးလျက်ရှိကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိတော့မည်ဖြစ်သဖြင့် ပြည်သူများ၊ ဝန်ထမ်းများ လုံခြုံစွာနေထိုင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ(၂၀၂၅)**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၇/၂၀၂၅)**
၁၃၈၇ခုနှစ် ကဆုန်လဆန်း ၉ ရက်
(၂၀၂၅ ခုနှစ် မေလ ၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေတွင်ပါရှိသော "Ministry of Transport"ဆိုသည့် စကားရပ်ကို "Ministry" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Magistrate" နှင့် "Magistrate of the first class" ဆိုသည့် စကားရပ်များကို "Court" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "Department of Marine Administration" ဆိုသည့် စကားရပ်ကို "Department" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၁ ကို အောက်ပါအတိုင်းအစားထိုးရမည်–

1. Unless otherwise expressly provided, the following expressions containedin this Act shall have the meanings given hereunder:
   (a) **Government** means the Union Government of the Republic of the Union of Myanmar;
   (b) **Ministry** means the Ministry of Transport and Communications of the Union Government;
   (c) **Department** means the Department of Marine Administration of the Ministry of Transport and Communications;
   (d) **Myanmar ship** means any ship registered under this Act; and
   (e) **Court** means any appropriate court having juris-diction in the matter relating to this Act.

၄။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေတွင် ပယ်ဖျက်ထားသောပုဒ်မ ၁–က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်–

1A. (a) No ship shall be deemed a registered ship unless it has been registered by the registering-officer of any port in Myanmar and holding a valid Certificate of Registry as required by any provisions of this Act.
   (b) Forms of Certificates of Registry, their validity and fees to be paid shall be such as may be prescribed by the Ministry.

၅။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၂၊ ၃၊ ၄၊ ၇ နှင့် ၈ တို့တွင်ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်းအစားထိုးရမည်–

5. (a) No registry shall be made or no certificate shall be granted until the declaration, in which the following stated particulars are true and to the best of his knowledge and belief, shall be made or subscribed before the registering-officer by the owner or major part of the owners of ship required to be registered:
   (1) name of the ship and its tonnages;
   (2) a statement of the date when and the place where the ship was built, or if the date and place of building are not known, a statement that the declarant does not know the date and place of the building of the ship;
   (3) a statement as to the owner of the ship and the citizenship of such owner, and if the ship is owned by more than one person, the number of shares each is entitled to;
   (4) a statement of the name of the master of the ship and his citizenship;
   (5) a statement that no other person (other than those declared) is entitled as owner to any legal or beneficial interest in the ship or any share thereof;
   (6) a statement of the name and citizenship of the operator who operates the ship other than owner mentioned under clause (3); and
   (7) such other particulars as may be prescribed.
   (b) The registrar may demand proof of ownership to his satisfaction before proceeding with the registry of a ship.

၇။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၅–က တွင်ပါရှိသော "section 1" ဆိုသည့် စကားရပ်ကို "section 1A" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၅–က ၏ နောက်တွင် ပုဒ်မ ၅–ခ နှင့် ၅–ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

5B. (a) No person shall be qualified to own a Myanmar ship unless such person shall be any of the followings:
   (1) a citizen of Myanmar;
   (2) a company or a body established in Myanmar which satisfies the following requirements:
      (i) the company or a body is incorporated in Myanmar;
      (ii) the principal office of the company or a body is in Myanmar;
      (iii) the management of the company or a body is undertaken in Myanmar;
      (iv) the majority of the shareholding, or the percentage of such shareholding as may be determined by the Ministry under sub-section (b), including the voting share, of the company or a body is held by Myanmar citizens independent of any influence by any person other than Myanmar citizens; and
      (v) the majority, or the percentage of the shareholding as may be determined by the Ministry under sub-section (b), of the directors of the company or a body are Myanmar citizens.
   (b) The Ministry may, by notification, determine:
      (1) the percentage of the shareholding, including voting share;and
      (2) the percentage of the directors of the company or a body required to be Myanmar citizens.
   (c) In addition to the requirements prescribed in sub-section (a), other requirements may be prescribed by the Ministry.
   (d) Documents pertaining to shareholding shall be developed by the company or the body as may be required by the registrar of ships.

5C. (a) The Department shall take administrative action against any person who fails, without reasonable cause, to register as per the requirements shall be liable to pay a fine not exceeding ten percent of the value of the ship to the Department.
   (b) Any person who fails to comply with sub-section (a) shall, on conviction before a Court, be punished with imprisonment for a term not exceeding twelve months and the subject ship may be confiscated.
   (c) If it is failed to discover or determine ownership of the ship, it may be seized as the property of the Government by the Ministry.

၉။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၈ ၏ နောက်တွင် ပုဒ်မ ၈–က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်–

8A. The Ministry may delegate its duties and powers conferredin section 3, 4, 7 and 8 to the Department.

၁၀။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၂၀ တွင် ပါရှိသော "before him" ဆိုသည့် စကားရပ်ကို "before it" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၅**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၂၅ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၇၅ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့် အဖွဲ့အား ပါတီတည်ထောင်ခွင့် ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားများ ကျင်းပစဉ်။

☆ ကျောဖုံးမှအဆက်

အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team Work)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit decorps)အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–





“ဒီမှာသင်တန်းတက်ရတာ နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်ရတာဖြစ်လို့ ဂုဏ်ယူပါတယ်။ သင်တန်းမှာ အတူတူတက်ခဲ့တဲ့ ညီအစ်ကိုတွေကိုလည်း အချင်းချင်းကူညီစောင့်ရှောက်ပေးတာတွေရယ်၊ စည်းကမ်းပိုင်းနဲ့ပတ်သက်ပြီးတော့လည်း နည်းပြတွေက ပြောဆိုဆုံးမကြပါတယ်။ နည်းပြအားလုံးလည်း တော်ကြပါတယ်။ ကျွန်တော်တို့ကို သားသမီးသဖွယ် စောင့်ရှောက်ပြီး စစ်ပညာပိုင်းဆိုင်ရာကိုလည်း အားလုံးကိုတတ်မြောက်ကျွမ်းကျင်အောင် သင်ပေးကြပါတယ်။ သင်တန်းသားတွေကလည်း ဘယ်နေရာပဲဖြစ်ဖြစ် အကုန်လုံး အဆင်ပြေပြေလုပ်နိုင်ကြပါတယ်။ သင်ခန်းစာတွေကတော့ စစ်ရေးကျွမ်းကျင်မှုနဲ့ပတ်သက်ပြီး အကုန်လုံး သင်ကြားရပါတယ်။ အကုန်လုံးလည်း တတ်မြောက် ကျွမ်းကျင်ကြပါတယ်။ ဘယ်နေရာပဲရောက်ရောက် ကျွန်တော်တို့က အကောင်းဆုံးလုပ်မယ်ဆိုတာကိုပဲ တွေးထားပါတယ်”ဟု ပြောသည်။

“ပြည်သူ့စစ်မှုထမ်းသင်တန်းအပတ်စဉ်(၁၀)မှာ ကျွန်တော်ရရှိတဲ့ဆုကတော့ စံပြတပ်သားစုဖြစ်ပါတယ်။ ဆုရရှိအောင် ကြိုးစားခဲ့တာကတော့ သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့တဲ့ ကြံ့ခိုင်ရေး၊ စစ်ရေးပြ၊ လက်နက်ငယ်၊ စစ်နည်းဗျူဟာဘာသာရပ်နဲ့ အခြားအထွေထွေဗဟုသုတတွေကို သင်ကြားပေးတဲ့အတိုင်း လိုက်နာဆောင်ရွက်ခဲ့တဲ့အတွက် အခုလိုဆုရရှိခဲ့တယ်လို့ ထင်ပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့ နိုင်ငံတော်တာဝန်ကို အခုလို တစ်ထောင့်တစ်နေရာကနေ တာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ တာဝန်ကျရာ တပ်တွေကို ရောက်တဲ့အခါမှာ ကျောင်းတော်ကြီးက သင်ကြားလေ့ကျင့်ပေးလိုက်တဲ့ ပညာရပ်တွေနဲ့ အလေ့အကျင့်ကောင်းတွေကို လေ့ကျင့်အသုံးချပြီး ပေးအပ်တဲ့တာဝန်ကို အကောင်းဆုံး ကျေပွန်အောင် ထမ်းဆောင်သွားမယ်လို့ ခံယူထားပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားတိုင်းထမ်းဆောင်ရမယ့် အမျိုးသားရေးတာဝန်ဖြစ်တာကြောင့် နောက်ထပ်ဖွင့်လှစ်မယ့် ပြည်သူ့စစ်မှုထမ်းသင်တန်းတွေမှာ ညီငယ်တွေအနေနဲ့ နိုင်ငံသားတာဝန်၊ အမျိုးသားတာဝန်ကျေပွန်အောင် တက်ရောက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်”ဟု ပြောသည်။

“ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် လာရောက်တက်ခဲ့တာဖြစ်ပါတယ်။ သင်တန်းကာလမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကို သင်ကြားပေးတဲ့ ဆရာတွေ၊ သူငယ်ချင်းတွေရဲ့ အားပေးမှုတွေနဲ့ ကျော်လွှားခဲ့ပါတယ်။ သင်တန်းတက်ခါစတုန်းကတော့ ပင်ပန်းတယ်လို့ ထင်မိပါတယ်။ နောက်ပိုင်းကျတော့ နေသားကျသွားတဲ့အတွက် ပင်ပန်းမှုဒဏ်ကို မခံစားရတော့ပါဘူး။ ဒီသင်တန်းကို တက်ရောက်ပြီးသွားတဲ့အခါမှာ ကျွန်တော် စည်းစနစ်တကျ နေထိုင်တတ်သွားတယ်လို့ ခံစားမိပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ အမျိုးသားတိုင်းထမ်းဆောင်ရမယ့် တာဝန်ဖြစ်လို့ နောက်ထပ်လာရောက်တက်ကြမယ့် ညီငယ်လေးတွေကို လာရောက်တက်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်”ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ မြင်ကွင်းပုံရိပ်များ

















## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်လုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်၏ဆောင်ရွက်ချက်များကို ပြည်သူအများသိရှိနိုင်ကြစေရန်အတွက်၂၀၁၁ ခုနှစ်မှစတင်၍ နှစ်ပတ်လည်အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်အစီရင်ခံစာကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ် မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားပါသည်။

၂။ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေရေးရာဆောင်ရွက်ချက်များနှင့်ကော်မရှင်ရုံးမှ ဌာန ခြောက်ခုဆောင်ရွက်ချက်များပါဝင်သည်။ကော်မရှင်၏ ၂၀၂၄ ခုနှစ်အတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးသင်ခန်းစာပို့ချမှု အကြိမ် ၇၀၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တိုင်းရင်းသားဘာသာ ကိုးမျိုးပြန်ဆိုပုံနှိပ်ထုတ်ဝေခြင်း၊ သတင်းထုတ်ပြန်ချက်များထုတ်ပြန်ခြင်း၊ကော်မရှင်၏ဆောင်ရွက်ချက်များကို e-newsletterထုတ်ဝေခြင်းများ ပါဝင်သည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်တန်းစာများစုံစမ်းစစ်ဆေးခြင်း၊ ရဲစခန်းအချုပ်ခန်းနှင့်တရားရုံးအချုပ်ခန်းများ အပါအဝင်အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း ၅၅ ခု၊ လူငယ်သင်တန်းကျောင်း ရှစ်ခု၊မသန်စွမ်းကျောင်း တစ်ခု၊ဘိုးဘွားရိပ်သာ ၁၀ ခုတို့သို့ သွားရောက်စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက်စုစုပေါင်း ၃၁၄ ချက်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းတို့ပါဝင်ပါသည်။




၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံးအမှတ်(၂၇)၊ ပြည်လမ်း (၆)မိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အီးမေးလ် Info@mnhrc.org.mmသို့လည်းကောင်း ပေးပို့နိုင်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းများ ဖွင့်လှစ်



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းများ ဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် မေ ၅**

နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင်ကျောင်းသား၊ ကျောင်းသူများ နွေရာသီတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ဗလ ငါးတန်နှင့်ပြည့်စုံပြီး လူတော်လူကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူဦးရေ ၉၀၀ ဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၆၁၈ ဦးဖြင့်လည်းကောင်း မေ ၁၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် မေ ၅**

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် တပ်မတော်သားမိသားစုများ၏ သားသမီးများကို နွေရာသီကျောင်းပိတ်ရက်များတွင် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမများနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာနားလည်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မော်လမြိုင်မြို့ ဗုဒ္ဓကလျာဏယုဝအသင်း (YMBA) အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆုရရှိသည့်ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၏ ၃၈ ဖြာမင်္ဂလာတရားတော်များ၊ ကဗျာများ၊ တေးသီချင်းများဖြင့် သီဆိုသရုပ်ပြမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ပေးပြီး သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ အဆိုပါ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၂၂ ရက်မှ ယနေ့ထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် နေ့အပူချိန်များ

၅-၅-၂၀၂၅

| | | | |
|---|---|---|---|
| ပြည် | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| မကွေး | ၃၉ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် | |
| နေပြည်တော် | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| မြင်းခြံ | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| ချောက် | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | |
| မြင်းမူ | ၄၀ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | |
| ညောင်လေးပင် | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| ရွှေဘို | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| တံတားဦး | ၃၈ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | |
| မြဝတီ | ၃၈ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | |



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုစဉ်။

# မြစ်ကြီးနားမြို့၌ ၇၉ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် မေ ၅**

၇၉ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့သည့် ပြည်သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် မတ်တတ်ရပ်၍ တစ်မိနစ် ငြိမ်သက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၇၉ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားမိန့်ခွန်း ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ၇၉ နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်မှတ်တမ်းဗီဒီယို (Video Click) ပြသခြင်းအား ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပပြုလုပ်

**နေပြည်တော် မေ ၅**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်းရှိ စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး မိုးပျံပူဖောင်းများကို ပစ္စတိုဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသား ကိုးသင်းနှင့် အမျိုးသမီး ကိုးသင်းတို့ဖြင့် မေ ၁၄ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် မိုးပျံပူဖောင်းများကို ပစ္စတိုဖြင့် ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းတွင် လွှဲပြောင်း၊ လက်ခံမှု မှတ်တမ်းဓာတ်ပုံ။

❖ **အကူအညီပစ္စည်းများမှအဆက်**

ယခုအခါ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်ထိ ရက်သတ္တပတ်အတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ Sleeping Bags ၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့သို့ ငလျင်ဘေးသင့်လူဦးရေအချိုးအစားအပေါ် မူတည်၍ ဖြန့်ခွဲပေးပို့လျက်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းမည့် ဒီဇယ်ဆီတန် ၃၀၀၀၀၊ ဓာတ်ဆီတန် ၂၀၀၀၀၊ ယာယီနေအိမ်အဖြစ်အသုံးပြုရန် Prefabricated House အလုံး ၄၅၀၀ နှင့် ယာယီရုံးအဖြစ်အသုံးပြုရန် Prefabricated Office အလုံး ၅၀၀ တို့အနက် မေ ၂ ရက်တွင် ဒီဇယ်ဆီတန် ၁၈၀၀၀ နှင့် Prefabricated Office အလုံး ၃၄၀ သည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိခဲ့ရာ ဒီဇယ်ဆီတန် ၁၈၀၀၀ ကို ရန်ကုန်မြို့ သီလဝါ Terminal တွင် ခေတ္တထိန်းသိမ်းထားရှိပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

PrefabricatedOffice အလုံး၃၄၀ ကို မေ ၄ ရက်တွင် နေပြည်တော်သို့ မြန်မာ့မီးရထားဖြင့် သယ်ဆောင်လျက်ရှိရာ ရောက်ရှိပါက ဝန်ကြီးဌာနအသီးသီးသို့ ဖြန့်ခွဲ၍ ယာယီရုံးခန်းများအဖြစ် အသုံးပြုကာ ဌာန၊ အဖွဲ့အစည်းအလိုက် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ရက်သတ္တပတ်အတွင်း လက်ခံရရှိသော လှူဒါန်းပစ္စည်းများ ခွဲဝေပံ့ပိုးမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် မတ် ၂၈ ရက်မှ ယနေ့ထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၈ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ် ရှစ်စီးဖြစ်သည်။

နိုင်ငံတကာအလှူရှင်များက မတ် ၂၈ ရက်မှ မေ ၄ ရက်ထိ ရက်သတ္တပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားပြီး ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံး ရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှုမှတ်တမ်းဓာတ်ပုံ။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှုမှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းမှ နေပြည်တော်သို့ မီးရထားဖြင့် သယ်ဆောင်သည့် မှတ်တမ်းဓာတ်ပုံ။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

# ကမ္ဘာ့ကြက်ခြေနီနေ့
# World Red Cross Day

---

**လူသားချင်းစာနာထောက်ထားး** တို့ကြက်ခြေနီများ **On the side of HUMANITY**

---

၂၀၂၅ခုနှစ်၊ မေလ(၈)ရက်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် မေ ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “War War Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဝါဝါခိုင်(ခ)မညို့အား ညနေ ၅ နာရီ မိနစ် ၄၀ တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝတီ)

# PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့ အကြမ်းဖက်သမား ခြောက်ဦးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမား သုံးဦးအား အသေဖမ်းဆီးရမိ



PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး အကြမ်းဖက်သမား ခြောက်ဦးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၅**

PDF အမည်ခံအကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများအား လက်နက်အားကိုးဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထို့သို့ ကျူးလွန်လျက်ရှိရာ မေ ၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ပုဏ္ဏမီလမ်းနေ မနိုနိုဦးလွင် ၃၃ နှစ်သည် ၎င်း၏ နေအိမ်နှင့် တွဲလျက်ဖွင့်လှစ်ထားသည့် Blue Liquor House ဆိုင်၌ မိသားစုဝင်များနှင့်အတူရှိနေစဉ် သေနတ်အတိုများကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမား သုံးဦးက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး မနိုနိုဦးလွင်နှင့် ၎င်း၏သားဖြစ်သူ မောင်လက်ာ သုံးနှစ်တို့နှစ်ဦးကို သေနတ်ပြခြိမ်းခြောက်ကာ ဆိုင်ကယ်များဖြင့် တင်ဆောင်၍ နန္ဒဝန်ရပ်ကွက် နယ်မြေ (၈) ကွမ်းခြံဘက်သို့ ပြန်ပေးဆွဲ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူနှစ်ဦးအား အကြမ်းဖက်သမားများက ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းရလျှင်ရခြင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်ခဲ့ရာ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပြန်ပေးဆွဲမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်ကြသော နန္ဒဝန်ရပ်ကွက် နယ်မြေ (၈)နေ သက်အောင်ဖြိုး(ခ) ကောင်းကင် ၂၃ နှစ် (ဘ) ဦးအောင်လင်းအား လည်းကောင်း၊ ယင်းနေ့ ည ၁၀ နာရီ ၃၅ မိနစ်တွင် ကောင်းရှင်းသန့်(ခ) ပေါက်စီ ၁၇ နှစ် (ဘ) ဦးအောင်နိုင်ဝင်း၊ ဇင်မင်းထွန်း(ခ) ကိုမင်း ၃၁ နှစ် (ဘ) ဦးသန်းထွန်းနှင့် ရောင်နီဦး(ခ) ကတုံး(ခ) ရကောက် ၂၆ နှစ် (ဘ) ဦးအောင်ဆန်းတို့ သုံးဦးကို နန္ဒဝန်ရပ်ကွက် နယ်မြေ (၈) ကွမ်းခြံအစပ်၌ လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ မနိုနိုဦးလွင်နှင့်၎င်း၏သား မောင်လက်ာတို့ နှစ်ဦးကို ကွမ်းခြံအစပ်နှင့် မြို့ရှောင်လမ်းကြားတွင်ရှိသော သနပ်ခါးခြံအလယ်ရှိ ၎င်းတို့၏ အကြမ်းဖက်စခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ အဆိုပါစခန်း၌ အကြမ်းဖက်အဖွဲ့ဝင်များက စောင့်ကြပ်လျက်ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့ငယ်များခွဲ၍ တိတ်တဆိတ် ဝင်ရောက်ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားများဖြစ်ကြသည့် ငထူး၊ ချိုကြီးနှင့် ပိုလီယိုတို့သုံးဦးကို လက်လုပ်သေနတ် နှစ်လက်၊ ကျည်အချို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကာ မနိုနိုဦးလွင်နှင့်၎င်း၏သား မောင်လက်ာတို့အား ဘေးအန္တရာယ်ကင်းရှင်းစွာ ကယ်တင်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအား ပိတ်ဆို့ရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ မေ ၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် အဆိုပါရပ်ကွက် သုဗောဓာရုံကျောင်းလမ်းလမ်းသွယ်အရောက်၌ မုံရွာမြို့ မြို့သစ်ရပ်ကွက်နေ ဇင်ကိုလင်း(ခ) သားချော ၃၃ နှစ်(ဘ)ဦးအောင်ကျော်သန်းနှင့် စက်မှုဇုန်ရပ်ကွက်နေ ကျော်စိုးသူ ၃၃ နှစ် (ဘ) ဦးကျော်မျိုးညွန့်တို့နှစ်ဦးကို MG-1 လက်ပစ်ဗုံးတစ်လုံး၊ ကျည်ကာအင်္ကျီတစ်ထည်၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ကြောဖော်ထုတ်ချက်အရ သက်အောင်ဖြိုး(ခ) ကောင်းကင်၏ နေအိမ်အရှေ့ မြေကြီးအတွင်းမှ ဆာလာအိတ်ဖြင့်ပတ်၍ မြှုပ်နှံထားသည့် MA-2 သေနတ်တစ်လက်၊ ဘောက်ဝိုင်းတစ်ခု၊ ၎င်းကျည် ၄၆ တောင့်၊ လက်လုပ်သေနတ်နှစ်လက် (ကျည်အိမ်တပ်လျက်)၊ ၎င်းကျည်လေးတောင့်၊ 91 လက်ပစ်ဗုံးတစ်လုံးတို့ကို ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့မှုကြောင့် PDF အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲ ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသည့် မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့နှစ်ဦးကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးချုပ်နှောင် အကျပ်ကိုင်ကာ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ် ၄၃၅၄ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့်ငွေများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား တစ်ဦး၊ သက်သေခံပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသား နှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ် ၄၃၅၄ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့်ငွေများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး၊ သက်သေခံပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၅**

၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် လမ်း ၇၀ နှင့် ၇၁ လမ်းကြား ၃၂ (B)လမ်းရှိ ခုနစ်လွှာတိုက်ခန်းမြေညီထပ် အခန်းအမှတ်(B-1)နေ ဒေါ်ခင်ဖြူမြင့် ၄၇ နှစ် (ဘ) ဦးကိုကိုသည် ၎င်း၏နေအိမ်တိုက်ခန်းအတွင်းရှိ ထပ်ခိုးပေါ်၌ သိမ်းဆည်းထားသည့် ပီနံအိတ်အတွင်းထည့်ထားသော ငွေကျပ်သိန်း ၂၀၀၀ နှင့် ကျောပိုးအိတ်အတွင်း ထည့်ထားသော ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၂၃၅၄ သိန်း၊ စုစုပေါင်းငွေနှင့် ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၄၃၅၄ သိန်းမှာ ပျောက်ဆုံးနေကြောင်း တိုင်တန်းချက်အရ ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းက (ပ)၆၄/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ-၃၈၀ ဖြင့် အမှုဖွင့်လှစ်၍ ပြစ်မှုကျူးလွန်သူတရားခံအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူတရားခံအား ဖမ်းဆီးရမိနိုင်ရေး သတင်းရယူစုံစမ်းခြင်းများဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံ လွင်ကိုဦး ၂၇ နှစ် (ဘ)ဦးအောင်ကို၏ နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် လက်ပံကျေးရွာရှိနေအိမ်အား ဧပြီ ၂၆ ရက်တွင် ဝင်ရောက်ဖမ်းဆီးရှာဖွေခဲ့ရာ လွင်ကိုဦး၏ဇနီးဖြစ်သူ သင်းသင်းစိုး ၂၆ နှစ် (ဘ) ဦးမြင့်နိုင်အား တွေ့ရှိရပြီး ထွက်ချက်အရ ဧပြီ ၁၉ ရက်တွင် လွင်ကိုဦး ပြစ်မှုကျူးလွန်ရရှိသည့် ငွေဖြင့် တပ်ကုန်းမြို့၌ KENBO 125 အနက်ရောင် ဆိုင်ကယ်တစ်စီးအား ဝယ်ယူခဲ့ကြောင်း ကျန်ခိုးရာပါငွေများနှင့် ရွှေထည်ပစ္စည်းများကို ဆာလာအိတ်ဖြင့်ထုပ်၍ လက်ပံကျေးရွာရှိ နေအိမ်သို့ ယူဆောင်လာခဲ့ပြီး ဧပြီ ၂၁ ရက်တွင် သင်းသင်းစိုး၏ ဖခင်ဖြစ်သူ မြင့်နိုင်၊ ညီမဖြစ်သူ ဖြိုးဖြိုး၊ ခဲအိုဖြစ်သူ ကျော်ကျော်ခိုင်(ခ)ကျော်ခိုင်တို့နှင့်အတူ ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ တောင်ကုန်းပေါ်၌ ကျင်းတူး၍ မြှုပ်နှံ သိုဝှက်သိမ်းဆည်းထားခဲ့ကြောင်း စစ်ဆေးသိရှိရပြီး သင်းသင်းစိုး၏ ထွက်ဆိုချက်အရ ဧပြီ ၂၆ ရက်တွင် သက်သေခံငွေကျပ်သိန်း ၁၄၀၀ နှင့် အလေးချိန် ၉ ကျပ် ၁၀ ပဲ ၅ ရွေးအလေးချိန်ရှိ ရွှေထည်ပစ္စည်းမျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ လွင်ကိုဦးအား ဧပြီ ၂၇ ရက် ညနေ ၄ နာရီခွဲ၌ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူကျေးရွာရှိ စိန်လျှံတည်းခိုခန်း အခန်းအမှတ်(H-3)တွင် ရှာဖွေဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှသက်သေခံ ငွေကျပ် ၁၂၇ သိန်းကျပ်၊ အလေးချိန် ၃ ကျပ် ၃ ပဲ ၃ ရွေးရှိ ရွှေထည်ပစ္စည်းမျိုးစုံ၊ KENBO အမျိုးအစား အနက်ရောင် ဆိုင်ကယ်တစ်စီး၊ လွင်ကိုဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခု၊ လွင်ကိုဦး ဓာတ်ပုံကပ်ထားသော မျိုးသူအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခု၊ လက်ကိုင်ဖုန်းမျိုးစုံ ငါးလုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။


တရားခံလွင်ကိုဦး၏ ထွက်ဆိုချက်အရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလခန့်မှစတင် မန္တလေးမြို့ပေါ်တွင် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု၌ အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဧပြီ ၁၈ ရက် နံနက် ၈ နာရီတွင် ၎င်းအလုပ်လုပ်ကိုင်သည့် နေရာအနီးရှိ ခုနစ်လွှာတိုက်ခန်းမြေညီထပ် အခန်းအမှတ်(B-1)၏ အခန်းအတွင်းသို့ ဝင်ရောက်ကာ ငွေနှင့်ရွှေထည်ပစ္စည်းများကို ခိုးယူခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တပ်ကုန်းမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် ပြန်လာကာ ဇနီးဖြစ်သူအား ငွေနှင့်ရွှေထည်ပစ္စည်းများအား သိုဝှက်သိမ်းဆည်းထားခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်းဝင်ရောက်ကာ ငွေနှင့်ရွှေထည်ပစ္စည်းများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံလွင်ကိုဦးနှင့် သက်သေခံပစ္စည်းများအား သိုဝှက်သိမ်းဆည်းပေးခဲ့သူများ ဖြစ်ကြသည့် တရားခံသင်းသင်းစိုးပါ လေးဦးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ဝတ္ထုတိုကလျာ

# မိနစ်ပိုင်းလေးပါပဲ

မေကျော်



(၁)

"အချစ် ကိုကို အလုပ်သွားတော့မယ်နော်"

ကျွန်မ ကိုကို့ကို ဘာမှပြန်မဖြေဘဲ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ ကိုကိုသည် မနေ့ညက နောက်ကျမှ အလုပ်ကပြန်လာသည်။ မနေ့က ကျွန်မ မွေးနေ့ဖြစ်ပါလျက် ကိုကို အပြန်နောက်ကျသည်မို့ ကျွန်မစိတ်ဆိုးမိသည်။ ကိုကို ဝယ်လာသည့်ကိတ်မုန့်က ရေခဲသေတ္တာထဲတွင် သည်အတိုင်းရှိနေသည်။ ကိုကို မွေးနေ့လက်ဆောင်ပေးသည့် ဖိနပ်ကလေးကိုလည်း ခုတင်ခြေရင်းက မဖယ်ရသေးပေ။

"အချစ် ကိုကို့ကို စိတ်မဆိုးပါနဲ့။ ကိုကိုတောင်းပန်ပါတယ်။ ဒီညနေ စောစောပြန်ခဲ့မယ်နော်"ဟု ပြောကာ ထွက်သွားလေသည်။

ကျွန်မသည် တံခါးကိုဖွင့်ကာ ထွက်သွားသော ကိုကို၏ကျောပြင်ကို ဆွေးဆွေးငေးငေး လှမ်းကြည့်လိုက်မိသည်။ ကိုကိုကတော့ မျက်နှာပြန်လှည့်မလာတော့ပေ။ ကျွန်မသည် ဘေးတွင်အိပ်ပျော်နေသောသမီးကလေးကိုဖက်၍သာ ပြန်အိပ်နေလိုက်သည်။ ကိုကိုပြောဖူးတာရှိသည်။

"အချစ် ကိုကိုကလေ အချစ်စိတ်ဆိုးတိုင်းချော့မယ်ကွာ။ အချစ် ကြိုက်သလောက်ဆိုးလို့ရတယ်။ ဘာလို့လဲဆိုတော့ ကိုကိုအမှားရှိလို့ အချစ်က စိတ်ဆိုးတာလေ။ ဒါပေမဲ့ ကိုကို အမှားလုပ်ချင်လို့ လုပ်မိနေတာမဟုတ်ဘူးဆိုတာ အချစ် နားလည်ပေးပါနော်။ ကိုကို ရုံးမှာ အလုပ်တွေများတာ အချစ်သိပါတယ်။ အဲဒါကြောင့်လေ ကိုကိုချော့ရင်လဲ အချစ်က စိတ်ဆိုးပြေပေးပါနော်"

ကိုကိုက ကျွန်မလက်ဖဝါးကလေးကို ကိုင်ကာ သူ၏ ရင်ဘတ်တွင်ကပ်လျက် တောင်းဆိုခဲ့သည်။ ထိုအချိန်က ကျွန်မခေါင်းညိတ်ခဲ့၏။ သို့သော် လက်တွေ့တွင် ကျွန်မအတွက် မလွယ်ကူခဲ့ပေ။ ကျွန်မသည် အိပ်ရာမှထပြီး စိတ်ကို လျှော့ချလိုက်သည်။ ကိုကိုသည် ညနေကျ အလုပ်ပင်ပန်းပြီး ပြန်ရောက်လာလိမ့်မည်။ ခါတိုင်းလိုပဲ ကိုကို့ကို အိမ်ရှေ့မှာ ထိုင်ခုံလေးချ၍ သမီးကလေးနှင့်အတူ ထိုင်စောင့်မည်။ ကျွန်မသည် ညကနေ နံနက်ထိ စိတ်ဆိုးပြီး ကိုကိုအလုပ်ကပြန်လာလျှင်တော့ စိတ်ဆိုးပြေနေကျဖြစ်သည်။ သည်နေ့လည်း ကိုကိုပြန်လာလျှင် အရင်ကလိုဖက်ထားရင်း၊ သမီးကလေးကို ကိုကို့လက်ထဲလွှဲပေးရင်း စိတ်ဆိုးပြေသွားပြီဖြစ်သည့်အကြောင်း ပြောပြမည်ဟု စိတ်ကူးထားသည်။

ကိုကိုကြိုက်သည့် ကြက်ဥနှင့် အာလူးကို ရောကြော်ပြီး ချဉ်ရည်ဟင်းချက်ထားသည်။ ငရုတ်သီးလည်း ထောင်းထားသည်။ ကိုကို ညဘက်စာဖတ်ရင်းသောက်ဖို့ V-code အချိုရည် အနက်ရောင်လည်းဝယ်ထားသည်။ ကျွန်မသည် အရင်နေ့များနှင့်မတူ သည်ကနေ့တွင် ကိုကို့ကို လွမ်းဆွတ်နေမိသည်။ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ပဲရှိသေးပေမဲ့ ကိုကို့ကို ပြန်လာစေချင်နေပြီ။ နာရီကို တကြည့်ကြည့်နှင့် အဝတ်များကိုယူကာ အဝတ်လျှော်စက်ထဲ ထည့်နေစဉ် ရုတ်တရက် လူက မိုက်ခနဲဖြစ်သွားသည်။ အဝတ်လျှော်စက်က တုန်ယင်လာ၏။ နံရံတွင်ချိတ်ထားသော မိသားစုဓာတ်ပုံသည် ကြမ်းပြင်သို့ ဂွမ်းခနဲကျကွဲချိန် ကျွန်မအသိဝင်သွားပြီး ပုခက်ထဲက သမီးကလေးကို ပြေးချီလိုက်ရသည်။ မီးသီးများ ယမ်းခါနေသည်။ မြေကြီးက လှုပ်ရှားနေ၏။ အိမ်အပြင်ကိုလှမ်းကြည့်တော့ လူများ လမ်းမပေါ်ပြေးထွက်လာကြသည်ကို မြင်ရသည်။

"ငလျင်လှုပ်နေတယ်ဟေ့ ငလျင်လှုပ်နေတယ်။ အိမ်ထဲမှာမနေကြနဲ့ အိမ်အပြင်ထွက်ခဲ့ကြ"

ကျွန်မသည် အိမ်အပြင်က လူတစ်ဦး၏ အော်သံကိုကြားမှ ငလျင်ဆိုသည်ကို သတိကပ်မိသွားပြီး သမီးကလေးကိုရင်မှာပိုက်၍ အိမ်တံခါးကိုဆွဲဖွင့်ကာ အိမ်အပြင်ဘက်ကွင်းပြင်ဆီ ပြေးထွက်လာခဲ့သည်။ အိမ်အပြင်ဘက် မြေကွက်လပ်တွင် ကျွန်မကဲ့သို့ ငုတ်တုတ်ထိုင်နေကြသူများ အများကြီးရှိသည်။ တချို့က ခွေးကလေး၊ ကြောင်ကလေးများကို ချီထားကြ၏။ တချို့က သားသမီးများကို ဖက်ထားကြ၏။ ကျွန်မသည် လသားလေးသာရှိသေးသော ကျွန်မသမီးလေးကို တင်းနေအောင်ဖက်ထားရင်း သတိရလိုက်မိသည်က ကိုကို။ သစ်ပင်များယိမ်းထိုးနေသည်မှာ ကြောက်စရာကောင်းလှသည်။ ရေလှောင်ကန်ပေါ်က ရေများဘောင်ဘင်ခတ်ကာ ဖိတ်ကျကုန်၏။ လူအားလုံး ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ကြောက်ခမန်းလိလိထိုင်နေကြရသည်။

"ဘုရားဘုရား ရပ်ပါတော့ ရပ်ပါတော့"

ကျွန်မဘုရားစာဆိုရင်း တတွတ်တွတ်ဆုတောင်းမိသည်။ တစ်ထပ်အိမ်လုံးချင်းကလေးများပင် အိမ်ထဲရှိသမျှ ပစ္စည်းအကုန်ကျကွဲလျှင် အထပ်မြင့်များသာဆို မတွေးဝံ့စရာ။

"ဘုရား ဘုရား ကိုကိုတို့ရုံးလဲ အန္တရာယ်ကင်းပါစေ။ ဘာမှမဖြစ်ပါစေနဲ့"

(၂)

ငလျင်လှုပ်တာရပ်သွားတော့ ကျွန်မဆီကို ဖုန်းဝင်လာသည်။

"ဟယ်လို"

"ဟယ်လို အချစ်၊ အချစ် အဆင်ပြေရဲ့လား။ ငလျင်လှုပ်သွားတာ ကြမ်းလိုက်တာအချစ်ရယ်။ ကိုကိုဆို တိုင်မှာ ပြေးကပ်နေရတယ်"

"တော်ပါသေးတယ် ကိုကိုရယ်၊ ကိုကိုဘာမှမဖြစ်လို့။ အချစ်က ကိုကို့ကိုစိတ်ပူနေတာ ဒီမှာ မီးလုံးတွေလဲ ကျကွဲကုန်ပြီ။ ကိုကိုနဲ့အချစ်ရဲ့ မင်္ဂလာဆောင်တုန်းကပုံလဲ ကွဲသွားတယ်။ မဟုတ်ဘူး မိသားစုဓာတ်ပုံရော။ ဟင်"

ကျွန်မ ဖုန်းပြောနေရင်း ကျွန်မကိုယ်ကျွန်မ သတိထားလိုက်မိတော့ သမီးကလေးက ကျွန်မလက်ပေါ်တွင် မရှိပေ။

"သမီး သမီးလေး"

သမီးလေးကို ကျွန်မ ဘယ်နေရာမှာ ချလိုက်တာလဲ။ မဟုတ်သေးဘူး။ ခုနက ကျွန်မ ကွင်းပြင်မှာ သမီးလေးနဲ့အတူ ထိုင်နေခဲ့တာပါ။ ကျွန်မ ဘာလို့ အခု အိမ်ထဲမှာရောက်နေရတာလဲ။

"ကိုကို ဟယ်လို ကိုကို"

ကျွန်မ ဖုန်းထဲကနေ ကိုကို့အသံကိုလည်း မကြားရတော့ပြန်ဘူး။

"ကိုကို ကိုကို"

"သက်ထား သက်ထား သတိရလာပြီလား"

"ဟင်"

ကျွန်မဟာ လူနာဝတ်စုံနှင့် ဆေးရုံပေါ်မှာ ရောက်နေသည်။ အမေနှင့် အဖေသည် ကျွန်မဘေးတွင် ထိုင်နေကြပြီး အမေ့လက်ထဲတွင် သမီးလေးကို ချီထားသည်။ ကျွန်မသည် သမီးလေးကို ပွေ့ချီလိုက်ပြီး ပါးလေးကို နမ်းလိုက်၏။ နေဦး။

"သမီး သမီး ဘယ်လိုဖြစ်လို့ ဆေးရုံပေါ်ရောက်နေတာလဲ အမေ။ ကိုကို ကိုကို ဘယ်မှာလဲ"

အမေသည် စ၍ငိုတော့၏။ အဖေသည် မျက်ရည်ကျလျက် မျက်နှာလွှဲနေသည်။ ကျွန်မသည် စိုးထိတ်သွားပြီး အမေ့လက်ကို လှမ်းဆွဲလိုက်သည်။

"အမေ အမေ ဘာဖြစ်လို့ငိုတာလဲ။ သမီးကို ပြောပါအုံး။ ကိုကို ကိုကို ဘာဖြစ်လို့လဲ"

"သက်ထား သမီး ဘာမှမမှတ်မိဘူးလား ဟင်"

"အမေ ဘာကိုပြောတာလဲ။ သမီး ဘာကိုမှတ်မိရမှာလဲ"

အမေသည် မျက်ရည်ကျနေရင်းက ကျွန်မလက်ကလေးကို သူ့လက်နှစ်ဖက်နှင့်ဆုပ်ညှစ်ကာ–

"သား သားတို့ရုံး ပြိုကျသွားတယ်လေ သမီး။ သားအလောင်းကို မနေ့ကတွေ့တာလေ။ တိုင်အောက်မှာပိနေတာ ဆွဲထုတ်ပြီးပြီလေ။ သမီး၊ သမီး သားအလောင်းကိုဖက်ပြီး သတိလစ်သွားတာလေ သမီးမမှတ်မိဘူးလား"

"ဘယ် ဘယ်လို"

ကျွန်မမှတ်ဉာဏ်ထဲတွင် ပုံရိပ်များအပြေးအလွှားဝင်ရောက်လာသည်။

(၃)

ဖုန်းလိုင်းများ ပြတ်တောက်သွားခြင်းကြောင့် သတင်းများစောင့်နေရင်းက ၁ နာရီခွဲသွားသည်။ အပြို၊ အပျက်များတယ်ဆိုတာသိရပေမဲ့ ဘယ်နေရာက တိုက်တွေပြိုတယ်ဆိုတာ သေချာမသိရသေးသည်မို့ ကျွန်မအထိတ်တလန့်နှင့် Facebook သတင်းတွေရှာဖတ်နေရသည်။ ကိုကို့ဆီကိုလည်း ဖုန်းဆက်လို့မရပေ။ ကျွန်မ ကိုကို့ဆီက ဖုန်းကို မျှော်နေသည်။ ကိုကို ဖုန်းဆက်မလာသည့်အဆုံး Taxi ငှား၍ လိုက်သွားခဲ့သည်။ လမ်းတစ်လျှောက် ပြိုကျနေသောတိုက်များကို မြင်တွေ့ရသည်မှာ ရင်နင့်စရာကောင်းလှသည်။ ငါတို့မြို့ကလေး ဘာတွေဖြစ်သွားတာလဲဟု ယူကျုံးမရဖြစ်မိရင်း ကိုကိုတို့ရုံး ဘာမှမဖြစ်ပါစေနဲ့ဟု စိတ်ထဲက အကြိမ်ကြိမ်အခါခါ ဆုတောင်းနေမိသည်။ သမီးကလေးက ကျွန်မရင်ခွင်ထဲတွင် အိပ်မောကျနေ၏။ ကျွန်မဆုတောင်းမပြည့်ခဲ့ပေ။ ကိုကိုတို့ရုံးဟာ ငါးထပ်ကနေ သုံးထပ်ပဲကျန်သည်။ နှစ်ထပ်က မြေကြီးထဲ နစ်ဝင်သွား၏။ ကိုကို ကိုကိုက ဘယ်အထပ်မှာ ရောက်နေသလဲ။ ကျွန်မ သမီးကလေးကို ပွေ့ထားရင်းက ရုံးအနီးကို ပြေးသွားတော့ လူများ ဝိုင်းတားကြသည် ။

"အန္တရာယ်များတယ် မသွားနဲ့။ ထပ်ပြိုကျလာရင် မလွယ်ဘူး"

"ကျွန်မယောကျ်ား ကျွန်မယောကျ်ား အထဲမှာ ရှိနေပါတယ် ကျွန်မယောကျ်ားကို ကယ်ပေးကြပါ"

ကျွန်မငို၍တောင်းဆိုသော်လည်း ကယ်ဆယ်ရေးများ ရောက်မလာသေးတာကြောင့် လက်ဗလာနှင့် လူများ စိတ်မကောင်းရုံမှတစ်ပါး မတတ်နိုင်ကြပေ။ ရုံးက အခြားဝန်ထမ်းများ၏မိသားစုများလည်း ရုံးရှေ့ကို ရောက်လာကြပြီး ကိုယ်စီဝမ်းနည်းပူဆွေးနေကြသည်။ ကျွန်မတို့ အထဲကလူတွေ အသက်ရှင်လျက် ကယ်ထုတ်နိုင်မှာပါဟု တစ်ယောက်တစ်လှည့် အားပေးနေကြသော်လည်း ကျွန်မတို့ရင်ထဲတွင် မချိမဆံ့ခံစားနေရလေပြီ။ ဖြစ်နိုင်ပါ့မလားဆိုသည့် သံသယက လူကို ခြောက်လှန့်နေသည်။ တဖြည်းဖြည်းမှောင်စပြုလာသည်။ ရင်ထဲတွင် ကိုယ်စီအပူနှင့် ပိတ်မိနေသောလူများအတွက် တွေးပူရင်း ရေပင်မသောက်နိုင်ကြပေ။ ကယ်ဆယ်ရေးများတစ်ယောက် ကယ်ထုတ်နိုင်လာလျှင် ကိုယ့်လူလားဟုပြေးကြည့်ရ၏။ လူတစ်ယောက်ပါလျှင် ကျွန်မယောကျ်ားများလားဟု ပြေးမေးရနှင့် အားအင်ချည့်နဲ့လာသည်။ နံနက်မိုးလင်းသည့်အခါ မျက်ထောင့်နီနီနှင့် မငိုနိုင်တော့ပေ။ ကျွန်မမိဘများ ရောက်လာတော့လည်း ကျွန်မ ဘာမှမပြောနိုင်ပေ။ သမီးကလေးကို ပေးထားပြီး ကျွန်မကတော့ ရုံးရှေ့မှာငုတ်တုတ်။ ကျွန်မကဲ့သို့ ဘဝတူများ အများကြီးရှိသည်။ အလောင်းတစ်လောင်း တွေ့သည့်အခါ ကိုယ့်မိသားစုဝင်မဟုတ်ပါစေနဲ့ဟု ဝိုင်းဆုတောင်းနေကြသည်။ ဆုတောင်းမပြည့်သူများက ချုံးပွဲချငိုကြရသည်။ ကျွန်မသည် သူတို့မိသားစုဝင်၏အလောင်းကိုကြည့်ကာ အဆမတန်သောနာကျင်မှုဖြင့် ငိုကြွေးနေသူများကို ငေးကြည့်ရင်း

စာမျက်နှာ ၂၆ သို့ ➤

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ရွှေဘို မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၆၄၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင် နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၄ ဒသမ ၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲ ၆၄၂၆ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့အနေအထား မှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပုစွန်မျိုးစုံပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပုစွန်မျိုးစုံပိဿာ ချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသမှထွက်ရှိသည့်ပုစွန်များဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ မတ်လအတွင်းက ပုစွန်မျိုးစုံ ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ပုစွန်မျိုးစုံ ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဧပြီလအတွင်း ပုစွန်မျိုးစုံ ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ပုစွန်တွေ ဝယ်ယူမှုအားကောင်းနေတာကြောင့် တင်ပို့ရောင်းချအားလဲ တက်လာပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀ မှ ငွေကျပ် ၂၂၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ငွေကျပ် ၁၉၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀၀ မှ ၂၄၀၀၀၊ ပုစွန်တုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၃၇၅၀၀ မှ ၅၅၀၀၀ စသည်ဖြင့် လတ်ဆတ်မှုပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးထံမှ သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၅ မှအဆက်

ကျွန်မ အဲဒီလိုမဖြစ်ပါရစေနှင့်ဟု ဆုတောင်းနေမိသည်။

(၄)

"ဒီမှာ အလောင်းတစ်လောင်းတွေ့ပြီဟေ့။ ခြေထောက်တွေက တိုင်အောက်မှာပိနေတာ။ ကြည့်ရတာ တိုင်နားမှာကပ်နေရင်းက တိုင်ပြိုကျလို့ ပိတာထင်တယ်"

ကျွန်မသည် မျက်ရည်များပြည့်လာကာ အရှူးတစ်ပိုင်းပြေးသွားလိုက်မိသည်။ ကျွန်မဝယ်ပေးထားသော အနက်ရောင်သားရေဖိနပ်ကလေးက သူ့ခြေထောက်တွင် တစ်ဖက်သာ ပါတော့သည်။ မနေ့နံနက်က ဝတ်သွားသည့် အပြာရောင်အင်္ကျီကလေးက ဖုန်များ၊ သဲမှုန်များကြောင့် အရောင်မထွက်တော့ပေ။ သူ့လက်ကလေး။

"ကို... ကိုကို"

ကျွန်မသည် တုန်ယင်နေသောကျွန်မလက်များနှင့် လက်ထပ်လက်စွပ်ဝတ်ထားသော ကိုကို၏လက်ကလေးကို ဆုပ်ညှစ်ကိုင်လိုက်မိသည်။ ကျွန်မ အသည်းတွေကွဲရပါပြီ။

"ကိုကို"

ကျွန်မ ကြီးစွာသောနာကျင်မှုမျိုးနှင့်အော်ဟစ်လိုက်မိသည်။ ကိုကို့လက်ကလေးက အရင်လို ကျွန်မကို ပြန်လည်ဆုပ်ကိုင်မလာတော့ဘူး ဆိုသည့်အတွေးက ကျွန်မကို ကမ္ဘာပျက်စေခဲ့သည်။

"ကိုကိုရေ ငါ နင့်ကို စိတ်ဆိုးပြေပြီဆိုတာ မပြောရသေးဘူးလေ။ ငါနင့်ကို ချစ်လို့တောင်မဝသေးပါဘူး။ ငါတို့သမီးကလေးက နင့်ကို ဖေဖေလို့တောင် မခေါ်ရသေးပါဘူး ကိုကိုရယ်"

ကျွန်မ တသိမ့်သိမ့်ရှိုက်ရင်း ရင်ဘတ်က အဆမတန်နာကျင်လာသည်။ ကျွန်မအသက်ရှူရပ်မတတ်ငိုကြွေးနေရင်း မွန်းကျပ်ပိတ်လှောင်သောခံစားမှုအဆုံးမှာ အရာရာသည် အမှောင်အတိ။

"နင်ပြောတော့ တစ်သက်လုံး ငါ့နားမှာရှိမှာဆို ကိုကို"

အခေါင်းထဲမှာထည့်ထားသော ကိုကို့ရုပ်အလောင်းကိုကြည့်ရင်း ကျွန်မ အပြစ်တင်ချင်မိသည်။ ကျွန်မ သူ့ကို အခုမှ တကယ်စိတ်ဆိုးလာသည်။

"ငါစိတ်ဆိုးတိုင်းချော့မှာဆို၊ ကြိုက်သလောက်ဆိုးလို့ရတယ်ဆို ကိုကို။ ဒီတစ်ခါစိတ်ဆိုးရင် နင့်ကို တစ်သက်လုံးမပြောဘူးနော်။ နင်ပြောထမှာလား မထဘူးလား"

ကျွန်မဘာပြောပြော မလှုပ်တော့သော ကိုကို့ခန္ဓာကိုယ်၊ ပွင့်ဟမလာတော့သော ကိုကို့မျက်လုံးများကိုကြည့်ကာ ကျွန်မရင်တွေ အစိတ်စိတ်အမြွှာမြွှာကွဲကြေမတတ်။

"ငါ့ကို မချော့ချင်တော့တာပေါ့ ဟုတ်လားကိုကို"

"သမီးရယ်"

ကိုကို့အမေက ကျွန်မကိုပွေ့ဖက်၍ သည်းထန်စွာငိုတော့သည်။

"နင်ပြောတော့ ငါမရှိလို့မဖြစ်ဘူးဆို။ ငါကတော့ နင်မရှိလို့ဖြစ်တယ်လို့ နင်ထင်တယ်ပေါ့ ဟုတ်လား။ ကိုကို နင်ပြောအုံး"

"သမီး စိတ်ထိန်းမှပေါ့။ သမီးကလေးအတွက် စိတ်ထိန်းအုံးမှပေါ့"

ကျွန်မအမေက ကျွန်မခေါင်းကို သူ့ရင်ခွင်ထဲထည့်ကာ ငိုကြွေးရင်းက နှစ်သိမ့်သည်။ ဘယ်သူပဲ ဘယ်လိုနှစ်သိမ့်ပါစေ ကျွန်မစိတ်မပြေ။

ကိုကို့အလောင်းကို အသုဘချတော့ မချခင် ကိုကို့ပါးကလေးနှစ်ဖက်ကို ကျွန်မပါးနှင့် ကပ်လိုက်သည်။

"ဒီတစ်ကြိမ်က နင့်ခန္ဓာကိုယ်နဲ့ထိတွေ့တာ နောက်ဆုံးအကြိမ်ဖြစ်တော့မယ် ကိုကို နင်သိလား"

ကိုကို့အလောင်းကို မီးသင်္ဂြိုဟ်စက်ထဲထည့်သည့်အချိန်တွင် ကျွန်မနှလုံးသားပါ မီးလောင်တိုက်အသွင်းခံရသကဲ့သို့ ပြင်းပြစွာနာကျင်ပူလောင်ရသည်။

မိနစ်ပိုင်းလေးပါလား ကိုကို။ မိနစ်ပိုင်းလေးပဲလှုပ်တဲ့ငလျင်က နင်နဲ့လူပေါင်းများစွာရဲ့အသက်ကို ဆွဲနှုတ်သွားသတဲ့လား။ မိခင်သဘာဝကြီးက အရက်စက်ဆုံး ကွင်းဆက်လူသတ်သမားတဲ့။ ငါ သူ့ကို မုန်းတယ် ကိုကို။ သူက မိနစ်ပိုင်းလေးနဲ့ ငါ့တစ်သက်စာ မမေ့နိုင်အောင် လုပ်သွားတာ။ ငါတို့ နောင်ဘဝပြန်ဆုံကြအုံးမယ်နော်။ အဲဒီအခါ ငါ စိတ်ဆိုးတာလဲ လျှော့ပါ့မယ်။

## လကဆုန်ခါ ပြည်ရွာအလှ

- ရာသီချိန်ပြောင်း နွေနှောင်းအခါ
  ဥဩဖိုမ တွန်ကြချိုသံသာ
  ရွက်ဟောင်းကြွေညှာ မြေမှာဆင်းသက်
  ထက်ကောင်းကင်ဆီ တိမ်ပလီ
  ပန်းချီဆေးချက် ညက်သည်နှင့်လေး။
- ချိန်ခါမပျက် ပွင့်လျက်အမှန်
  စံကားဝါပန်း ကြိုင်လှျမ်းသင်းစေဟန်
  ရာသီခွင်ဖန် ဧကန်မယွန်း
  နက္ခတ်ယှဉ်ကာ ဝိသာခါ
  ပြည်ရွာညောင်ရေ သွန်းသည်နှင့်လေး။
- ဗုဒ္ဓါပွင့်ထွန်း သာလွန်းသည်ပင်
  လောင်းတော်သိဒ္ဓတ် ဖွားလတ်ဗျာဒိတ်ထင်
  သုမေဓာရှင် ကြည်ရွှင်စိတ်ဝမ်း
  သောင်ကမ်းခေမာ နိဗ္ဗူတာ
  မှန်စွာမပျက် လှမ်းသည်နှင့်လေး။
- တို့ပြည်တစ်ဝန်း သာစမ်းပါစေ
  စုပေါင်းလာကြ ဗုဒ္ဓနေ့မှာလေ
  ညောင်ဗုဒ္ဓဟေ လန်းစေဖို့မှန်း
  လကဆုန်မှာ ရေသွန်းကာ
  အေးစွာနိမိတ် သန်းသည်နှင့်လေး။
- ပွင့်ပန်းယှက်ဖြာ သည်ခါသမယသည်။
- တင့်ဆန်းလျက်သာ ပြည်ရွာအလှတည်။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# နမ့်စန်မြို့နယ် လွယ်ကပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် မေ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ လွယ်ကပ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မေ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လွယ်ကပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ထီးချိုင့်မြို့နယ်တွင် ပဲပုပ်ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၆၁ တင်းထွက်ရှိ



**ထီးချိုင့် မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲပုပ် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၁ တင်းထွက်ရှိကြောင်း ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၄၆၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပဲပုပ်စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲပုပ် ၄၆၅၅ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲပုပ်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ပညာပေးတာတွေလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတစ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း မအူပင်မြို့နယ်ကနေ မနောသုခဆန်တင်းရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မနောသုခဆန်အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်တယ်။ မနောသုခဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်''ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဆိတ်ဖြူမြို့နယ် တောင်ငယ်လုံးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိတ်ဖြူ မေ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိတ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ငယ်လုံးကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်ဟန်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောင်ငယ်လုံးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှုရှိ၊ မရှိ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆိတ်ဖြူမြို့နယ် တောင်ငယ်လုံးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို ပဉ္စမအကြိမ်အဖြစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေကျပ် ၂၀ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုညို**

# မိုင်းတုံမြို့နယ် မိုင်းဟန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ မေ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းဟန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက မိုင်းဟန်ကျေးရွာတွင် စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိစစ်ဆေးပြီး ခရိုင်ဦးစီးမှူးမှ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းဟန်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂ ဦးကို အဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၂ သန်း ထုတ်ချေးပေးထားကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိသည်။ **ချိုသန်းညွန့်**

# ဘားအံမြို့နယ် နတ်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ မေ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နတ်ကျွန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နတ်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို အဋ္ဌမအကြိမ်ဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ကင်ဆာရောဂါကုသမှု စာတွေ့လက်တွေ့ အတွေ့အကြုံများ

**တစ်ကျော့ပြန်ကင်ဆာစောင့်ကြည့်စစ်ဆေးခြင်း**

ယနေ့ခေတ်မှာ ကင်ဆာရောဂါတွေကို စောစောစီးစီးရှာဖွေတွေ့ရှိလာကြတယ်။ ကင်ဆာရောဂါဆိုတာ ကုသရင်ပျောက်ကင်းနိုင်တာရှိသလို မပျောက်ကင်းတဲ့တိုင် အသက်ရှည်ရှည်နေနိုင်အောင် ကုသလို့ရတယ်ဆိုတာ လူအများသိလာကြပါတယ်။ ကင်ဆာကုသမှုတွေလည်း ပိုမိုအစွမ်းထက်လာတာကြောင့် လက်ရှိအချိန်မှာ ကင်ဆာကို ကုသအောင်မြင်ထားသူတွေ အတော်များလာကြပါပြီ။ ဒီလိုလူနာတွေကို ကင်ဆာရောဂါပြန်လည်ဖြစ်ပွားမှုရှိမရှိ စောင့်ကြည့်စစ်ဆေးဖို့လဲ လိုအပ်လာပါတယ်။

ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာအစရှိသဖြင့် သက်ဆိုင်ရာ ကင်ဆာရောဂါအသီးသီးကို အောင်မြင်စွာကုသပျောက်ကင်းပြီးတဲ့ လူနာများကို ရိုးရိုးဓာတ်မှန်၊ ရင်သားဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်၊PET/CT scan စသဖြင့် ပုံရိပ်ဖော်နည်းလမ်းမျိုးစုံနဲ့ ရက်ချိန်းများပေးပြီး ပြန်လည်ချိန်းဆိုကြည့်ရှုပေးရတာရှိသလို အချို့လူနာတွေကိုလဲ သွေးထဲမှာကင်ဆာဆဲလ်တွေရှိမရှိ စစ်ဆေးပေးရတာမျိုးလဲ ရှိပါတယ်။

အဲဒီတစ်ကျော့ပြန် ကင်ဆာရောဂါများကို စောင့်ကြည့်စစ်ဆေးကြရာမှာအသုံးပြုတဲ့ ရောဂါရှာဖွေရေးနည်းလမ်းတွေဟာ အမှန်တကယ် ရောအကျိုးရှိရဲ့လား၊ မလိုအပ်ဘဲ ရောဂါရှာဖွေတာတွေရောဖြစ်နေသလား၊ လူနာတွေအပေါ်မှာအကျိုးအပြစ်ဘယ်လိုရှိနေသလဲဆိုတာကို ဖွံ့ဖြိုးပြီးနိုင်ငံများမှာတောင် ငြင်းခုံနေကြရတာမျိုးတွေရှိပါတယ်။ အဲဒီအကြောင်းတွေကို ဆွေးနွေးကြည့်ချင်ပါတယ်။

အကြမ်းဖျင်းအားဖြင့် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ စသဖြင့် အစိုင်အခဲကင်ဆာမျိုးတွေကို သုံးလတစ်ခါ၊ခြောက်လတစ်ခါ၊ငါးနှစ်ခန့်ကြာမြင့်သည်အထိ ကင်ဆာဆဲလ်များရှင်သန်လာခြင်းရှိမရှိ ဆေးစစ်ပေးလေ့ရှိကြပါတယ်။ ရည်ရွယ်ချက်ကတော့ တစ်ကျော့ပြန်ကင်ဆာကြောင့်ဖြစ်ရတဲ့ ရောဂါလက္ခဏာမပြခင်မှာ ကင်ဆာကိုရှာဖွေတွေ့ရှိပြီး ကုသမှုစောစောပေးနိုင်ဖို့ဖြစ်ပါတယ်။ စောစောကုသပေးနိုင်မယ်ဆိုရင် ရောဂါစောစောပျောက်ကင်းမယ်၊ လူနာလဲ အသက်ရှည်မယ်လို့ မြော်တွေးကြတာဖြစ်ပါတယ်။

ဒီနေရာမှာ အချို့ကင်ဆာလူနာများက ကင်ဆာလုံးဝပျောက်ကင်းသွားပြီး သူတွေဖြစ်မယ်။ အချို့ကတော့ ကင်ဆာဆဲလ်အကြွင်းအကျန်ရှိနေသေးတယ်။ ကုသမှုကိုခဏရပ်နားထားတာဖြစ်ကောင်းဖြစ်မယ်။ ဒီအချက်တွေအပေါ်မူတည်ပြီး လူနာကို ပြန်လည်ချိန်းဆိုစစ်ဆေးရမှုတွေ ကွာခြားသွားနိုင်တယ်။ အကြမ်းဖျင်းအရတော့ ကင်ဆာရောဂါကို လုံးဝပျောက်ကင်းအောင် ကုသအောင်မြင်ပြီးသူတွေကို သုံးလတစ်ကြိမ်၊ခြောက်လတစ်ကြိမ်ဆိုသလို အနည်းဆုံးငါးနှစ်ပြည့်သည်ထိ ပြန်လည်ချိန်းဆို စောင့်ကြည့်စစ်ဆေးပေးလေ့ရှိပါတယ်။ ငါးနှစ်ပြည့်တဲ့ထိ ကင်ဆာရောဂါပြန်ပေါ်မလာတော့ဘူးဆိုရင်တော့ တစ်နှစ်၊ တစ်ကြိမ်လောက်ပဲ ပြန်လည်ချိန်းဆိုစစ်ဆေးပေးလေ့ရှိပါတယ်။

ငါးနှစ်ပြည့်တဲ့ထိ ဘာလို့ စောင့်ကြည့်ကြသလဲဆိုတော့ ကင်ဆာကုသမှု လက်တွေ့သုတေသနများကို ကြည့်လိုက်လျှင် ငါးနှစ်အသက်ရှည်မှုနှုန်း(5 year overall survival rate, OS) နဲ့အသုံးပြုလေ့လာထားကြတာများလို့ပါ။ ငါးနှစ် အသက်ရှည်မှုနှုန်း၁၀၀ရာခိုင်နှုန်း တစ်နည်းအားဖြင့် ကင်ဆာလူနာတစ်ဦးဟာ ငါးနှစ်ထိမကွယ်လွန် သေးဘူးဆိုရင် ကုသမှုအောင်မြင်ပြီလို့ သုံးသပ်ကြ လို့ဖြစ်ပါတယ်။ ငါးနှစ်ထိတော့အသက်ရှည်နေတာမှန်ပါရဲ့၊ ကင်ဆာပြန်ဖြစ်ပြီးဝေဒနာတွေနဲ့ အသက်ရှင်နေတာမျိုးဆိုရင်လဲ မကိုက်ပြန်ဘူး။ ဒီလိုလူနာမျိုးတွေအတွက်တော့ ငါးနှစ်တာ ရောဂါကင်းဝေးအသက်ရှည်နှုန်း(5 year disease free survival, DFS) နဲ့ တွက်ချက်ကြည့်ရမှာဖြစ်ပါတယ်။

ကင်ဆာရောဂါ ပြန်ဖြစ်ကြတာချင်းတူရင် ရောဂါလက္ခဏာတစ်စုံတစ်ရာမပြဘဲ ကင်ဆာရောဂါပြန်ဖြစ်နေသူတွေက ရောဂါလက္ခဏာတွေပြပြီး ကင်ဆာပြန်ဖြစ်ကြသူတွေထက် အသက်ပိုရှည်ကြတယ်လို့ သုတေသနတွေမှာတွေ့ရပါတယ်။ ကင်ဆာကုသပြီးသူတွေ စောင့်ကြည့်စစ်ဆေးရာမှာ ပုံရိပ်ဖော်နည်းတွေနဲ့ စောင့်ကြည့်စစ်ဆေးတာရှိသလို သွေးစစ်ဆေးမှုနဲ့လဲ စောင့်ကြည့်စစ်ဆေးနိုင်တယ်လို့

**❖သုတေသနတွေက ဘယ်လိုပဲဖြစ်ဖြစ် ကင်ဆာလူနာဟောင်းတွေကို နှစ်စဉ် ကင်ဆာဆဲလ်တွေ၊ သွေးဖောက်ပြီးစစ်ဆေးနေတာတွေဟာ အစဉ်အလာလိုဖြစ်နေပါပြီ။ အချို့ဆို ကင်ဆာလူနာမဟုတ်ပါဘဲနဲ့ ပုံမှန်ဆေးစစ်တဲ့အခါမှာ ကင်ဆာဆဲလ်တွေကို စစ်ဆေးနေကြတာတောင်ရှိပါတယ်။ ဆီးကျိတ်ကင်ဆာနဲ့ သိုင်းရွိုက်အကျိတ်ကင်ဆာလို ကုသပျောက်ကင်းထားတဲ့ ၉၅ ရာခိုင်နှုန်းကျော်လူနာတွေမှာတောင် နှစ်စဉ် PSA ခေါ်တဲ့ ဆီးကျိတ်ကင်ဆာဆဲလ်တွေ၊ သိုင်းရွိုက်အကျိတ်ကင်ဆာဆဲလ်တွေ နောင်နှစ် ၂၀ နေရင်စစ်ဆေးဖို့ အပြည်ပြည်ဆိုင်ရာ ကင်ဆာကုထုံးတွေမှာ ထည့်သွင်းထားတာဖြစ်ပါတယ်။ ❖**

ဆိုခဲ့ပါတယ်။ အခုနောက်ဆုံးပေါ် ctDNA ခေါ်တဲ့ သွေးထဲမှာရှိတဲ့ ကင်ဆာဆဲလ်တွေရဲ့ DNA ကို စစ်ဆေးတဲ့ နည်းပညာဟာ သုတေသနနယ်ပယ်ကနေ ဈေးကွက်ထဲကို တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်အောင် ရောက်ရှိလာပြီဖြစ်ပါတယ်။ ctDNA နည်းပညာဟာ ကင်ဆာအဖုအကျိတ်ရယ်လို့တော့ ခန္ဓာကိုယ်မှာ မပေါ်လာသေးပါဘူး။ သို့ပေမဲ့ ကင်ဆာဆဲလ်တစ်လုံး၊ နှစ်လုံးစပြန်ပေါ်လာချိန်မှာ အဲဒီကင်ဆာဆဲလ်တွေထဲက ကြွေကျလာတဲ့ DNA တွေကို စစ်ဆေးခြင်းဖြင့် ကင်ဆာပြန်ပေါ်လာတော့မယ်ဆိုတာကို ကြိုတင်ခန့်မှန်းသိရှိနိုင်တဲ့ နည်းပညာဖြစ်ပါတယ်။

ဒီနေရာမှာ ကင်ဆာရောဂါတွေကို ရောဂါလက္ခဏာတစ်စုံတစ်ရာမပြခင် ကြိုသိတဲ့နေရာမှာ အားနည်းချက်တစ်ခုရှိနေပြန်ပါတယ်။ အဲဒါကတော့ Lead-time bias လို့ခေါ်ကြတဲ့ ကြိုတင်သိရှိခြင်းရဲ့ အားနည်းချက်ပဲဖြစ်ပါတယ်။ အမျိုးသားတွေမှာ ဖြစ်ပွားလေ့ရှိတဲ့ဆီးကျိတ်ကင်ဆာနဲ့ အမျိုးသမီးများမှာ အဖြစ်များတဲ့သိုင်းရွိုက်အကျိတ်ကင်ဆာတွေမှာ ရောဂါလက္ခဏာ တစ်စုံတစ်ရာမပြဘဲ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပွားနေတတ်ပြီး မတော်တဆဆေးစစ်ကြည့်လိုက်မှ သိကြရတာမျိုးဖြစ်ကြပါတယ်။ အဲဒီကင်ဆာအများစုဟာ လူသာသေသွားမယ်၊ တစ်စုံတစ်ရာ ဒုက္ခမပေးဘဲရှိနေတတ်တဲ့ ကင်ဆာမျိုးတွေဖြစ်တော့ ရောဂါကိုစစ်ဆေးတွေ့ရှိလိုက်တာနဲ့ မလိုလားအပ်တဲ့ ကုန်ကျမှု၊ ကုသမှုနဲ့ပင်ပန်း ဆင်းရဲမှုတွေသာ ဖြစ်စေပြီး သက်ဆိုင်ရာလူနာရဲ့ သက်တမ်းကို ရှည်လျားစေမှာမဟုတ်ပါဘူး။

၂၀၂၁ခုနှစ်မှာ ကင်ဆာရောဂါပျောက်ကင်းပြီး လူနာတွေကိုစောင့်ကြည့်စစ်ဆေးတဲ့အုပ်စုနဲ့ စောင့်ကြည့်စစ်ဆေးခြင်းမပြုဘဲထားတဲ့အုပ်စု နှစ်စုခွဲပြီး ဘယ်အုပ်စုက သက်တမ်းပိုရှည်သလဲဆိုတာကို လေ့လာတဲ့ သုတေသန ၁၂ ခုကိုပေါင်းပြီး စစ်တမ်းတစ်ခု ထုတ်ပြန်ခဲ့တာရှိပါတယ်။ အဲဒီ သုတေသန ၁၂ ခုမှာ ရင်သားကင်ဆာကို စစ်ဆေးတဲ့ သုတေသန ခြောက်ခု၊ အူမကြီးကင်ဆာကိုစစ်ဆေးတဲ့ သုတေသနလေးခု၊ အဆုတ်ကင်ဆာကို စစ်ဆေးတာသုတေသနတစ်ခုနဲ့ ဆာကိုးမားအကျိတ်ကင်ဆာကိုစစ်ဆေးတဲ့ သုတေသနတစ်ခုပါဝင်ပါတယ်။ ထူးခြားချက်က အဲဒီသုတေသန ၁၂ ခုလုံးမှာ ကင်ဆာကုသထားပြီး လူနာတွေကို စောင့်ကြည့်စစ်ဆေးခြင်းဖြင့် ပြန်လည်စစ်ဆေးခြင်းမပြုဘဲထားတဲ့ လူနာတွေထက် ပိုမိုသက်တမ်းရှည်လျားသွားစေတာမျိုး မတွေ့ရပါဘူးတဲ့။

သဘောကတော့ ကင်ဆာကုသပြီးလူတွေကို စောင့်ကြည့်စစ်ဆေးနေပြီး ရောဂါလက္ခဏာမပြခင်မှာ ရောဂါပြန်ဖြစ်လာတာကိုတွေ့တာနဲ့ စတင်တဲ့အုပ်စုနဲ့၊ တစ်ဖက်က စောင့်ကြည့်စစ်ဆေးနေတာမျိုးမရှိဘဲ ရောဂါပြန်ပေါ်လာမှ ကုသတဲ့အုပ်စုဘယ်သူကမှ ပိုမိုသာလွန်ကောင်းခြင်း မရှိဘူးဆိုတာကို တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ကင်ဆာပျောက်ကင်းပြီးသူတွေကို စောင့်ကြည့်စစ်ဆေးခြင်းဟာ ကုန်ကျစရိတ် တက်တာကလွဲပြီး ဘာမှအကျိုးမရှိဘူးလားဆိုတဲ့ ငြင်းခုံမှုတွေဖြစ်ပေါ်လာခဲ့ပါတယ်။

သုတေသနတွေက ဘယ်လိုပဲဖြစ်ဖြစ် ကင်ဆာလူနာဟောင်းတွေကို နှစ်စဉ် ကင်ဆာဆဲလ်တွေ၊ သွေးဖောက်ပြီးစစ်ဆေးနေတာတွေဟာ အစဉ်အလာလို ဖြစ်နေပါပြီ။ အချို့ဆို ကင်ဆာလူနာမဟုတ်ပါဘဲနဲ့ ပုံမှန်ဆေးစစ်တဲ့အခါမှာ ကင်ဆာဆဲလ်တွေကို စစ်ဆေးနေကြတာတောင်ရှိပါတယ်။ ဆီးကျိတ်ကင်ဆာနဲ့ သိုင်းရွိုက်အကျိတ်ကင်ဆာလို ကုသပျောက်ကင်းထားတဲ့ ၉၅ ရာခိုင်နှုန်းကျော်လူနာတွေမှာတောင် နှစ်စဉ် PSA ခေါ်တဲ့ ဆီးကျိတ်ကင်ဆာဆဲလ်တွေ၊ သိုင်းရွိုက်အကျိတ်ကင်ဆာဆဲလ်တွေ နောင်နှစ် ၂၀ နေရင်စစ်ဆေးဖို့ အပြည်ပြည်ဆိုင်ရာ ကင်ဆာကုထုံးတွေမှာ ထည့်သွင်းထားတာ ဖြစ်ပါတယ်။

အခုနောက်ပိုင်းပေါ်လာတဲ့ ctDNA ဓာတ်ကို သွေးဖောက်စစ်ဆေးလို့ ကင်ဆာကို စောစီးစွာ ခြေရာခံမိတာတောင်မှ တကယ်တမ်းကင်ဆာလူနာတွေမှာ သက်တမ်းရှည်လျားနိုင်ရေးအကျိုးရှိမလားဆိုတာ တိကျခိုင်မာတဲ့သုတေသနရလဒ်မရှိသေးပါဘူး။ ကင်ဆာကုသပျောက်ကင်းထားပြီး လူနာများကို ပုံမှန်စောင့်ကြည့်စစ်ဆေးတာဟာ ထင်သလောက်အကျိုးမရှိနိုင်မှန်း သိခဲ့ကြရတဲ့အပြင်လူနာအတွက် မလိုလားအပ်တဲ့ အန္တရာယ်တွေဖြစ်ပေါ်စေနိုင်တယ်ဆိုတာကိုပါ ထည့်စဉ်းစားကြရမှာဖြစ်ပါတယ်။ သုံးလတစ်ကြိမ် တီဗီဓာတ်မှန်ရိုက်တာမျိုးက သိပ်အန္တရာယ်မရှိနိုင်ပေမဲ့ ကွန်ပျူတာဓာတ်မှန်၊ သံလိုက်စက်ကွင်းဓာတ်မှန် ပုံမှန်ရိုက်ယူစစ်ဆေးတာမျိုးမှာ ငွေကုန်ကြေးကျများစေတဲ့အပြင် လူနာအတွက် မလိုလားအပ်တဲ့ ဆိုးကျိုးတွေဖြစ်ပေါ်စေနိုင်တယ်။

ဒီတော့ ကင်ဆာကုသအောင်မြင်ထားပြီးရင် ခဏခဏဆေးစစ်မနေနဲ့ ပစ်ထားလိုက်၊ ရောဂါပြန်ပေါ်လာမှကြတဲ့ အုပ်စုတစ်စုပေါ်ထွက်လာပြန်ပါတယ်။ အချို့ကင်ဆာဆရာဝန်တွေကတော့ရောဂါလက္ခဏာမပြဘဲ သွေးထဲမှာ၊ scan တွေထဲမှာပြန်ပေါ်လာတဲ့ကင်ဆာတွေကို ချက်ချင်းတန်းမကုပါဘူး။ ရောဂါဝေဒနာတွေပေါ်လာပြီဆိုတော့မှ ချင့်ချိန်ဆွေးနွေးဆုံးဖြတ်ပြီးမှ ကုသမှုကို ပြန်လည်စတင်ပါတယ်။ ကင်ဆာကို ပြန်ကုပြီဆိုတာနဲ့ လူအား၊ ငွေအား၊ စိတ်အား ပင်ပန်းကြတော့မှာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံတစ်နိုင်ငံထဲမှာပဲ ကင်ဆာကိုကုသအောင်မြင်ပြီး စောင့်ကြည့်စစ်ဆေးမှုခံယူနေကြတဲ့ လူနာ ၁၈ သန်းရှိပါတယ်။

ကင်ဆာကို စောင့်ကြည့်စစ်ဆေးခြင်းဖြင့် ကင်ဆာပြန်ဖြစ်တာကို စောစောစီးစီးသိတာတော့ မှန်ပါတယ်။ စောစောသိ၊ စောစောပြန်ကုလို့ လူနာ အသက်ပိုရှည်မလားဆိုတာတော့ မသေချာပါဘူး။ ဒီတော့ကင်ဆာကို စောင့်ကြည့်စစ်ဆေးတာဟာ မကောင်းတဲ့သတင်းကို စောစောသိစေတာကလွဲလို့ အခြားအကျိုးမရှိဘူးလို့တောင် အချို့က ဆိုကြပါတယ်။

ကင်ဆာကုသအောင်မြင်ထားပြီးသူ လူနာတစ်ယောက်၊ ဥပမာ-ရင်သားကင်ဆာဆိုပါတော့။ အဆုတ်မှာ၊ အသည်းမှာ အကျိတ်တစ်ခုပေါ်လာတာကို scan မှာတွေ့မယ်ဆိုရင် အဲဒီအကျိတ်ကိုဖြတ်ထုတ်ရမလား၊ ကင်ဆာဆေးသွင်းပြီး ကုရမလားစဉ်းစားရပါပြီ။ ရောဂါလက္ခဏာတစ်စုံတစ်ရာမရှိဘဲ ဆေးကုသမယ်ဆိုရင် ပိုပြီးကောင်းမွန်တဲ့ ရလဒ်ထွက်မယ်ဆိုတဲ့ သက်သေအထောက်အထားမရှိသေးဘူးလို့ သုတေသနတွေက ဆိုထားတာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရင်တော့ ကင်ဆာကို ကုသအောင်မြင်ထားတဲ့ လူနာတွေတစ်စတစ်စများလာပါပြီ။ တစ်ကျော့ပြန်ကင်ဆာကို စောင့်ကြည့်စစ်ဆေးနေရသူတွေလဲ ပိုပိုများလာပါပြီ။ ဒီလိုစောင့်ကြည့်စစ်ဆေးဖို့မလိုအပ်ပါဘူးလို့တော့ မပြောအပ်ပေမဲ့ လူနာတစ်ယောက်ချင်းစီရဲ့ အခြေအနေအပေါ် မူတည်ပြီးလိုအပ်တဲ့ စောင့်ကြည့်စစ်ဆေးမှုတွေ ပြုလုပ်သင့်ပါတယ်။ တစ်ကျော့ပြန်ကင်ဆာကို ပြန်တွေ့ပြီဆိုရင်လဲ ရောဂါလက္ခဏာမပြသေးဘူးဆိုရင် သေချာအောင် ထပ်မံစစ်ဆေးဖို့လိုအပ်သလို စစ်ဆေးရမှာလဲ မလိုလားအပ်တဲ့ ကုန်ကျမှုတွေ မဖြစ်ရအောင်၊ အန္တရာယ်တွေမဖြစ်ရအောင် မိမိရဲ့ ကင်ဆာဆရာဝန်ကြီးတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး ပြုလုပ်ရမှာဖြစ်ပါတယ်။ ကင်ဆာပြန်ဖြစ်တာသေချာနေပြီဆိုတော့မှ ကင်ဆာကုသမှုတွေကို ချက်ချင်းပြန်လည်စတင်ပြီး ပြုလုပ်သင့်၊ မသင့်ချိန်ဆပြီး ကုသကြရမှာဖြစ်ပါတယ်။

**ကိုးကား**

- Routine Surveillance for Cancer Metastases
- Does It Helpor Harm Patients? from NEJM

**ဒေါက်တာလှမ်းမိုးဟန်**

# ခေတ်မီဒုံးကျည်တည်ဆောက်ရန် ကြိုးပမ်းနေသော သြစတြေးလျနိုင်ငံ

သြစတြေးလျနိုင်ငံသည် လက်ရှိအချိန်တွင် ခေတ်မီ ဒုံးကျည်တည်ဆောက်နိုင်ရန် အသည်းအသန်ကြိုးပမ်းလျက်ရှိသည်။ တရုတ်ရေတပ်က သြစတြေးလျမြို့ကြီးများ အနီးအနားရှိ Tasman ပင်လယ်ပြင် အနောက်ဘက်ကမ်းခြေ၌ ကျည်စစ်ကျည်မှန်များဖြင့် စစ်ရေးလေ့ကျင့်ခန်းပြုလုပ်ပြီးနောက်ပိုင်း သြစတြေးလျနိုင်ငံ၏ ဒုံးကျည်တည်ဆောက်ရေး အစီအစဉ်ပေါ်ထွက်လာခြင်းဖြစ်သည်။

လက်တွေ့ တိုက်ပွဲဝင်မှုအခြေအနေ ထိန်းသိမ်းထားနိုင်မှုကို စမ်းသပ်သည့်တရုတ်နိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုသည် သြစတြေးလျကမ်းခြေများအနီး၌ ရေတပ်ဆိုင်ရာ ဖြန့်ကြက်မှုများ လုပ်ဆောင်သည့်အချိန်၌ ဒေသတွင်း အရပ်ဘက်လေကြောင်းပျံသန်းမှုများ နှောင့်နှေးခဲ့ရသည်။ ထို့ကြောင့် သြစတြေးလျနိုင်ငံသည် တရုတ်နိုင်ငံနှင့် စပ်လျဉ်း၍ စစ်ဘက်အဆင့်မြှင့်တင်မှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသည်။ အထူးသဖြင့် ၎င်း၏တပ်ဖွဲ့များကို အဆင့်မြင့်တာဝေးပစ် သင်္ဘောဖျက် ဒုံးကျည်များ တပ်ဆင်ရန် စီစဉ်ထားရှိသည်။

သြစတြေးလျနိုင်ငံသည် နော်ဝေနိုင်ငံ ကွန်ဘာ့ဂ်မြို့မှ ထုတ်လုပ်သော ရေတပ်ဆိုင်ရာ တိုက်ခိုက်ရေးဒုံးကျည် (NSM)နှင့် အမေရိကန်နိုင်ငံအခြေစိုက် လော့ခ်ဟိဒ်မာတင်ကုမ္ပဏီထုတ် တိကျတိုက်ခိုက်ရေး ဒုံးကျည်(PrSM) အပါအဝင် ဒုံးကျည်စနစ်နှစ်မျိုးကိုဆန်းစစ်အကဲဖြတ်လျက်ရှိပြီး ၂၀၂၅ ခုနှစ်နှောင်းပိုင်း တွင် အပြီးသတ်ရွေးချယ်နိုင်ရန် မျှော်မှန်း ထားရှိသည်။

လှုပ်ရှား စစ်ကစားမှု မြင့်မားသည့် အမြောက်ရော့ကတ်စနစ် (HIMRS) ရွေ့လျား ပစ်လွှတ်ရေးစင်များ၌ တပ်ဖြန့်ချထားနိုင်သော PrSM သည် ကီလိုမီတာ ၅၀၀ ထိ ရောက်ရှိ ပစ်ခတ်နိုင်သည်။ ၎င်းဒုံးကျည်သည် အဆင့်မြှင့်တင်တည်ဆောက်ပြီးချိန်၌ ကီလိုမီတာ ၁၀၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်မည်ဖြစ်သည်။ သြစတြေးလျနိုင်ငံသည် (HIMRS) ၄၂ စင်း မှာယူထားရှိပြီး ၂၀၂၆-၂၀၂၇ ခုနှစ်တွင် အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါဒုံးကျည် အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းစဉ်သည် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး မသေချာမရေရာမှုများ ဖြေရှင်းနိုင်ရေးဆိုသည့် သြစတြေးလျနိုင်ငံ၏ ကျယ်ပြန့်သော မဟာဗျူဟာမျှော်မှန်းချက်နှင့် ကိုက်ညီလျက်ရှိသည်။ လာမည့် ဆယ်စုနှစ်ကျော်ကာလအတွင်း သြစတြေးလျနိုင်ငံသည် နည်းပညာနှင့် တာဝေးပစ်တိုက်ခိုက်ရေးစွမ်းဆောင်ရည် ပိုင်ဆိုင်ရေးရည်မှန်းကာ ဒုံးကျည်ထုတ်လုပ်မှုတွင် အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံရင်းနှီးမြှုပ်နှံသွားရန် စီမံကိန်းရေးဆွဲထားရှိသည်။ ကုန်းမြေအခြေစိုက် ရွေ့လျားဒုံးကျည်စနစ်များသည် ကုန်ကျစရိတ်သက်သာပြီး ခေတ်နှင့်လိုက်လျောညီထွေဟန့်တားနိုင်ကြောင်းကာကွယ်ရေးဆိုင်ရာကျွမ်းကျင်သူများက အရိပ်အမြွက်ပြောဆိုလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် သြစတြေးလျနိုင်ငံ၌ ပြုလုပ်ခဲ့သော တရုတ်၏ ရေတပ်စစ်ရေးလေ့ကျင့်ခန်းသည် သြစတြေးလျ၏ ၂၀၂၄ ခုနှစ်အမျိုးသားကာကွယ်ရေး မဟာဗျူဟာအပေါ် သွေးတိုးစမ်းလျက်ရှိသည်။ ၎င်းမဟာဗျူဟာသည် ခြိမ်းခြောက်မှုများကို ဟန့်တားရန်နှင့် အမျိုးသားလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် တာဝေးပစ်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို အလေးထားသော ထိရောက်မှုရှိသည့် အာဏာဖြန့်ကြက်သော စစ်အခြေခံသဘောတရားကို အလေးထားသောဗျူဟာဖြစ်သည်။

၎င်းမဟာဗျူဟာအရ သြစတြေးလျကာကွယ်ရေးတပ်ဖွဲ့ (ADF) ကို ၎င်း၏ ပိုင်နက်ကိုကျော်လွန်၍ အာဏာဖြန့်ကြက်နိုင်သည့် ပူးပေါင်းတပ်ဖွဲ့အဖြစ်သို့ ပြန်လည် ပုံဖော်တည်ဆောက်လျက်ရှိသည်။ ရေပြင်မှတာဝေးပစ်စစ်ရေယာဉ်များနှင့် မြေပြင်ပစ်ဒုံးကျည်စနစ်များသည် ၎င်းမဟာဗျူဟာ၏ ဗဟိုချက်မပင်ဖြစ်သည်။

သို့သော် သြစတြေးလျ၏ရေတပ်နှင့် ကြည်းတပ် တာဝေးပစ် တိုက်ခိုက်ရေးစွမ်းဆောင်ရည်များသည် လက်ရှိအချိန်တွင် စွမ်းဆောင်ရည်ကင်းမဲ့ လျက်ရှိသည်။ သြစတြေးလျနိုင်ငံသည် ၂၀၂၄ ခုနှစ်ဒီဇင်ဘာလတွင် HMAS Brisbane ဖျက်သင်္ဘောပေါ်မှ ကီလိုမီတာ ၂၅၀၀ ရောက်ရှိနိုင်သည့်အမေရိကန်ထုတ် Tomahawk ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ခဲ့ပြီး ၎င်းဒုံးကျည်အစင်း ၂၀၀ ဝယ်ယူရန်စီစဉ်ထားရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။



ခေတ်မီ KD-21 ဒုံးကျည်ကို တွေ့ရစဉ်။

Tomahawk သည် ပြိုင်ဘက်ကင်းဒုံးကျည်ဖြစ်သော်လည်း သြစတြေးလျနိုင်ငံတွင် ဒုံးကျည်များ သယ်ဆောင်နိုင်သည့် သင်္ဘောများ အလုံအလောက် မရှိသေးပေ။ သြစတြေးလျနိုင်ငံ၏ Hobart အတန်းအစား ဖျက်သင်္ဘောသုံးစီးသည် ထောင်လိုက်ပစ်လွှတ်ရေး စနစ် (VLS) ၄၈ ခုသာပါရှိပြီး တရုတ်၏ Type 055 သင်္ဘောတွင် VLS ၁၁၂ ခု ပါဝင်သည်။ သြစတေးလျနိုင်ငံ၏ အသစ်တည်ဆောက်သွားမည့် Hunter အတန်းအစား ဖရီးဂိတ် ခြောက်စင်းမှာလည်း VLS ၃၂ ခု သာပါရှိပြီး ၂၀၃၀ ပြည့်လွန်နှစ်များထိ တာဝန် ထမ်းဆောင်နိုင်ဦးမည်မဟုတ်ချေ။ ဆိုရလျှင် ကီလိုမီတာ ၅၀၀ ခန့်သာရောက်ရှိပြီး တာတိုပစ်ဒုံးကျည်များဖြစ်သည့် NSM နှင့် မျိုးဆက်သစ် PrSM တို့သည် ဟန့်တားမှုစွမ်းဆောင်ရည်ထက် နယ်မြေဝင်ရောက်လာမှုကို ပိတ်ပင်ခြင်းအတွက်သာ ပိုမိုသင့်လျော်မှုရှိမည်ဖြစ်သည်။

ဟန့်တားမှုစွမ်းဆောင်ရည်အတွက် တာဝေးပစ်ဒုံးကျည်များကို မှီခိုအားထားခြင်းသည် NSM ဒုံးကျည်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ သုံးသန်းရှိပြီး PrSM ဒုံးကျည်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းရှိသောကြောင့် ရေရှည်တွင် ငွေကြေးတတ်နိုင်မည်မဟုတ်ချေ။ သြစတြေးလျ၏ကာကွယ်ရေးစက်မှုလုပ်ငန်းအနေဖြင့်လည်း ၎င်းဒုံးကျည်များစဉ်ဆက် မပြတ်ထုတ်လုပ်နိုင်ရေးအတွက် ၁၀ နှစ်ခန့် အချိန်ယူရဦးမည်ဖြစ်သည်။ သြစတြေးလျနိုင်ငံအနေဖြင့် ဟန့်တားမှုနှင့် နယ်မြေပိတ်ပင်မှုတို့ကို ရှင်းရှင်းလင်းလင်းသိရှိထားရန် လိုအပ်ပေသည်။ နယ်မြေပိတ်ပင်မှုသည် စစ်ရေးဆိုင်ရာကိစ္စဖြစ်ပြီး ဟန့်တားမှုသည် နိုင်ငံရေးဆိုင်ရာကိစ္စပင်ဖြစ်သည်။ နယ်မြေပိတ်ပင်မှုနှင့် ဟန့်တားမှုတို့ကို တစ်ခုတည်း ပေါင်းစည်းခြင်းသည် မှားယွင်းသောယူဆချက်ပင်ဖြစ်သည်။

သြစတြေးလျနိုင်ငံအနေဖြင့် တာဝေးတိုက်ခိုက်မှုများအတွက် F-35A ကိုယ်ပျောက် တိုက်လေယာဉ်များကို အသုံးပြုနိုင်သော်လည်း ၎င်းလေယာဉ်သည် ကီလိုမီတာ ၁၆၀၀ သာ ပျံသန်းနိုင်သောကြောင့် တာဝေးစွမ်းဆောင်ရည်များ ကင်းမဲ့လျက်ရှိသည်။ တောင်တရုတ်ပင်လယ်ရှိ သြစတြေးလျ၏ F-35As များသည် တရုတ်နိုင်ငံ၏ တာဝေးပစ်ဒုံးကျည်များ၏ ခြိမ်းခြောက်မှုခံရမည့် ဆီဖြည့်လေယာဉ်များအပေါ် မှီခိုသွားရဖွယ်ရှိနေသည်။

အခြားနည်းလမ်းတစ်ခုအနေဖြင့် သြစတြေးလျနိုင်ငံသည် ဖိလစ်ပိုင်ကဲ့သို့သော မိတ်ဖက်နိုင်ငံများ၏ ရှေ့တန်းအခြေစိုက်စခန်းများကို အသုံးပြုသွားနိုင်မည်ဖြစ်သည်။ သို့သော် အဆိုပါစစ်အခြေစိုက်စခန်းများသည် တရုတ်ဒုံးကျည်များ ရောက်ရှိနိုင်မှုအကွာအဝေးအတွင်းသာရှိနေသည်။ တာဝေးပစ်ဒုံးကျည်များ တပ်ဆင်ထားသော သြစတြေးလျ၏ F-35As တိုက်လေယာဉ် အနည်းငယ်သည် တရုတ်နှင့် ယှဉ်ပြိုင်ရာတွင် ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

**❖သြစတြေးလျနိုင်ငံအနေဖြင့် တာဝေးတိုက်ခိုက်မှုများအတွက် F-35A ကိုယ်ပျောက်တိုက်လေယာဉ်များကို အသုံးပြုနိုင်သော်လည်း ၎င်းလေယာဉ်သည် ကီလိုမီတာ ၁၆၀၀ သာ ပျံသန်းနိုင်သောကြောင့် တာဝေးစွမ်းဆောင်ရည်များ ကင်းမဲ့လျက်ရှိသည်။ တောင်တရုတ်ပင်လယ်ရှိ သြစတြေးလျ၏ F-35As များသည် တရုတ်နိုင်ငံ၏ တာဝေးပစ်ဒုံးကျည်များ၏ ခြိမ်းခြောက်မှုခံရမည့် ဆီဖြည့်လေယာဉ်များအပေါ် မှီခိုသွားရဖွယ်ရှိနေသည်။ ❖**

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏မြေပေါ်မှနေ၍ တတိယနိုင်ငံကို ထိုးစစ်ဆင်ရန် ခွင့်ပြုပေးခြင်းသည် မဖြစ်နိုင်သောကိစ္စပင်ဖြစ်သည်။ အထူးသဖြင့် ၎င်း၏ ကျွန်းများပေါ်မှ တရုတ်နိုင်ငံကို တိုက်ခိုက်ရန် အမေရိကန် သို့မဟုတ် သြစတြေးလျနိုင်ငံကို ခွင့်ပြုပေးသွားရန် အလားအလာနည်းပါးလျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏မြေပေါ်မှတိုက်ခိုက်ခွင့်ပြုခြင်းအားဖြင့် အိမ်နီးချင်းတရုတ်နိုင်ငံကို ရေရှည်ရန်သူအဖြစ်သို့ ပြောင်းလဲသည်ထိ စွန့်စားမှုလုပ်မည်မဟုတ်ချေ။

ထို့ကြောင့် ထိရောက်မှုရှိသော သြစတြေးလျနိုင်ငံ၏ စစ်အခြေခံသဘောတရားသည် အပြစ်အနာအဆာရှိသော ယူဆချက်အပေါ်တွင် တည်မှီလျက်ရှိသည်။ အကြောင်းမှုကား သြစတြေးလျနိုင်ငံသည် ဒေသတွင်း ဘက်မလိုက်မှု ရပ်တည်ချက်ကို လျစ်လျူရှုနေသောကြောင့်ပင်ဖြစ်သည်။ သြစတြေးလျ၏ မဟာဗျူဟာသည် ၎င်း၏ အဆင့်မြင့်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များအတွက် ဒေသတွင်းသဘောတူညီမှုရရှိမည်ဟု ယူဆထားဖွယ်ရာ ရှိနေသည်။ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချုပ် (TAC) ကိုအခြေခံထားသည့် အာဆီယံ၏ ကာလရှည်ကြာ ကြားနေရေးဝါဒဆွဲကိုင်ထားခြင်းသည် သြစတြေးလျ၏ ယူဆချက်အပေါ်စိန်ခေါ်မှုဖြစ်ပေါ်စေသည်။

အာဆီယံ၏ကြားနေရေးဝါဒသည်လေယာဉ်များဖြတ်ကျော်ပျံသန်းခွင့်များကို ငြင်းဆိုခြင်းအပါအဝင် သြစတြေးလျ၏ နိုင်ငံတွင်းလုံခြုံရေးကို အင်အားချည့်နဲ့စေမည်ဖြစ်သည်။ ထို့ကြောင့် သြစတြေးလျနိုင်ငံ၏ လက်တွေ့အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များကို ချည့်နဲ့စေလျက်ရှိသည်။ သာဓကအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ဝေဟင်နှင့် စပ်လျဉ်း၍ တင်းမာသောအမျိုးသားရေးဝါဒရှိသောကြောင့် ဒေသတွင်းလွတ်လပ်စွာ လေကြောင်းပျံသန်းခွင့်၌ ပူးပေါင်းပါဝင်ရန် ငြင်းဆန်သွားမည်ဖြစ်သည်။

လေယာဉ်ဖြတ်ကျော်ပျံသန်းခွင့်နှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရေးအတွက် အမေရိကန်နှင့် သြစတြေးလျတို့ကို ၎င်း၏ဝေဟင်ပိုင်နက်ကို အသုံးပြုခွင့်ပေးသွားမည်ဆိုလျှင် တရုတ်နိုင်ငံ၏ လက်တုံ့ပြန်မှုနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

ထို့ပြင် သြစတြေးလျနိုင်ငံသည် ဒေသတွင်း မိတ်ဖက်များနှင့် ထိတွေ့ဆက်ဆံမှုမရှိဘဲဗြိတိန်၊ အမေရိကန်တို့နှင့် သုံးနိုင်ငံမဟာမိတ် (AUKUS) ဖွဲ့စည်းထားခြင်းသည်လည်း ဒေသတွင်း၌ ယုံကြည်မှုပိုမိုပျောက်ဆုံးလာလျက်ရှိသည်။ ဒေသတွင်း ကြားနေရေးဝါဒသည် သြစတြေးလျ၏ ကာကွယ်ရေးစီမံကိန်းအပေါ် အဟန့်အတားဖြစ်မည်ဆိုလျှင် မဟာဗျူဟာမြောက် မှားယွင်းတွက်ချက်မှုသည် အန္တရာယ်ရှိလာနိုင်သဖြင့် အာဏာဖြန့်ကြက်ရန် ကြိုးပမ်းသည်ထက် ပိုမိုထိရောက်သော ထိတွေ့ဆက်ဆံမှုလုပ်ဆောင်ရန် လိုအပ်ကြောင်းကို မီးမောင်းထိုးပြသလျက်ရှိသည်။

**ကိုးကား**

- **China's KD-21 missile puts US carriers and bases at range by Asia Times.**

**ဝင်းဇင်(သုတေသန)**

# ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ် စတာဂီယန်ကောင်တီကို ပြည်နယ်အဆင့် တောမီးအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်



အော့တဝါ မေ ၅

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ် စတာဂီယန်ကောင်တီတွင် မေ ၂ ရက်က စတင်လောင်ကျွမ်းခဲ့သော တောမီးအရှိန်မြင့်ထန်လာကာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေသည့်အတွက် မေ ၄ ရက်မှစ၍ ပြည်နယ်အဆင့် တောမီးအန္တရာယ်အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ကြောင်း အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကူးစက်လောင်ကျွမ်းမှုသည် Range Road 205 မှ Township Road 574 လမ်းထိ တောက်လျှောက် ကူးစက်လောင်ကျွမ်းနေပြီး ၎င်းလမ်းမကြီးများကို ယာယီပိတ်ထားကြောင်း၊ စတာဂီယန်ကောင်တီသည် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၁၁၀ ကျော်ထိ ပျက်စီးနေပြီဖြစ်ပြီး ပျက်စီးသည့်ပမာဏမှာ ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ နှစ်အနည်းငယ်လောက်ကစပြီးတော့ စတာဂီယန်ကောင်တီမှာ တောမီးလောင်ကျွမ်းမှုတွေ စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားတိုင်း ဒေသခံအာဏာပိုင်အဖွဲ့အစည်းက ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်လေ့ရှိတယ်။ လက်ရှိအခြေအနေမှာလဲ ဒေသခံပြည်နယ်အာဏာပိုင်အဖွဲ့အစည်းရဲ့ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုတွေက အားရစရာ ကောင်းပါတယ်"ဟု အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

စတာဂီယွန်ကောင်တီ တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး ပြည်နယ်အဆင့် အရေးပေါ်အခြေအနေဖြစ် သတ်မှတ်ခဲ့ပြီးနောက် ကယ်ဆယ်ရေး ဝန်ထမ်းများက လူဖြန့်ခွဲကာ တစ်အိမ်တက်တစ်အိမ်ဆင်း တောမီးအန္တရာယ်သတိပေးခဲ့ကြောင်း အယ်ဘတ်တာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဂျော်ဒန်နိုင်ငံ ပတ်ထရာဧရိယာတွင် ရေကြီးရေလျှံမှုကြောင့် ပြည်တွင်း၊ ပြည်ပခရီးသည် ဦးရေ ၁၈၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့

အမန် မေ ၅

ဂျော်ဒန်နိုင်ငံ ပက်ထရာဧရိယာတွင် မေ ၄ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုကြောင့် ကမ္ဘာ့လှည့်ခရီးသည် ဦးရေ ၁၈၀၀ ကျော်ကို ကယ်ဆယ်ရေး ဝန်ထမ်းများက ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဂျော်ဒန်အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် ပြည်တွင်း၊ ပြည်ပ ခရီးသည်များကို ကယ်ဆယ်ရေးဝန်ထမ်းများ၏ အစီအစဉ်ဖြင့်သာ ရွှေ့ပြောင်းရန် ညွှန်ကြားထားသည့်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများ၏အကူအညီကို စောင့်ဆိုင်းကာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ကြရကြောင်း သိရသည်။

"ကယ်ဆယ်ရေးဝန်ထမ်းတွေ အနေနဲ့ ပက်ထရာက ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ကြတယ်။ ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ပက်ထရာဧရိယာမှာရှိတဲ့ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်တွေကို လာရောက်ကြည့်ရှုတဲ့ ပြည်တွင်း၊ ပြည်ပခရီးသည် ဦးရေ ၁၈၀၀ ကျော်ကို အရေးပေါ် အခြေအနေနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရတယ်။ ဒေသခံတချို့လဲ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ဒါပေမဲ့ ဒေသခံတွေကတော့ ဒီနေရာနဲ့ ပတ်သက်ပြီး ကောင်းကောင်းသိတဲ့အတွက် မိမိအစီအစဉ်နဲ့ပဲ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ကြပါတယ်"ဟု ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အယ်လ်မမ်လာကာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဝေလနိုင်ငံ၏ အကြီးဆုံးသဘာဝရေကန် ဘာလာရေကန်တွင် အန္တရာယ်ရှိသောရေညှိများကြောင့် သတိပေးချက်ထုတ်ပြန်

ကာဒစ် မေ ၅

ဝေလနိုင်ငံ၏ အကြီးဆုံး သဘာဝရေကန် ဘာလာရေကန်တွင် အန္တရာယ်ရှိသော ရေညှိများကြောင့် ဂွိုင်နက်ကောင်တီအာဏာပိုင်များက ရေညှိသတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။



အာရစ် အမျိုးသားဥယျာဉ်အတွင်းရှိ ဂွိုင်နက်ကောင်တီရှိ ဘာလာရေကန်၏ အစိတ်အပိုင်းများတွင် အန္တရာယ်ရှိသော ရေညှိများတွေ့ရှိပြီးနောက် ရေကန်သို့ လည်ပတ်သည့်အခါ အထူးသတိထားရန် သတိပေးချက်ထုတ်ပြန်ထားပြီး ရေကန်အတွင်းမှ ရေညှိများနှင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရန် အာဏာပိုင်များက ပြည်သူများကို သတိပေးထားကြောင်း သိရသည်။

အဆိုပါ ရေကန်အတွင်းမှ ရေညှိများသည် တိရစ္ဆာန်များအတွက် အလွန်အန္တရာယ်များနိုင်ပြီး ၎င်းရေကန်မှတစ်ဆင့် အနီးရှိ ရေကန်များ၊ စမ်းချောင်းများအတွင်းစီးဆင်းပါက ပို၍အန္တရာယ်များကြောင်း၊ အဆိုပါ ရေညှိများနှင့် တိုက်ရိုက်ထိတွေ့မိပါက အရေပြားနီမြန်းခြင်း၊ ပျို့အန်ခြင်း၊ မျက်စိယားယံခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ကြွက်သားများ သို့မဟုတ် အဆစ်အမျက်နာကျင်ခြင်းများကို ဖြစ်စေနိုင်ကြောင်း ဆေးဝါးကျွမ်းကျင် ပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# မက္ကဆီကိုနိုင်ငံမျိုးရင်း အက်စလော့တယ် ငါးမျိုးစိတ် မျိုးသုဉ်းလုနီးပါးဖြစ်လာသဖြင့် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်

မက္ကဆီကိုစီးတီး မေ ၅

မက္ကဆီကိုနိုင်ငံမျိုးရင်း ကမ္ဘာ့ဦးငါးမျိုးစိတ်ဖြစ်သော အက်စလော့တယ် ငါးမျိုးစိတ်များသည် မျိုးသုဉ်းလုနီးပါး ဖြစ်လာသဖြင့် ထိန်းသိမ်း စောင့်ရှောက်မှုများ ပြုလုပ်နေကြောင်း မက္ကဆီကိုနိုင်ငံ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေထုနှင့် ရေထုညစ်ညမ်းမှု၊ အလွန်အကျွံငါးဖမ်းမှု၊ အပူရှိန်မြင့်တက်လာမှု၊ အစားအစာများ ရှားပါးလာမှုများကြောင့် ကမ္ဘာ့ဦးငါးမျိုးစိတ်ဖြစ်သော အက်စလော့တယ်ငါးများ မျိုးသုဉ်းလုနီးပါးဖြစ်လာကြောင်း၊ လက်ရှိတွင် အက်စလော့တယ် ငါးကောင်ရေသည် ၉၉ ဒသမ ၅ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ကြောင်း မက္ကဆီကိုနိုင်ငံမှ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အက်စလော့တယ် ငါးများသည် မက္ကဆီကိုနိုင်ငံရှိ ရေတိမ်ဒေသတွင်ကျက်စားသည့် ငါးမျိုးစိတ်ဖြစ်သောကြောင့် ဘာ့ဂျာတက္ကသိုလ်မှ သိပ္ပံပညာရှင် ရာမိုစ်ဦးဆောင်သော သိပ္ပံပညာရှင် ၁၈ ဦးသည် ၎င်းငါးမျိုးစိတ်များအတွက် ရေတိမ်ဒေသပုံစံတုနေရာများပြုလုပ်ကာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ အဆိုပါငါးများသည် ၂၀၁၉ ခုနှစ်က နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏ မျိုးသုဉ်းလုနီးပါးမျိုးစိတ်စာရင်းဝင်အဖြစ်သတ်မှတ်ခံခဲ့ရသည်။

အဆိုပါငါးများသည် ၁၉၉၈ ခုနှစ်တွင် ကောင်ရေ ၆၀၀၀ ခန့်ရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၃၆ ကောင်သာ ကျန်ရှိတော့သဖြင့် အချိန်မီ မထိန်းသိမ်းပါက ၂၀၂၅ ခုနှစ်တွင် လုံးပျောက်ကွယ်သွားတော့မည်ဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ပွာတိုရီကိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရ

ဆံဟွားန် မေ ၅

ပွာတိုရီကိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ ယာယီပိတ်ကြောင်း ပွာတိုရီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။


ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့်ဧရိယာတွင် မော်တော်ယာဉ်ဖြတ်သန်းမောင်းနှင်စဉ် သစ်ပင်ကြီးလဲကျရာမှာ လူနှစ်ဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူနှစ်ဦးမှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်ကာ အမျိုးသားမှာ နေရာတွင်သေဆုံးခဲ့ပြီး အမျိုးသမီးမှာ ဆေးရုံသို့ပို့ဆောင်ပြီး အရေးပေါ်အခြေအနေဖြင့် ဆေးကုသမှုခံယူခဲ့သော်လည်း ဆေးရုံရောက်ပြီး မကြာမီတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ရက်သတ္တပတ်နှစ်ပတ်လောက်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့တယ်။ မိုးရွာသွန်းမှုနဲ့ လေတိုက်နှုန်းတွေလဲ မြင့်မားခဲ့တယ်။ ရေဘေးသင့်နေသလို လေတိုက်နှုန်းကြောင့် သစ်ပင်သစ်ကိုင်းကြီးတွေ လဲကျတာတွေ၊ ကျိုးကျတာတွေ ဖြစ်ပေါ်ခဲ့တယ်။ ရေကြီးရေလျှံမှုအပြင် သစ်ကိုင်းတွေကျိုးကျပြီး သစ်ပင်တွေလဲကျတာကြောင့် လမ်းပိတ်ဆို့တာတွေ နေရာအနှံ့အပြားမှာ ဖြစ်ပေါ်နေတယ်။ သစ်ပင်ကြီးတွေ လဲကျမှုကြောင့် လဲကျတဲ့နေရာက မော်တော်ယာဉ်တွေ ပျက်စီးခဲ့ပြီး မော်တော်ယာဉ် မောင်းနှင်လာတဲ့ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် သေဆုံးခဲ့ပါတယ်။ အမျိုးသားကတော့ နေရာမှာတင် သေဆုံးခဲ့ပြီး အမျိုးသမီးကတော့ ဆေးရုံရောက်ပြီးမှ သေဆုံးခဲ့တာဖြစ်ပါတယ်"ဟု ပွာတိုရီကို အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မာရီယိုက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**





## စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်

၁။ လုံခြုံရေး(အမျိုးသား) - (၆) ဦး

၂။ သန့်ရှင်းရေး(အမျိုးသား/အမျိုးသမီး) - (၁၂) ဦး

(က) မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။

( ခ ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အသက် (၅၀)နှစ်ထက်မကြီးရ။

( င ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုမိတ္တူနှင့် ရပ်ကွက်/ ရဲစခန်းထောက်ခံစာ တင်ပြရမည်။

- (၇-၅-၂၀၂၅)နေ့မှ (၁၅-၅-၂၀၂၅)နေ့ ညနေ(၄:၀၀)နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
- အသေးစိတ်သိရှိလိုပါက ဂေါပကရုံးသို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဂေါပကအဖွဲ့

စွယ်တော်မြတ်စေတီတော်(မန္တလေး)

ဖုန်း ၀၉-၇၅၇၇၆၈၄၄၃






### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ပန်းရောင်းကျေးရွာနေ မခင်လေးနွယ် (ဘ) ဦးမကြာချီ(၁၃/လရန(နိုင်)၂၃၄၄၄၆)၏ နိုင်ငံကူးလက်မှတ် အမှတ်(ME-114185)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၂၆၃၁၃၄၆

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ပန်းရောင်းကျေးရွာနေ မနင်းနှင်းခိုင် (ဘ) ဦးမကြာချီ(၁၃/လရန(နိုင်)၂၃၄၄၅၇)၏ နိုင်ငံကူးလက်မှတ် အမှတ်(ME-654813)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၂၆၃၁၃၄၆

### ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့နယ်၊ ကာလိုင်းကျေးရွာနေ ဦးရန်ကွယ်ချန်း (ခ) ဖန်ယု (ဘ) ဦးရန်စင်ဖာ(၁၃/ကခန(နိုင်)၀၃၄၂၀၄)၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၂၃၀၁၁၈၂

### ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ပညာဗိမာန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-2 တွင် ပညာ သင်ကြားခဲ့သော မဆုပြည့်ရတီ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းပီး ဖြစ်ပါကြောင်း။

ဦးစိုင်းပီး(၁၃/နခန(နိုင်)၀၄၅၀၇၉)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံ အားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ် တကူ ကူးစက်ဝင်ရောက်နိုင်သော ကြောင့် ရှောင်ကြဉ်သင့်သည်။




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်...

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမား အကြမ်းဖက်များပင်ဖြစ်...

❖ အခြားဒေသတွင် နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်း မရှိ...

❖ ဥပမာပေးရမည်ဆိုပါက “အရိပ်နေနေ၊ အခက်ချိုးချိုး” ပြုလုပ်နေသူများဖြစ်...

❖ ၎င်းကဲ့သို့ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်စဉ်။

နေပြည်တော် မေ ၅

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာလာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပပြုလုပ်ကြသည်။ **စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

**PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာပြန်လည်ကယ်တင်နိုင်ခဲ့၊ အကြမ်းဖက်သမားခြောက်ဦးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမားသုံးဦးအား အသေဖမ်းဆီးရမိ**

စာမျက်နှာ- ၂၄

**မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ် ၄၃၅၄ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား တစ်ဦး၊ သက်သေခံပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၄

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး
ပုသိမ်သူ
ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
Online Easy Ticket, Go - Auto Ticket

ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး- မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု